# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်၊ ၂၀၀၈ ခုနှစ်၊ စက်တင်ဘာ ၁၆ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၇)၊ အမှတ်(၃၄၇)


## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မက္ကဆီကိုနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၁၆**

၂၀၀၈ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်သော မက္ကဆီကိုပြည်ထောင်စုနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မက္ကဆီကိုပြည်ထောင်စုနိုင်ငံ သမ္မတ မစ္စတာ ဖယ်လိပီ ကာလ်ဒါရွန် ဟီနိုဂျိုစာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

# ရန်ကုန်-ပုသိမ်ကားလမ်း ထိန်းသိမ်းပြင်ဆင်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး လမ်းများ တစ်ပေါက်ပေါက် တစ်ပေါက်ဖာစနစ်ဖြင့် ပြုပြင်ရန် မှာကြား

**နေပြည်တော် စက်တင်ဘာ ၁၅**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ဧရာဝတီတိုင်း ပုသိမ်မြို့သို့ မော်တော်ယာဉ်ဖြင့် သွားရောက်ပြီး ရန်ကုန်-ပုသိမ်ကားလမ်း မိုးရာသီလမ်းပျက်စီးမှုများနှင့် စပ်လျဉ်း၍ ထိန်းသိမ်းပြင်ဆင်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားသည်။

**ကြည့်ရှု**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် နံနက် ၇ နာရီတွင် မော်တော်ယာဉ်များဖြင့် ရန်ကုန်-ပုသိမ်ကားလမ်းအတိုင်း ပုသိမ်မြို့သို့ ထွက်ခွာခဲ့ကြပြီး ရှေးဦးစွာ ခရီးသည်နှင့် ကုန်တင်ယာဉ်ကြီး/ယာဉ်ငယ်များ သွားလာနေမှုများကို ကြည့်ရှုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

**ရန်ကုန်-ပုသိမ်ကားလမ်း ထိန်းသိမ်းပြင်ဆင်**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပန်းတနော်မြို့နယ် ဦးတိုကျေးရွာအနီး၌ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်၏ ရန်ကုန်-ပုသိမ်ကားလမ်း ထိန်းသိမ်းပြင်ဆင်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့

မြန်မာ့အလင်း သတင်းအက်ဆေး

အောင်သုတ ရေးသားသည်



ကမ္ဘာ့အိုဇုန်းလွှာပေါက်နေမှုအနေအထားကို ဂြိုဟ်တုမှ ရိုက်ယူထားသည့် ပုံရိပ်အား ဤသို့ တွေ့ရသည်။

**ရန်ကုန် စက်တင်ဘာ ၁၅**

လူသားတို့အား နေမှကျရောက်လာမည့် ခရမ်းလွန်ရောင်ခြည် အန္တရာယ်မှ ထီးသဖွယ် မိုးကာပေးထားသော လေထုလွှာတစ်ခုမှာ အိုဇုန်းလွှာ (Ozone Layer) ဖြစ်သည်။ လူ၊ တိရစ္ဆာန်များနှင့် အပင်များ ရှင်သန်ရေးတွင် အရေးပါသည့် အိုဇုန်းလွှာကို ကမ္ဘာ့လူသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရန် တိုက်တွန်းနှိုးဆော်သည့်အနေဖြင့် စက်တင်ဘာ ၁၆ရက်ကို "**အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့**" (International Ozone Day)အဖြစ် သတ်မှတ်ထားသည်။

စာမျက်နှာ ၃ ကော်လံ ၃ ■

## ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ လျှောက်လွှာပုံစံများ စတင်ရောင်းချမည်

**နေပြည်တော် စက်တင်ဘာ ၁၅**

၂၀၀၉ ခုနှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့်စပ်လျဉ်း၍ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား တက္ကသိုလ်ဝင်စာမေးပွဲဝင်ခွင့် လျှောက်လွှာပုံစံများကို မြန်မာနိုင်ငံစာစစ်အဖွဲ့ရုံး၌ ၂၀၀၈ခုနှစ် အောက်တိုဘာ ၁ ရက်မှစတင်၍ သတ်မှတ်ထားသောနှုန်းထားဖြင့် ရောင်းချပေးမည်ဖြစ်သည်။

**အရောင်နှစ်မျိုး**

စာမေးပွဲဝင်ခွင့်လျှောက်လွှာတင်သွင်းရာ၌ ဘာသာတွဲအမှတ်စဉ် (၁)၊(၅)၊(၆)၊(၇)၊(၈)များဖြင့် ဖြေဆိုမည့်သူများအတွက် အစိမ်းရောင်ဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့် လည်းကောင်း၊ ဘာသာတွဲအမှတ်စဉ်(၂)၊ (၃)၊ (၄)များဖြင့် ဖြေဆိုမည့်သူများအတွက် ပန်းရောင်ဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့် လည်းကောင်း တင်သွင်းရန် အရောင်နှစ်မျိုး ခွဲခြားသတ်မှတ်ထားသည်။ စာမျက်နှာ ၃ ကော်လံ ၅ ●

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် စက်တင်ဘာ ၁၆ ရက်)

# လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မြေလွတ်မြေလပ်များဖော်ထုတ် လုပ်ငန်းရှင်များ၊ ဒေသခံတောင်သူများ တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်၍ နိုင်ငံလူဦးရေအများစုသည် ကျေးလက်ဒေသ၌ နေထိုင်ကြပြီး လယ်ယာလုပ်ငန်း လုပ်ကိုင်ကြသူများဖြစ်ကြသည်။

နိုင်ငံလူဦးရေ တိုးပွားလာသည်နှင့်အမျှ ပြည်သူတို့၏စားသုံးမှုအတွက် တိုးမြှင့်ထုတ်လုပ်ရမည်ဖြစ်ပေရာ နိုင်ငံအတွင်း မြေလွတ်မြေလပ်များတွင် စိုက်ပျိုးလုပ်ကိုင်နိုင်ရန် နိုင်ငံတော်မှ စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

မြေလွတ်မြေလပ်များ ဖော်ထုတ်မှုနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်း ဒဂုံမြို့သစ်ဒေသ စိုက်ပျိုးရေးအထူးဇုန်ဖော်ထုတ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၃ရက်က ရန်ကုန်တိုင်း စစ်ဌာနချုပ်၌ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံတွင် စပါးစိုက်ပျိုးနိုင်သည့် လယ်မြေများရှိသကဲ့သို့ စိုက်ပျိုးနိုင်သည့် လုပ်အားရှင်များလည်း ရှိသည်။ စိုက်ပျိုးနိုင်သည့်မြေများမှ မြေလွတ်မြေလပ်များရှိသည့် ရန်ကုန်တိုင်း ဒဂုံမြို့သစ်မြို့နယ်၌ အနည်းဆုံးဧကကွက်များကို ပြုပြင်ပြီး တစ်ဆက်တစ်စပ်တည်းရှိသည့် ခေတ်မီ စိုက်ပျိုးနည်းစနစ်များအတိုင်း စိုက်ပျိုးကြရန်ဖြစ်ပေသည်။

မြေလွတ်မြေလပ်များ၌ စပါးအထွက်တိုးစေရေးအတွက်နှင့် နည်းစနစ်များပြောင်းလဲကာ အထွက်တိုးစပါး စိုက်ပျိုးခြင်း၊ စက်ကိရိယာများ အသုံးပြုစိုက်ပျိုးခြင်း၊ စိုက်နည်းစနစ်များ မှန်ကန်ခြင်းတို့ကို စနစ်တကျ စီမံဆောင်ရွက်သွားကြရမည်ဖြစ်သည်။

နိုင်ငံတော်က လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် မြေလွတ်မြေလပ်များဖော်ထုတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ ဒေသခံတောင်သူလယ်သမားများအပိုင်းကလည်း တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မိုးသောက်ကြယ် အထွေထွေဗဟုသုတ စာအုပ်ထွက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၅

ဗိုလ်ကြီးလှရွှေ(ငြိမ်း) ရေးသားပြုစုသည့် မိုးသောက်ကြယ် အထွေထွေဗဟုသုတစာအုပ် ၂၀၀၈–၂၀၀၉ ထွက်ရှိလာသည်။ (ဝဲပုံ)

အဆိုပါစာအုပ်သည် ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးစာမေးပွဲ ဖြေဆိုမည့်သူများ အပါအဝင် ဗဟုသုတလေ့လာလိုက်စားသူ အားလုံးအတွက် ပြုစုထားခြင်းဖြစ်သည်။

ယင်းစာအုပ်တွင် စာမျက်နှာ ၃၀၀ ကျော်၊ အခန်းရှစ်ခန်းပါဝင်ပြီး မျက်မှောက်ရေးရာသိမှတ်ဖွယ်ရာများ၊ တပ်မတော်ကဏ္ဍ၊ ပြည်ပဗဟုသုတ၊ ပြည်တွင်းဗဟုသုတ၊ ကျန်းမာရေးကဏ္ဍ၊ ဘာသာရေးကဏ္ဍ၊ မြန်မာနှင့်အာဆီယံ၊ စာပဒေသာ ဟူ၍ ပါရှိကာ ရွှေမိသားစုစာပေမှ ဖြန့်ချိကြောင်းနှင့် ဖုန်း–၆၃၆၈၈၅သို့ ဆက်သွယ်မှာကြားနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား

၁၆–၉–၂၀၀၈ (အင်္ဂါနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ | **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်** |
| ၇း၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | အမျိုးသားရေးတေးကဗျာ |
| ၄း၁၅ | ၄။ | ချိုမြလက်သံငြိမ့်ညောင်းဟန် |
| ၄း၂၅ | ၅။ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၄း၄၀ | ၆။ | **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်** |
| ၄း၅၅ | ၇။ | မျိုးချစ်တပ်မတော် |
| ၅း၀၀ | ၈။ | မြန်မာစာမြန်မာစကား |
| ၅း၂၀ | ၉။ | မြန်မာသံစဉ်ချိုနားဝင် |
| ၅း၃၀ | ၁၀။ | မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ |
| ၅း၄၀ | ၁၁။ | တိုင်းကျိုးပြည်ပြု တည်ထောင်မှု |
| ၅း၅၀ | ၁၂။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၁၃။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၄။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၅။ | အမျိုးသားရေးတေးကဗျာ |
| ၆း၂၅ | ၁၆။ | ဝတ်စားဆင်ယင်လှစေချင် |
| ၆း၄၅ | ၁၇။ | လျှပ်တစ်ပြက် |
| ၇း၀၀ | ၁၈။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စံပါပဲ** (အပိုင်း–၁၆) |
| ၈း၀၀ | ၁၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၂၀။ | မိုးလေဝသသတင်း |
| | ၂၁။ | အမျိုးသားရေးတေးကဗျာ |
| | ၂၂။ | မွေးမြူသုတ |
| | ၂၃။ | ဗွီစီဒီကျော်ကြားတေးများ |
| | ၂၄။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၅။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်ခြင်းရဲ့နောက်ကွယ်** (အပိုင်း–၂၄) |

## မရမ်းကုန်းမြို့နယ် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကျင်းပ

### ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်

ရန်ကုန် စက်တင်ဘာ ၁၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် ယမန်နေ့ ညနေ ၄နာရီက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်း၌ ကျင်းပသည့် မရမ်းကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးသို့တက်ရောက်၍ အမှာစကားပြောကြားသည်။

**ဂုဏ်ပြုဆုပေးအပ်**

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူးရရှိသူနှစ်ဦး(**ယာပုံ**)၊ ငါးဘာသာဂုဏ်ထူးရရှိသူတစ်ဦး၊ လေးဘာသာဂုဏ်ထူးရရှိသူနှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူတစ်ဦး၊ လေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများနှင့် မရမ်းကုန်းမြို့နယ်အတွင်း မှုခင်းဖြစ်ရပ်တွင် ဖော်ထုတ်ပေးနိုင်ခဲ့သော မြို့နယ် အလုပ်အမှုဆောင်နှစ်ဦးတို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကာ ဒုတိယပိုင်း အခမ်းအနား အစီအစဉ်များကို ဆက်လက်ကျင်းပသည်။ (သတင်းစဉ်)

## မော်လမြိုင်မြို့နယ် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၅

**မော်လမြိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈)ကို စက်တင်ဘာ ၆ရက်က မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ မော်လမြိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းက အမှာစကားပြောကြားသည်။**

**ဆုချီးမြှင့်**

ဆက်လက်၍ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံး ပထမဆုရ အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်း၊ဒုတိယဆုရ အမှတ်(၉) အခြေခံပညာ အထက်တန်းကျောင်း၊ တတိယဆုရ ရွှေနတ်တောင် အခြေခံပညာ အထက်တန်းကျောင်းတို့နှင့် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ခြောက်ဘာသာ ဂုဏ်ထူးရှင်ခုနစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၄ဦးတို့အား အသင်းနာယက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်း၊ မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသန့်ဇင်၊ မော်လမြိုင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးလွင်မိုး၊ မော်လမြိုင်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာလှဦးတို့က ဆုများ ချီးမြှင့်ပေးအပ်ကြသည်။

**ပေးအပ်လှူဒါန်း**

ယင်းနောက် အလှူရှင် ၁၀ဦးတို့က မော်လမြိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ ငွေကျပ် ၇၄၀၀၀၀ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။

**ဆက်လက်ကျင်းပ**

ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ အလုပ်အမှုဆောင်အဖွဲ့၏ တစ်နှစ်တာလုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာတင်သွင်းခြင်း၊ အစီရင်ခံစာအပေါ် ဆွေးနွေးအကြံပြုခြင်း၊ တင်ပြချက်အပေါ် ရှင်းလင်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြပြီး သဘာပတိ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာလှဦးက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

## ရဲချုပ် တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်

မုံရွာ စက်တင်ဘာ ၁၅

(၃၇)ကြိမ်မြောက်ရဲချုပ်တံခွန်စိုက်ဒိုင်း (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၉ရက် နံနက် ၈နာရီက မုံရွာမြို့ ပြည်သူ့အားကစားကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တတိယဆုရ ဧရာဝတီတိုင်း အမျိုးသားဘော်လီဘောအသင်းအား ဒုတိယရဲမှူး ညီညီထွန်းကလည်းကောင်း၊ တတိယဆုရ မန္တလေးတိုင်း အမျိုးသမီးဘော်လီဘောအသင်းအား ရဲမှူးကြီးမြင့်အောင်ကလည်းကောင်း၊ ဒုတိယဆုရသော မန္တလေးတိုင်း အမျိုးသားဘော်လီဘောအသင်းအား ရဲမှူးတင်မောင်ကလည်းကောင်း၊ ဒုတိယဆုရ မကွေးတိုင်း အမျိုးသမီးဘော်လီဘောအသင်းအား ရဲမှူးစိုးအောင်ကလည်းကောင်း၊ ပထမဆုရ ရန်ကုန်တိုင်း အမျိုးသားဘော်လီဘောအသင်းအား ရဲမှူးကြီးစိုးမြင့်ကလည်းကောင်း၊ ပထမဆုရ ရန်ကုန်တိုင်း အမျိုးသမီးဘော်လီဘောအသင်းအား ဒုတိယရဲမှူးကြီးစိန်မြကလည်းကောင်း၊ တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစောမောင်က အကောင်းဆုံးပိတ်ဆို့ဆု၊ အကောင်းဆုံးရိုက်ခုတ်ဆု၊ အကောင်းဆုံးပင့်ထောင်ဆုရရှိကြသော အမျိုးသားအမျိုးသမီးများအား ဆုတံဆိပ်နှင့်ငွေသားဆုများကို ချီးမြှင့်ပေးသည်။

ဆက်လက်၍ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်ဝေက ပထမဆုရရှိသော ရန်ကုန်တိုင်း အမျိုးသားဘော်လီဘောအသင်းနှင့် ရန်ကုန်တိုင်း အမျိုးသမီးဘော်လီဘောအသင်းတို့အား တံခွန်စိုက်ဒိုင်းဆုကိုချီးမြှင့်ပေးသည်။ (ခရိုင် ပြန်/ဆက်)

# တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူတော်ငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၅

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး ပရိယတ္တိစာသင်တိုက် ၃၁တိုက်နှင့် သီလရှင်စာသင်တိုက် ရှစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ၁နာရီက သဃ်န်းကျွန်းမြို့နယ်ရှိ ကျိုက္ကစံဆံတော်ရှင်စေတီတော် ဓမ္မဗိမာန်တော်ကြီး၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညို၍ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

### သဃ်န်းကျွန်း

သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး ပရိယတ္တိစာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ လှူဒါန်းမှု အစုစုတို့မှာ ဆွမ်းဆန်တော် ၃၉၂အိတ် ၁၂ပြည်၊ ဆီပိဿာ ၃၀၀နှင့် ၈၀ကျပ်သား၊ အိုင်အိုဒင်းဆား ၃၁၀၈ပိဿာ ၆၀ကျပ်သား၊ သွားတိုက်ဆား ၅၄၂ဘူး၊ တိုင်းရင်းဆေး မျိုးစုံ ၅၅၂၈ဘူး၊ ပဲ ၅၄၁ပိဿာ ၆၀ကျပ်သား၊ ဂေါ်ဇီလာခြင်ဆေးဘူး ၃၂၀၊ လေဆာသွားတိုက်ဆေးဘူး ၄၃၂ဘူး၊ ငရုတ်သီးမှုန့် အထုပ်၅၀၀နှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေ စုစုပေါင်းငွေကျပ် ၁၄၆၀၉၅၀၀ တို့ ဖြစ်သည်။

အလားတူ ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်ရှိ မွတ်စလင်(မ်) သက်ကြီးဂေဟာနှင့် အဘွားသုခရိပ်သာတို့သို့ တပ်မတော်(ကြည်း၊ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆန်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မွန်းလွဲ ၂နာရီခွဲတွင် သဃ်န်းကျွန်းမြို့နယ် ဘောက်ထော်ပြည်သာယာလမ်းရှိ မွတ်စလင်(မ်) သက်ကြီးဂေဟာ၌ ကျင်းပသည်။

### လှူဒါန်းမှု

မွတ်စလင်(မ်)သက်ကြီးဂေဟာနှင့် အဘွားသုခရိပ်သာတို့သို့ လှူဒါန်းမှု အစုစုတို့မှာ ဆန်၂၇အိတ် ၁၅ပြည်၊ ဆီရှစ်ပိဿာ ၅၀ကျပ်သား၊ အိုင်အိုဒင်းဆား ၈၅ပိဿာ၊ သွားတိုက်ဆားဘူး ၁၇ဘူး၊ တိုင်းရင်းဆေး မျိုးစုံ ၂၈၂ဘူး၊ ပဲ၁၇ပိဿာ၊ ဂေါ်ဇီလာခြင်ဆေးဘူး ၃၂၀၊ လေဆာသွားတိုက်ဆေးဘူး၄၃၂ ဘူး၊ ငရုတ်သီးမှုန့်အထုပ်၅၀၀နှင့် စုစုပေါင်း အလှူငွေကျပ် ၁၇၅၇၀၀၀တို့ ဖြစ်သည်။ **(သတင်းစဉ်)**

## ပညာပေးဟောပြောပွဲ လားရှိုး၌ ကျင်းပ

**လားရှိုး စက်တင်ဘာ ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းနှင့်အတူ လားရှိုးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းရှိန်၊ မြို့နယ်ဦးစီးမှူး ဒေါ်ခင်ညွန့်တို့ လိုက်ပါလျက် ပညာပေးဟောပြောပွဲ အခမ်းအနားကို စက်တင်ဘာ ၄ရက်နှင့် ၅ရက်တို့က လားရှိုးမြို့အထက(၁)နှင့် အထက(၂) တို့၌ ကျင်းပသည်။

### ဟောပြော

ဟောပြောပွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းက **ရည်မှန်းချက် ရှိရမည်** ခေါင်းစဉ်ဖြင့် အသိပညာတိုးပွားရေး ဟောပြောခဲ့သည်။

ဆက်လက်ပြီး လားရှိုးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ စက်တင်ဘာ၅ရက်မှ ၁၀ရက်အထိ အထက(၃)၊(၄)၊(၅)၊(၆)နှင့်(၇) တို့၌ ပညာပေးဟောပြောပွဲများကျင်းပခဲ့ရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းရှိန်က **ရည်မှန်းချက်ရှိရမည်** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့က **မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး** နှင့် **စာဖတ်ခြင်းအကျိုးကျေးဇူး** တို့ကို လည်းကောင်း ဟောပြောခဲ့ကြကြောင်းသိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ကုသိုလ်ကောင်းမှုပြုသူ အကြီးအမျုးဖြစ်

ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သောသူသည် အများသူငါတို့ထက် မြတ်သောအကြီးအမျုးအဖြစ်သို့ ရောက်၏။ ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သော သတိတရားကို ပညာရှိတို့ ချီးမွမ်းကုန်၏။ ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်းကို ပညာရှိတို့ အမြဲကဲ့ရဲ့ကုန်၏။

(ဓမ္မပဒ - ၃၀)

## အခြေခံအင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်း (၁/၂၀၀၈) ဖွင့်လှစ်

**ရန်ကုန် စက်တင်ဘာ ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ အခြေခံအင်္ဂလိပ်စာ ကျွမ်းကျင်မှုသင်တန်း(၁/၂၀၀၈) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁နာရီခွဲက အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့၌ ကျင်းပသည်။

### တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး ညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူ ၂၆ဦး တက်ရောက်ကြကြောင်း သိရှိရသည်။

**(မြို့နယ် ပြန်/ဆက်)**

● *ရွှေ့ဖုံးမှ*

ပြင်ပဖြေဆိုရန် လျှောက်လွှာတင်သွင်းသူများ၏ စာမေးပွဲဝင်ကြေးငွေကို သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများ၌ စာမေးပွဲဝင်ကြေးအတွက် ကျသင့်ငွေသွင်းတံဆိပ်ခေါင်းများဝယ်ယူပြီး ဝင်ခွင့်လျှောက်လွှာ၏ လက်ဝဲဘက်ထိပ်ပိုင်းတွင် ကပ်၍ မိမိတို့ အမှန်တကယ်နေထိုင်သည့် မြို့နယ်ပညာရေးမှူးရုံးတွင် ၂၀၀၈ခုနှစ် အောက်တိုဘာ ၁ရက်မှ ၃၁ရက်အတွင်း တင်သွင်းကြရမည်ဖြစ်သည်။

### သတ်မှတ်ရက်

အခြေခံပညာအထက်တန်းကျောင်းများ၊ ကျောင်းခွဲများနှင့် တွဲဖက်ကျောင်းများမှ ဖြေဆိုရန်လျှောက်လွှာတင်သွင်းမည့် ကျောင်းသား ကျောင်းသူများ၏ စာမေးပွဲဝင်ကြေးအတွက် ကျောင်းအုပ်ကြီးများသည် စာမေးပွဲဝင်ကြေးကျသင့်ငွေသွင်းတံဆိပ်ခေါင်းများ ဝယ်ယူပြီး လျှောက်လွှာတစ်စောင်ချင်းတွင်ကပ်၍ စုပေါင်းပြီး မြန်မာနိုင်ငံစာစစ်အဖွဲ့ရုံးသို့ ၂၀၀၈ခုနှစ် အောက်တိုဘာ ၁ရက်မှ နိုဝင်ဘာ ၁၄ရက်အတွင်း သတ်မှတ်ရက်အမီ တင်သွင်းကြရမည်ဖြစ်သည်။

သတ်မှတ်ထားသော ရက်များအတွင်း အချိန်မီပေးပို့ခြင်း မရှိသူများသည် စာမေးပွဲဖြေဆိုခွင့်ရရှိကြမည်မဟုတ်ကြောင်းနှင့် စာဖြေသူတင်သွင်းသည့် စာမေးပွဲဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားတွင် ဖော်ပြပါရှိသည့် ဘာသာတွဲမှအပ အခြားဘာသာတွဲသို့ ပြောင်းလဲဖြေဆိုခွင့်ပြုမည်မဟုတ်သဖြင့် မိမိဖြေဆိုမည့် ဘာသာတွဲအလိုက် ပုံစံများ မှန်ကန်မှုရှိ၊ မရှိ သေချာစွာစစ်ဆေးပြီး မှန်ကန်စွာ ဖြည့်စွက်ပေးပို့ကြရန်ဖြစ်သည်။

### ဝယ်ယူနိုင်

လျှောက်လွှာပုံစံများနှင့် ငွေသွင်းတံဆိပ်ခေါင်းများကို ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံစာစစ်အဖွဲ့(ဖွဲ့ကပင်ဆောင်)တွင် လာရောက်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



၂၀၀၈ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ရေးဆွဲထားသော ကာတွန်းကို ဤသို့တွေ့ရသည်။

■ *ရွှေ့ဖုံးမှ*

၁၉၈၇ခုနှစ် စက်တင်ဘာ ၁၆ရက်က ကနေဒါနိုင်ငံ မွန်ထရီယယ်မြို့တွင် အိုဇုန်းလွှာထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်ခြင်းဖြင့် **"အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့"** ပေါ်ထွန်းလာသည်။ အိုဇုန်းလွှာ ပြုန်းတီးစေသော အရာဝတ္ထုများဆိုင်ရာ မွန်ထရီယယ်စာချုပ် (Montreal Protocol on Substances that Deplete the Ozone Layer) ကို ကမ္ဘာ့နိုင်ငံများ လက်မှတ်ရေးထိုးနိုင်မှုမှာ ယခုအခါ ၂၁နှစ်တင်းတင်း ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ အဆိုပါစာချုပ်အရ အိုဇုန်းလွှာပြုန်းတီးစေနိုင်သော အာနိသင်များပါရှိသည့် ပစ္စည်း၁၀၀ခန့် ထုတ်လုပ်မှုနှင့် သုံးစွဲမှုတို့ကို တစ်ဆင့်စီ ဖျက်သိမ်းနိုင်ရေးအတွက် အချိန်ဇယားရေးဆွဲဆောင်ရွက်လျက်ရှိသည်။

### ခရမ်းလွန်ရောင်ခြည်

အိုဇုန်းလွှာသည် UV rays ဟုခေါ်သော ခရမ်းလွန်ရောင်ခြည်ကို တားဆီးကာကွယ်ပေးနိုင်သည်။ လူသားများ၊ အပင်များနှင့် တိရစ္ဆာန်များသည် နေရောင်ခြည်နှင့်အတူ ကျရောက်လာသော ခရမ်းလွန်ရောင်ခြည်ကို သင့်ရောက်ခံရခြင်းဖြင့် ဆိုးကျိုးဖြစ်ပေါ်ပေမည်။ အိုဇုန်းလွှာပြုန်းတီးမှုပြဿနာ ပိုမိုဆိုးရွားလာမည်ဆိုပါက လူတို့တွင် အရေပြားကင်ဆာရောဂါနှင့် မျက်စိအတွင်းတိမ်ရောဂါဖြစ်ပွားမှုနှုန်း မြင့်မားလာရန် သေချာသည်။

အိုဇုန်းလွှာ (Ozone Layer)ကို ဘာသာရပ် ဝေါဟာရအရ အိုဇိုနိုစဖီးယား (Ozonosphere) ဟုခေါ်သည်။ အိုဇုန်းလွှာသည် ကမ္ဘာမြေမျက်နှာပြင်အထက် ၁၂မိုင်မှ မိုင်၃၀ (၁၉ကီလိုမီတာမှ ၄၈ကီလိုမီတာ)အမြင့်ရှိ စထရာတိုစဖီးယား (Stratosphere) အလွှာအောက်ပိုင်းတွင် အဓိကတည်ရှိသည်။ အကြမ်းအားဖြင့် ကမ္ဘာမြေပြင်အထက် ကိုးမိုင်မှ ၁၉မိုင်အမြင့်တွင် အိုဇုန်းလွှာတည်ရှိသည်။

### စူးစမ်းလေ့လာ

အိုဇုန်းလွှာတွင် အိုဇုန်းဓာတ်ပါဝင်မှုနှုန်း မြင့်မားသည်။ နေမှထုတ်လွှတ်သော ခရမ်းလွန်ရောင်ခြည်၏ ၉၃မှ ၉၉ရာခိုင်နှုန်းကို အိုဇုန်းလွှာက စုပ်ယူထားနိုင်သည်။ ဥတုရာသီနှင့် ပထဝီဝင်အလိုက် အိုဇုန်းလွှာအထူ၊ အပါးဖြစ်ပေါ်သည်။ အိုဇုန်းလွှာကို ပထမဆုံးရှာဖွေတွေ့ရှိသူများမှာ ပြင်သစ်လူမျိုး ရူပဗေဒပညာရှင်များဖြစ်ကြသော ချားလ်စ်ဖာဘရီ (Charles Fabry) နှင့် ဟင်နရီဘစ်ဆန် (Henri Buisson) တို့ဖြစ်ကြသည်။ အိုဇုန်းလွှာ၏ ဂုဏ်သတ္တိများကို စူးစမ်းလေ့လာခဲ့သူမှာ အင်္ဂလိပ်လူမျိုး မိုးလေဝသပညာရှင် ဒေါ့ဘဆင် (Dobson) ဖြစ်သည်။

ကလိုရိုဖလူယိုရိုကာဗွန်များ (Chlorofluorocarbons) ကဲ့သို့သော စက်မှုလုပ်ငန်းသုံး ဓာတုဗေဒပစ္စည်းများသည် စထရာတိုစဖီးယားအလွှာအတွင်း စုဝေးလာမှုကြောင့် အိုဇုန်းလွှာထိခိုက်နိုင်ကြောင်း သိပ္ပံပညာရှင်များက ၁၉၇၄ခုနှစ်တွင် လေ့လာတွေ့ရှိခဲ့သည်။

### အထောက်အကူပေး

အိုဇုန်းလွှာအတွင်း ဥတုရာသီအလိုက် ဟောင်းလောင်းပေါက်(Hole)ဖြစ်မှုကို ၁၉၈၅ခုနှစ်တွင် ရှာဖွေတွေ့ရှိခဲ့သည်။ အန္တာတိကတိုက်(Antarctica)အထက်တွင် အိုဇုန်းလွှာပေါက်မှုကို သိပ္ပံပညာရှင်များ အတည်ပြုနိုင်ခဲ့သည်။ အန္တာတိကတိုက်တွင် အလွန်အမင်းအေးမြမှုကြောင့် ယင်းဒေသ၏ အလွန်မြင့်မားသောနေရာရှိ တိမ်တိုက်များအတွင်း ရေနှင့်နိုက်ထရစ်အက်ဆစ်(Nitric acid)တို့ ပါဝင်သော ရေခဲအပိုင်းအစငယ်များဖြစ်ပေါ်လာကာ ဓာတ်တုံ့ပြန်မှုကို အထောက်အကူပေးသည်။ ယင်းဒေသတွင် ဝဲကတော့ထိုးသည့်ပုံစံဖြင့် လေတိုက်ခတ်သဖြင့် CFCs (ခေါ်) ကလိုရိုဖလူယိုရိုကာဗွန်စုဝေးမှုကို အထောက်အကူပေးသည်။

ဩဂုတ် သို့မဟုတ် စက်တင်ဘာလတို့တွင် အန္တာတိကတိုက်၌ အိုဇုန်းလွှာပေါက်လေ့ရှိသည်။ ကလိုရင်း (Chlorine)၊ ဘရိုမင်း (Bromine) နှင့် ရေခဲပုံဆောင်ခဲများ (Ice crystals) သည် အိုဇုန်းဓာတ်နှင့်အတူ ဓာတ်ပြုရာမှ အိုဇုန်းဓာတ်ကို အလွန်လျင်မြန်စွာ ဖျက်ဆီးပစ်သည်။ ဤဆင့်ပွားဓာတ်ပြုမှုဖြစ်စဉ်သည် နိုဝင်ဘာလအထိ ဖြစ်ပေါ်လေ့ရှိသည်။ အာတိတ်ဒေသတွင် နွေဦးပေါက်ရာသီ (Spring) ကျရောက်လေတိုင်း အိုဇုန်းလွှာတွင် ဟောင်းလောင်းပေါက်ဖြစ်လေ့ရှိသည်။ သို့ရာတွင် ပိုမိုပူနွေးသော ဆောင်းဥတု ဖြစ်ပေါ်သည့်နှစ်များနှင့် ကြုံကြိုက်ရသည့်အခါ အိုဇုန်းလွှာပြုန်းတီးမှု ပေါ်ပေါက်ခြင်းမရှိချေ။

### စံချိန်တင်

၂၀၀၀ပြည့်နှစ်၊ ၂၀၀၃ခုနှစ်နှင့် ၂၀၀၆ခုနှစ်တို့တွင် အိုဇုန်းလွှာပေါက်မှု စံချိန်တင် ဖြစ်ပေါ်ခဲ့သည်။ ဖော်ပြပါနှစ်များတွင် အိုဇုန်းပေါက်၏ အရွယ်အစားမှာ စတုရန်းမိုင် ၁၀ဒသမ၅သန်းကျော်(စတုရန်းကီလိုမီတာ ၂၇သန်း)ရှိသည်။ ယင်းမှာ မြောက်အမေရိကတိုက်၏ အရွယ်အစားထက်ပင် ပိုမိုကြီးမားပေသည်။

အချုပ်အားဖြင့် အိုဇုန်းလွှာပြုန်းတီးစေနိုင်သော အရာဝတ္ထုများထုတ်လုပ်မှုနှင့် သုံးစွဲမှုလျှော့ချခြင်းဖြင့် အနာဂတ်လူသားမျိုးဆက်များအတွက် ကောင်းမွန်သော အိုဇုန်းလွှာကို ထိန်းသိမ်းစောင့်ရှောက်ကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

**ကိုးကား-အင်တာနက်**

## အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး လက်ရှိအမေရိကန် အစိုးရလက်ထက် ရနိုင်မည်မထင်ဟုဆို

ရာမာလာ စက်တင်ဘာ ၁၅

အမေရိကန်အစိုးရသစ်အနေဖြင့် အစ္စရေးနှင့် ပါလက်စတိုင်းတို့၏ အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေး ကြိုးပမ်းမှုကို ဦးစားပေးဆောင်ရွက်ရန် တိုက်တွန်းမည်ဖြစ်ကြောင်း ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်က စက်တင်ဘာ ၁၃ရက်တွင် ပြောကြားလိုက်သည်။

### ပြောကြား

လက်ရှိအမေရိကန်အစိုးရလက်ထက်တွင် ငြိမ်းချမ်းရေးသဘောတူညီမှု ရရှိမည်မဟုတ်ဟု မိမိတို့ယူဆကြောင်း၊ အမေရိကန်အစိုးရသစ်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ချက်ချင်းလိုက်လုပ်ပြီး ဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ်ဆောင်ရွက်ရန် တိုက်တွန်းကြောင်း ရာမာလာသတင်းစာရှင်းလင်းပွဲ၌ မာမွတ်အဘတ်စ်က ပြောကြားလိုက်သည်။

### တွေ့ဆုံ

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပြန်လည်သုံးသပ်ရေးအတွက် မစ္စတာအဘတ်စ်သည် ဝါရှင်တန်မြို့တွင် စက်တင်ဘာ ၂၆ရက်၌ သမ္မတဘုရှ်နှင့် တွေ့ဆုံမည်ဟု ပါလက်စတိုင်းအရာရှိများက ပြောကြားသည်။

**အမ်အင်န်အေ၊ ရိုက်တာ**

အီရတ်နိုင်ငံ ဖလူဂျာဒေသ၌ လွန်ခဲ့သည့်ရက်အနည်းငယ်က အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ လေကြောင်းမှ တိုက်ခိုက်သည်ကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

## ပြီးခဲ့သည့်ဩဂုတ်လ ရွှေကောက်ပွဲရန်ပုံငွေရရှိမှု ဒေါ်လာ ၆၆သန်းအထိ အိုဘားမားစံချိန်တင်

ချီကာဂို စက်တင်ဘာ ၁၅

ဒီမိုကရက်တစ်ပါတီသမ္မတလောင်း အိုဘားမားအနေဖြင့် ပြီးခဲ့သည့်ဩဂုတ်လအတွင်းတွင် ရွှေကောက်ပွဲရန်ပုံငွေဒေါ်လာ ၆၆သန်းအထိ စံချိန်တင်ရရှိကြောင်း ရွှေကောက်ပွဲ စည်းရုံးရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဘီလ်ဘာတန်က စက်တင်ဘာ ၁၄ရက်၌ ပြောဆိုသည်။

### ပိုမိုရရှိ

ပြီးခဲ့သည့်ဩဂုတ်လအတွင်း ရရှိသည့်ရန်ပုံငွေကို အလှူရှင် ၅၀၀၀၀၀တို့ထံမှ ရရှိခြင်းဖြစ်သည်။ ရွှေကောက်ပွဲမဲဆွယ်မှုနောက်ဆုံးနှစ်လအတွင်း ရန်ပုံငွေရရှိမှုတွင် အိုဘားမားက ရီပတ်ဘလီကင်သမ္မတလောင်း ဂျွန်မက်ကိန်းထက် ပိုမိုရရှိသည်။

### စံချိန်တင်

အိုဘားမားသည် ရန်ပုံငွေ ဒေါ်လာ ၅၅သန်းကျော်ကို ဖေဖော်ဝါရီလအတွင်းက ရရှိခဲ့သည်။ ယင်းပမာဏမှာ အကြိုရွေးကောက်ပွဲကာလအတွင်း အိုဘားမားက မကြုံစဖူး စံချိန်တင်ရရှိခဲ့ခြင်းဖြစ်သည်။

**အမ်အင်န်အေ၊ ရိုက်တာ**

## အာဖဂန်အလယ်ပိုင်း၌ လမ်းဘေးဗုံးပေါက်ကွဲမှုများဖြစ်ပွား အပြစ်မဲ့ ကလေးငယ်ခြောက်ဦးသေဆုံး၊ ၁၂ဦးဒဏ်ရာရရှိ

### ကန်နှင့် အပေါင်းပါတပ်ဖွဲ့များ၏ ပစ်ခတ်မှုကြောင့် အရပ်သားများသေဆုံး

ကဘူးလ် စက်တင်ဘာ ၁၅

**အာဖဂန်နစ္စတန်နိုင်ငံအလယ်ပိုင်း ဂါဇိုင်းပြည်နယ်တွင် စက်တင်ဘာ ၁၄ရက်က လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ကလေးငယ်ခြောက်ဦးသေဆုံးပြီး ၁၂ဦးဒဏ်ရာရရှိခဲ့ကြောင်း အာဖဂန်နစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။**

### ခြောက်ဦးသေဆုံး

ထို့အပြင် စက်တင်ဘာ ၁၃ရက်ကလည်း အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များက ကန်ဒါဟာပြည်နယ်တွင် တာလီဘန်လက်နက်ကိုင်များ ခိုလှုံရာနေရာတစ်ခုဟု သံသယရှိသဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ဒေသခံအရပ်သားခြောက်ဦးသေဆုံးခဲ့သည်။

### ပေါက်ကွဲ

ယခုပေါက်ကွဲခဲ့သည့် လမ်းဘေးဗုံးမှာ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ စစ်မော်တော်ယာဉ်များအား ဖောက်ခွဲတိုက်ခိုက်ရန် ထောင်ထားသည့် ဗုံးဖြစ်ပြီး ကလေးများက ဆော့ကစားရာမှ ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များအား တာလီဘန်လက်နက်ကိုင်များက ပစ်မှတ်ထားတိုက်ခိုက်လျက်ရှိရာ နှစ်ဖက်အပြန်အလှန်တိုက်ပွဲများကြောင့် ကလေးငယ်များအပါအဝင် အရပ်သားများ သေဆုံးရလျက်ရှိကြောင်းသိရသည်။

**(အင်တာနက်)**

## ဘဂ္ဂဒက်ဝန်းကျင်၌ ဗုံးပေါက်ကွဲမှုများဖြစ်ပွား ကိုးဦးသေဆုံး ၁၀ဦးကျော်ဒဏ်ရာရ

ဘဂ္ဂဒက် စက်တင်ဘာ ၁၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်နှင့် ပတ်ဝန်းကျင်ဒေသများတွင် ဗုံးပေါက်ကွဲမှုများဖြစ်ပွားသဖြင့် ကိုးဦးသေဆုံးပြီး ၁၀ဦးကျော် ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း အီရတ်အရာရှိများက ပြောကြားသည်။

### ဒဏ်ရာရရှိ

ဘဂ္ဂဒက်မြို့တော်မြောက်ပိုင်းတွင် လမ်းဘေးဗုံးပေါက်ကွဲမှုများ ဖြစ်ပွားရာ အီရတ်ရဲတပ်ဖွဲ့ဝင်ငါးဦးသေဆုံးခဲ့ပြီး အခြားငါးဦး ထိခိုက်ဒဏ်ရာ ရရှိသွားခဲ့သည်။ ယင်းပေါက်ကွဲမှုမှာ ဂျာလာဒေသရှိ ရဲတပ်ဖွဲ့အား ပစ်မှတ်ထားလျက် ရဲတပ်ဖွဲ့ဝင်များအနီး ဗုံးသုံးလုံး ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဒီယာလာပြည်နယ် အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

အဆိုပါ ပြည်နယ်မှာ အီရန်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိကာ အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့ဝင်များနှင့် ၎င်းတို့ထောက်ခံသည့် အီရတ်အစိုးရအား စိန်ခေါ်လျက်ရှိသည့် ပြည်နယ်တစ်ခုအဖြစ် ကျန်ရှိနေသည်။

### သေဆုံး

ထို့ပြင် ဘဂ္ဂဒက်မြို့တော်အတွင်း လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အီရတ်ရုပ်မြင်သံကြားဌာနမှရုပ်သံအစီအစဉ်ရိုက်ကူးရေးအတွက် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းလေးဦးမှာလည်း သေဆုံးသွားခဲ့ကာ ပတ်ဝန်းကျင်ရှိ လူအချို့မှာ ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

စက်တင်ဘာ ၁၄ရက်မတိုင်မီ နယူးယောက်အခြေစိုက် သတင်းထောက်များအကာအကွယ်ပေးရေးအဖွဲ့၏ ထုတ်ပြန်သော အစီရင်ခံစာအရ ၂၀၀၃ခုနှစ်မတ်လမှစတင်၍ အီရတ်နိုင်ငံသို့ အမေရိကန်တပ်များ ကျူးကျော် ဝင်ရောက်လာကတည်းက အီရတ်နိုင်ငံ၌ သေဆုံးသည့် သတင်းထောက်ဦးရေမှာ ၁၃၂ဦးရှိသွားပြီဖြစ်ကာ မီဒီယာလုပ်ငန်းများ၌ တာဝန်ထမ်းဆောင်သည့်ဝန်ထမ်း ၅၀ကျော်လည်း သေဆုံးခဲ့ပြီဖြစ်ကြောင်း သိရသည်။

**(အင်တာနက်)**

## မူးယစ်ဆေးကီလိုဂရမ် ၇၀၀နှင့် လက်နက်မျိုးစုံ ၁၅၀ ကိုလံဘီယာရဲတပ်ဖွဲ့ သိမ်းဆည်းရမိ

ဘိုဂိုတာ စက်တင်ဘာ ၁၅

ကိုလံဘီယာနိုင်ငံ အနောက်မြောက်ပိုင်း အင်တီယိုကွီယာပြည်နယ်အတွင်း လက်နက်ကိုင် မူးယစ်ဆေးဝါးမှောင်ခိုသမားတစ်ဦးပိုင် သေနတ် ၁၅၀နှင့် မူးယစ်ဆေးဝါးကီလိုဂရမ် ၇၀၀ကို ကိုလံဘီယာရဲတပ်ဖွဲ့က ဖမ်းဆီးရမိကြောင်း အာဏာပိုင်များက တနင်္ဂနွေနေ့တွင် ကြေညာသည်။

### သိမ်းဆည်း

မူးယစ်ဆေးဝါးမှောင်ခိုရာဇာ ဒွန်မာရီယိုခေါ် ဒင်နီယယ်ရင်ဒွန်၏ဂိုဏ်းကိုချေမှုန်းရန် ရဲတပ်ဖွဲ့က စက်တင်ဘာ၁၃ရက်၌ စစ်ဆင်ရေးပြုလုပ်စဉ် ထိုသေနတ်များနှင့် မူးယစ်ဆေးဝါးများ သိုဝှက်ရာသို့ရောက်ရှိပြီး သိမ်းဆည်းရမိလိုက်ခြင်းဖြစ်ကြောင်း ယင်းသတင်းတွင် ဆက်လက်ဖော်ပြသည်။

### ထုတ်ဖော်ပြောကြား

ယင်းမူးယစ်ဆေးဝါး ဝှက်ထားရာနေရာတွင် ကိုကင်း ကီလိုဂရမ် ၅၀၀ နှင့် ကိုကင်းကီလိုဂရမ် ၂၀၀တို့ကို ရှာဖွေ တွေ့ရှိခဲ့ရာ မူးယစ်ဆေးဝါး အလေးချိန်စုစုပေါင်းကီလိုဂရမ် ၇၀၀ကို သိမ်းဆည်းနိုင်ခဲ့ကြောင်း ရဲအဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။

### ပါဝင်

၎င်းတို့သည် လက်နက်နှင့် အမြောက်ကျည်ဆန် အမြောက်အမြား သိမ်းဆည်းရမိခဲ့ရာ ယင်းတို့အထဲတွင် သေနတ် ၉၈လက်နှင့် ရိုင်ဖယ်အလက် ၄၀အပါအဝင် သေနတ်အလက်စုစုပေါင်း ၁၅၀ပါဝင်ကြောင်း၊ ထို့အပြင် ရေဒီယိုဆက်သွယ်ရေးစက် ခုနစ်ခုလည်း ပါဝင်ကြောင်း သိရသည်။

မူးယစ်ဆေးဝါးမှောင်ခိုရာဇာ ဒွန်မာရီယိုမှာ ကိုလံဘီယာအစိုးရက အလိုရှိဆုံး မှောင်ခိုသမားဖြစ်သည်။

**အမ်အင်န်အေ၊ ဆင်ဟွာ**

## အာဖဂန်၌ အကြမ်းဖက်တိုက်ခိုက်မှုများ ယခုနှစ်အတွင်း အဆိုးရွားဆုံးဖြစ်ပေါ်

ကဘူးလ် စက်တင်ဘာ ၁၅

**အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ကူနာပြည်နယ်၌ စက်တင်ဘာ ၁၄ရက်တွင် အကြမ်းဖက်သမားများက လမ်းဘေးဗုံးဖောက်ခွဲသဖြင့် အာဖဂန်တပ်ဖွဲ့ဝင်လေးဦးနှင့် အရပ်သားတစ်ဦးသေဆုံးခဲ့ကြောင်း စစ်ဘက်ဆိုင်ရာ ကြေညာချက်၌ သတင်းထုတ်ပြန်သည်။**

### ကြေညာ

**အာဖဂန်နစ္စတန်၌ အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်များ စတင်ဝင်ရောက်သည့် ခုနစ်နှစ်တာကာလနီးပါး၌ တာလီဘန်စစ်သွေးကြွများ၏ အကြမ်းဖက်တိုက်ခိုက်မှုသည် ယခုနှစ်အတွင်း အဆိုးရွားဆုံးဖြစ်ပေါ်လျက်ရှိရာ ပြည်သူ၂၇၀၀ ကျော်သေဆုံးကြောင်း ယင်းနိုင်ငံ အခြေစိုက်သတင်းဌာနက ကြေညာသည်။**

### ဖြစ်ပွား

**အထူးသဖြင့် ၎င်းနိုင်ငံ၏ အရှေ့ပိုင်းနှင့်တောင်ပိုင်းဒေသများ၌ အကြမ်းဖက်သောင်းကျန်းမှု အများဆုံးဖြစ်ပွားလျက်ရှိခဲ့ရာမှ ယခုအခါ အာဖဂန်မြောက်ပိုင်းနှင့် အနောက်မြောက်ပိုင်းရှိ ဒေသများ၌ပါ ပျံ့နှံ့လာသည်။**

**အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ဒေသခံပြည်သူများ၏ စာသင်ကျောင်းများ၊ ကျန်းမာရေးဌာနများ ဘေးကင်းရာသို့ ရွှေ့ပြောင်းကြရပြီး စားသောက်ကုန်ဈေးနှုန်းများမြင့်တက်ကာ အကျပ်အတည်းများနှင့် ရင်ဆိုင်ကြရသည်။**

(အင်တာနက်)

**ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့၌ အကြမ်းဖက်ဗုံးဖောက်ခွဲတိုက်ခိုက်၍ ဒဏ်ရာရရှိသူ ပြည်သူများ ဆေးကုသမှုခံယူနေသည်ကို စက်တင်ဘာ ၁၄ရက်က တွေ့ရစဉ်။**

(အင်တာနက်ဓာတ်ပုံ)

## ယိုကိုဆူကာ အမေရိကန်ရေတပ်စခန်း ဌာနချုပ်အနီး ပေါက်ကွဲမှုနှစ်ခု ဖြစ်ပွား

တိုကျို စက်တင်ဘာ ၁၅

**ဂျပန်နိုင်ငံ ကာနာဂါဝါခရိုင် ယိုကိုဆူကာမြို့ အမေရိကန် ရေတပ်စခန်းဌာနချုပ်အနီးရှိ လူနေရပ်ကွက်တွင် စက်တင်ဘာ ၁၂ရက် နှောင်းပိုင်းက ပေါက်ကွဲမှုနှစ်ခုဖြစ်ပွားကြောင်း ဂျပန်သတင်းစာက စက်တင်ဘာ ၁၃ရက်၌ ဖော်ပြသည်။**

### ဖော်ပြ

ယိုကိုဆူကာမြို့ ကုန်းမြင့်ဒေသတွင် စက်တင်ဘာ ၁၂ရက် ည ၁၀ နာရီခွဲက ပေါက်ကွဲမှုများဖြစ်ပွားသော်လည်း ထိခိုက်ဒဏ်ရာရမှု မရှိကြောင်း၊ ဗုံးခွဲတိုက်ခိုက်မှုမှာ အမေရိကန်ရေတပ်စခန်းဌာနချုပ်ကို ရည်ရွယ်ဖောက်ခွဲခြင်းဖြစ်သည်ဟု ယုံကြည်ရကြောင်း ရဲတပ်ဖွဲ့တွေ့ရှိချက်ကို ကိုးကားပြီး သတင်းများတွင် ဖော်ပြထားသည်။

### ရောက်ရှိ

အမေရိကန်လေယာဉ်တင်သင်္ဘော ကစ်ကီဟော့ကို အစားထိုးရန် အမေရိကန် နျူကလီးယားသုံး လေယာဉ်တင်သင်္ဘော ဂျော့ဝါရှင်တန်သည် ယိုကိုဆူကာဆိပ်ကမ်းသို့ စက်တင်ဘာ၂၅ရက်တွင် ရောက်ရှိလာမည်ဖြစ်သည်။

### ဒေါသထွက်နေ

ဒေသခံဂျပန်ပြည်သူများက ယင်းကိစ္စကို စိုးရိမ်ဒေါသထွက်နေကြသည် ဆိုသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

16-9 (04).pmd 1 9/17/2008, 2:50 AM

## လမုန့်စား ပြိုင်ပွဲ

တရုတ်နိုင်ငံ အရှေ့ပိုင်း ရှန်ဒေါင်းပြည်နယ် ကျိန်မြို့တွင် လမုန့်စား ပြိုင်ပွဲ ကျင်းပရာ ပါဝင်ယှဉ်ပြိုင်ကြသူများအား စက်တင်ဘာ ၁၃ရက်က တွေ့ရစဉ်။

(အင်တာနက် ဓာတ်ပုံ)

## ငါးကို ပုံမှန်စားသုံးခြင်းဖြင့် မှတ်ဉာဏ်ချို့ယွင်းမှုနှင့်လေဖြတ်ခြင်းတို့ကို ကာကွယ်နိုင်

ငါးကိုပုံမှန်စားသုံးပါက ဦးနှောက်မှတ်ဉာဏ်ချို့ယွင်းမှုကို ကာကွယ်ပေးနိုင်ပြီး အသက်အရွယ်ကြီးရင့်လာသည့်အခါ၌လည်း လေဖြတ်ခြင်း ဝေဒနာများ ခံစားရမှု လျော့နည်းစေကြောင်း ဖင်လန်ဆေးသုတေသန ပညာရှင်များက ပြောကြားသည်။

တူနာငါး သို့မဟုတ် အိုမီဂါ-၃ ဖက်တီး အက်စစ်ဓာတ်ပေါ်များစွာပါရှိသော ငါးများကို သီတင်းတစ်ပတ်လျှင် သုံးကြိမ်ခန့်စားသုံးပေးပါက ဦးနှောက်ဆဲလ်များ ပျက်စီးမှုကို ကာကွယ်ပေးနိုင်သည့်အပြင် ဦးနှောက်အာရုံကြော လန်းဆန်းရှင်သန်မှုကို အထောက်အကူပေးကြောင်း ၄င်းတို့က ပြောကြားသည်။

### ကာကွယ်ပေးနိုင်

ထို့အပြင် ငါးတွင်ပါရှိသော အခြားဓာတ်များကလည်း ဦးနှောက်တစ်သျှူးများကိုသန်မာစေသည့်အပြင် ငါးမှ ထွက်ရှိသည့် ငါးဆီမှာ ကိုလက်စထရောကျဆင်းစေသည့်အပြင် ရုတ်တရက်လေဖြတ်ခြင်းများကို ကာကွယ်ပေးနိုင်ကြောင်း သိရသည်။

### ခံစားရမှုမရှိ

ငါးကို ပုံမှန်စားသုံးသူ အသက် ၆၅ နှစ်နှင့်အထက် အမျိုးသား ၃၆၀၀ ကို သုတေသနပြုခဲ့ရာ ၄င်းတို့အားလုံးသည် မှတ်ဉာဏ် ချို့ယွင်းမှုနှင့် လေဖြတ်ဝေဒနာ ခံစားရမှုမရှိကြောင်း တွေ့ရှိရသည်ဟု ၄င်းတို့က ပြောကြားသည်။

**အင်တာနက်ကျန်းမာရေး**

## ဘဝအမောပြေ

### ကောင်းလိုက်တဲ့ ပန်းချီကား....

**ပန်းချီဆရာတစ်ဦးသည် ပန်းချီပြပွဲခင်းကျင်းပြသရန် ခန်းမအတွင်း ပန်းချီကားများကို ပြင်ဆင်လျက်ရှိရာ လေ့လာသူတစ်ဦး ရောက်ရှိလာခဲ့သည်။**

**လေ့လာသူ** ။ ။ လက်ရာတွေက ကောင်းလိုက်တာဗျာ။

**ပန်းချီဆရာ** ။ ။ ဟုတ်ကဲ့။

**လေ့လာသူ** ။ ။ ကြည့်စမ်း...ဒီပန်းချီကားက ကျွန်တော့်ပုံပဲ။

**ပန်းချီဆရာ** ။ ။ အင်း။

**လေ့လာသူ** ။ ။ ကျွန်တော့်ပုံကို ချွတ်စွပ်တူအောင် ဘယ်လိုများ ရေးဆွဲလိုက်တာလဲ။
ပန်းချီကားကလည်း အသက်ဝင်နေသလိုပဲ၊ ဆရာရဲ့ ပန်းချီရေးဆွဲနည်းအသစ်က အံ့သြဖို့ကောင်းလိုက်တာ။

**ပန်းချီဆရာ** ။ ။ ဒီမှာမိတ်ဆွေ...အဲဒါပန်းချီကား မဟုတ်ဘူးဗျ၊ မှန်ချပ်ထောင်ထားတာ။

**လေ့လာသူ** ။ ။ 'ဟိုက်'

## နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

**တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း**

## တူရကီ၌ ခရီးသည်တင်ရေယာဉ် နစ်မြုပ် တစ်ဦးသေဆုံး၊ ၂၆ဦးပျောက်ဆုံး

**အစ္စတန်ဘူလ် စက်တင်ဘာ ၁၅**

တူရကီနိုင်ငံ အနောက်မြောက်ပိုင်း ဘန်ဒီမာဆိပ်ကမ်းအနီးတွင် စက်တင်ဘာ ၁၄ရက် ညပိုင်းက ခရီးသည် ၁၀၀ကျော်စီးနင်းလိုက်ပါလာသည့် ခရီးသည်တင်ရေယာဉ် နစ်မြုပ်မှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး ၂၆ဦး ပျောက်ဆုံးလျက်ရှိကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။

### ကယ်တင်နိုင်

ဘန်ဒီမာမြို့မှ အစ္စတန်ဘူလ်မြို့သို့ ထွက်ခွာလာစဉ် သင်္ဘောနစ်မြုပ်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများကို ဒေသတွင်း ငါးဖမ်းစက်လှေများကပါ ပူးပေါင်းပါဝင် လုပ်ဆောင်ခဲ့ကြကြောင်း၊ ခရီးသည် ၆၅ဦးကို ကယ်တင်နိုင်ခဲ့ပြီး ၃၁ ဦးမှာ ထိခိုက်ဒဏ်ရာ ရရှိသွားကြောင်း ၄င်းတို့က ဆက်လက်ပြောကြားသည်။

### ဆက်လက်ရှာဖွေ

ပျောက်ဆုံးလျက်ရှိသည့် ခရီးသည် ၂၆ဦးကို ဆက်လက်ရှာဖွေလျက်ရှိကြောင်း၊ သင်္ဘောနစ်မြုပ်ချိန်မှာ ညဘက်မှောင်မိုက်လွန်းချိန်ဖြစ်သဖြင့် ရှာဖွေရန် ခက်ခဲကြောင်း၊ သင်္ဘောနစ်မြုပ်သည့်အကြောင်းအရင်းကို အတိအကျမသိရှိရသေးကြောင်း သိရသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

## သူတို့အတွေးအမြင်

* *Short pleasure long lament.*
တဒင်္ဂသာယာမှုကြောင့် ပူဆွေးသောကဝေဒနာကို ရှည်ကြာစွာ ခံစားရတတ်သည်။

**ဂျိုးဇက်ပရက်စလေ**
**(အင်္ဂလိပ်လူမျိုးဘာသာရေးသမားနှင့်အတွေးအခေါ် ပညာရှင်)**

* *No woman ever hates a man for being in love with her, but many women hate men for being friends to them.*
မည်သည့်အမျိုးသမီးကမျှ ၄င်းကိုချစ်သည့် အမျိုးသားတစ်ယောက်အား မမုန်းတီးပေ။ သို့သော်လည်း အမျိုးသမီး အတော်များများသည် ၄င်းတို့အား မိတ်ဆွေသူငယ်ချင်းကဲ့သို့ သွေးရိုးသားရိုးခင်မင်သော အမျိုးသားများကိုမူ မုန်းတီးတတ်လေ့ရှိသည်။

**အလက်ဇန္ဒြားပုပ်**
**(အင်္ဂလိပ်လူမျိုး စာပြောင်းရေးသူနှင့်ကဗျာဆရာ)**

## ဘဝတက်လမ်း ရောင်နီသန်းခဲ့ပါသော်လည်း....

**နိုင်ငံတကာမှုခင်း**

ဘက်ဖို့ဒ်ရှိုင်းယားမြို့သည် ဗြိတိန်နိုင်ငံ အရှေ့တောင်ပိုင်းတွင် တည်ရှိပြီး လူဦးရေတစ်သန်းကျော် နေထိုင်သောဒေသဖြစ်သည်။ လူဦးရေထူထပ်ပြီး စည်ကားသော မြို့တစ်မြို့ဖြစ်သည်။ ရောင်းဝယ်ဖောက်ကား စည်ကားများပြားသော မြို့လည်း ဖြစ်သည်။

### ထူးထူးချွန်ချွန်အောင်မြင်

ထိုမြို့တွင် ရောဘတ်ဂီးလ်အမည် **(အပေါ်ဝဲစွန်ပုံ)**ရှိသည့် လူငယ်လေးသည် မိဘနှစ်ပါးနှင့် အတူ မကြောင့်မကြ နေထိုင်လျက်ရှိသည်။ ရောဘတ်သည် ရိုးသားအေးဆေးပြီး မိဘစကားကို မြေဝယ်မကျ နားထောင်သကဲ့သို့ ပညာရေးတွင်လည်း ထူးချွန်ထက်မြက်ကာ အသက် ၁၆ နှစ်အရွယ် ၂၀၀၆ ခုနှစ်က တက္ကသိုလ်ဝင်တန်းကိုလည်း ထူးထူးချွန်ချွန် အောင်မြင်ခဲ့သည်။

ထို့ကြောင့်ရောဘတ်သည် လန်ဒန်မြို့တော်သို့ သွားရောက်ကာ တက္ကသိုလ်တွင် အင်ဂျင်နီယာဘာသာရပ်ကို သင်ကြားနေသူဖြစ်သည်။ သူ၏မိဘများမှာ စီးပွားရေးလုပ်ငန်းရှင်များ ဖြစ်ကြသည်။ ထို့ကြောင့် သားသမီးများအား တင့်တောင့်တင့်တယ်ထားကာ ပညာသင်ကြားပေးနိုင်ခဲ့သည်။ သားသမီးများအနက် တစ်ဦးတည်းသာပါသော သားယောက်ျားလေး ရောဘတ်သည် တစ်မိပေါက် တစ်ယောက်ထွန်းဆိုသလို ပညာရေးတွင် အထူးချွန်ဆုံး အထက်မြက်ဆုံးဖြစ်သည်။

ပြီးခဲ့သည့် ၂၀၀၇ခုနှစ် ဒီဇင်ဘာလက ရောဘတ်သည် ပထမနှစ် စာမေးပွဲဖြေဆိုပြီးချိန်တွင် ၄င်း၏ဇာတိမြို့သို့ ပြန်ခဲ့သည်။ ရောဘတ်အဖို့ ယင်းဇာတိမြို့သို့ ပြန်လာခဲ့ခြင်းကပင် သူ့ဘဝအတွက် နောက်ဆုံးပြန်လာခြင်းဆိုသည်ကို မသိရှာခဲ့ပေ။

### ပက်ပင်းတိုး

ရောဘတ်သည် ဒီဇင်ဘာ ၂၇ရက်က အစ်ကိုဝမ်းကွဲတစ်ဦးနှင့်အတူ ညပိုင်းအပြင်သို့ထွက်ခဲ့သည်။ ညီအစ်ကိုနှစ်ဦးသည် မြို့တွင်းသို့ လည်ပတ်ပြီး ပြန်လာချိန်တွင် ည ၁၁နာရီကျော်နေပေပြီ။ ထိုအချိန်သူတို့အိမ်ပြန်လာရာလမ်းတွင် လူငယ်တစ်စုနှင့် ပက်ပင်းတိုးမိလေသည်။ ရောဘတ်၏အစ်ကိုဝမ်းကွဲမှာ ၄င်းဆိုးသွမ်းလူငယ်များ၏ လက်အောက်မှ ထွက်ပြေးလွတ်မြောက်ခဲ့သော်လည်း ရောဘတ်မှာမူ ၄င်းလူငယ်အုပ်စု၏ ဝိုင်းဝန်းရိုက်နှက်မှုကို ခံရကာ သေလုမျောပါး ဖြစ်နေသည့် ရောဘတ်အား ရေခဲတမျှအေးခဲနေသော ဂရိတ်အိုဆီမြစ်အတွင်းသို့ ပစ်ချမှုကို ခံခဲ့ရသည်။

၄င်းလူငယ်များသည် ရောဘတ်ထံမှ ပိုက်ဆံအိတ်၊ မိုဘိုင်းလ်ဖုန်းတို့ကို ယူခဲ့ပြီး ဘဏ်ငွေထုတ်ကတ်ပြား၏ နံပါတ်ကို တောင်းဆိုခဲ့သည်။ သို့သော်လည်း ယင်းကတ်ထဲတွင် ငွေကြေးများများစားစား ထည့်ထားခြင်းမရှိခဲ့ပေ။ ယင်းဖြစ်ရပ်နှင့် ဆက်နွှယ်၍ ဘက်ဖို့ဒ်မြို့မှ ဆီအန်ဒိုနက်စ် (၁၉)နှစ်**(အလယ်ပုံ)**နှင့် ဘက်ဖို့ဒ်မြို့ ဒွန်ဟန်ကလိုဆေး အရပ်မှ သောမတ်စ်လတ်ဒင်တန်(၁၈)နှစ်**(ယာစွန်ပုံ)**တို့အား ဓားပြမှု၊ လူသတ်မှုတို့ဖြင့် အပြစ်ရှိကြောင်း ပြီးခဲ့သော ဇူလိုင်လအတွင်းက စစ်ဆေးတွေ့ရှိခဲ့သည်။

ယင်းသို့ ပြစ်မှုကျူးလွန်ခဲ့ခြင်းအတွက် စက်တင်ဘာ ၄ရက်က ဆီအန်ဒိုနက်စ်အား ထောင်ဒဏ် ၁၇နှစ်၊ သောမတ်စ်လတ်ဒင်တန်အား ၁၈နှစ် အသီးသီး ထောင်ဒဏ်ချမှတ်ခဲ့သည်။ သူတစ်ပါး၏ ငွေကြေး၊ ပစ္စည်းများကို ဖြတ်လမ်းမှရယူလိုသူ လူငယ်များသည် တရားဥပဒေ၏ ဆုံးမမှုကို ကာလကြာရှည်စွာခံစား ရပေတော့မည်။

**ယခုဖြစ်ရပ်တွင် ဘဝတက်လမ်း ရောင်နီသန်းခဲ့ပါသော်လည်း ကံကြမ္မာ၏ စေစားမှုကြောင့် လေပြေးတုန်း တက်ကျိုးဆိုသကဲ့သို့ ဖြစ်ခဲ့ရသော ရောဘတ်ဂီးလ်၏ ရင်နင့်ဖွယ်ရာအဖြစ်သနစ်ကို ရေးသားတင်ပြလိုက်ရပါကြောင်း။ ။**

ကိုးကား- အင်တာနက်

**ချစ်စိုးနိုင်ကိုးကားရေးဖွဲ့သည်**

**ရောဘတ်သည် ရိုးသားအေးဆေးပြီး မိဘ စကားကို မြေဝယ်မကျ နားထောင်သကဲ့သို့ ပညာရေးတွင်လည်း ထူးချွန်ထက်မြက်ကာ အသက် ၁၆နှစ်အရွယ် ၂၀၀၆ခုနှစ်က တက္ကသိုလ်ဝင်တန်းကိုလည်း ထူးထူးချွန်ချွန် အောင်မြင်ခဲ့**

## ဝန်ချီစက်ရုပ်

**နည်းပညာသိပ္ပံ**

ဂျပန်နိုင်ငံ အီလက်ထရွန်နစ် ကုမ္ပဏီတစ်ခုမှ အမ်-၂၀၀၀အိုင်အေ အမည်ရှိ စက်ရုပ်တစ်ခုကို တီထွင်ထုတ်လုပ်လိုက်သည်။

အဆိုပါ စက်ရုပ်သည် အလေးချိန်များသောပစ္စည်းများကို သယ်မရာတွင် အသုံးပြုနိုင်သည့် အသေးစားဝန်ချီစက်တစ်ခုကဲ့သို့ လုပ်ငန်းများဆောင်ရွက်နိုင်သော စက်ရုပ်တစ်ရုပ်လည်းဖြစ်သည်။

### ရွေ့လျားနိုင်

အမ်- ၂၀၀၀ အိုင်အေစက်ရုပ်၌ ပစ္စည်းများကိုသယ်မရာတွင် အသုံးပြုသည့် လက်တံတစ်ခု၊ အရပ်မျက်နှာအသီးသီးသို့ လှည့်ပတ်နိုင်သော အလိုအလျောက် ရွေ့လျားနိုင်သည့် ကိုယ်ထည်နှင့်ပစ္စည်းများကို သယ်မရာတွင် ဟန်ချက်ညီအောင် ထိန်းပေးထားသည့် မောင်းတံတစ်ခုတို့ပါရှိသည်။

### သယ်မနိုင်

၄င်းစက်ရုပ်သည် အိမ်တွင်း၊ အိမ်ပြင်ရှိ ပေါင်၁၀၀အထိလေးသော အိမ်အသုံးအဆောင် ပစ္စည်းများကို ရွှေ့ပြောင်းသယ်မပေးနိုင်သည်။ အလိုအလျောက်ထိန်းချုပ်သော စနစ်ပါရှိသဖြင့် မိမိအလုပ်လုပ်ရာ ရုံးဌာနမှ အမိန့်ပေးစေခိုင်း၍ ရကြောင်းသိရသည်။ **(အင်တာနက်)**

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၆၁)ကြိမ်မြောက် ဒေသဆိုင်ရာကော်မတီအစည်းအဝေးသို့ တက်ရောက်လာကြသည့် ဒေသဆိုင်ရာနိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ (ကျန်းမာရေး)

# မြန်မာနိုင်ငံသည် ဆေးလိပ်နှင့်ဆေးရွက်ကြီးတိုက်ဖျက်ရေး ဆောင်ရွက်လျက်ရှိ ကမ္ဘာ့နိုင်ငံများအနက် အတက်ကြွဆုံး လေးနိုင်ငံတွင်ပါဝင်

နေပြည်တော် စက်တင်ဘာ ၁၅

**ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ခေါင်းဆောင်သော မြန်မာကျန်းမာရေးကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၈ရက်မှ ၁၁ရက်အထိ အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ကျင်းပသည့် အရှေ့တောင်အာရှဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၂၆)ကြိမ်မြောက် ကျန်းမာရေးဝန်ကြီးများအစည်းအဝေးနှင့် (၆၁)ကြိမ်မြောက် ဒေသဆိုင်ရာ ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး ယမန်နေ့နံနက်ပိုင်းက နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။**

## တက်ရောက်

အရှေ့တောင်အာရှဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၂၆)ကြိမ်မြောက် ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၈ရက် နံနက် ၉ နာရီက နယူးဒေလီမြို့ Ashoka Hotel ၌ကျင်းပရာ အရှေ့တောင်အာရှ ဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်နိုင်ငံများဖြစ်သည့်မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မော်လ်ဒိုက်၊ နီပေါ၊ ဘူတန်၊ မြောက်ကိုရီးယား၊ သီရိလင်္ကာ၊ ထိုင်းနှင့် အရှေ့တီမောနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကျန်းမာရေးအတွင်းဝန်များနှင့် တာဝန်ရှိသူများ၊ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနချုပ်မှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အရှေ့တောင်အာရှဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရုံးမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့အစည်းများမှဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က မြန်မာနိုင်ငံ၌ အပြည်ပြည်ဆိုင်ရာကျန်းမာရေး ပြဋ္ဌာန်းချက်(၂၀၀၅)ပါ အကောင်အထည်ဖော်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ အရေးပေါ်ကျန်းမာရေးပြဿနာများ ဖြေရှင်းဆောင်ရွက်မည့် စီမံချက်ရေးဆွဲပြီးဖြစ်ကြောင်း၊ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများလည်းဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ကုလသမဂ္ဂထောင်စုနှစ်ရည်မှန်းချက်များမှ ကျန်းမာရေးနှင့် သက်ဆိုင်သည့် ရည်မှန်းချက်များ ဖြစ်သည့် မိခင်နှင့် ငါးနှစ်အောက် ကလေးသေနှုန်း လျှော့ချနိုင်ရေးအတွက် သားဖွားနှင့် မီးယပ်ရောဂါအထူးကု ဆရာဝန်ကြီးများ၊ ကလေးအထူးကု ဆရာဝန်ကြီးများပါဝင်သည့် ကျွမ်းကျင်သူပညာရှင်အဖွဲ့ ဖွဲ့စည်းထားပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီး တိုက်ဖျက်ရေးလုပ်ငန်းကိုလည်း အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရကလည်း တွန်းအားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဆေးလိပ်နှင့်ဆေးရွက်ကြီး သုံးစွဲမှု ကာကွယ်တားဆီးရေးဥပဒေကိုလည်း ၂၀၀၆ခုနှစ်မေ ၄ရက်တွင် အောင်မြင်စွာ ရေးဆွဲပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ ပြည်သူများအား ဥပဒေပါ အချက်အလက်များကိုသိရှိလိုက်နာစေရန် အသိပေးဆွေးနွေးပွဲများနှင့် ပညာပေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

## ဂုဏ်ယူဝမ်းသာ

ဝန်ကြီးဒေါက်တာကျော်မြင့်သည် စက်တင်ဘာ ၈ရက် မွန်းလွဲပိုင်းတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Dr. Margaret Chan နှင့် Ashoka Hotel၌ သီးခြားတွေ့ဆုံရာDr.Margaret Chanက မြန်မာနိုင်ငံတွင်မုန်တိုင်းဒဏ်ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အောင်မြင်လျင်မြန်စွာ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဂုဏ်ယူဝမ်းသာမိကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် လိုအပ်သည်များကို ဆက်လက် အကူအညီပေးလိုကြောင်း ပြောကြားသည်။

ဝန်ကြီးဒေါက်တာကျော်မြင့်က မုန်တိုင်းဒဏ်ခံရပြီးပြီးချင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနချုပ်မှနေ၍ ဖုန်းဖြင့်ဆက်သွယ်အားပေးပြောကြားခဲ့ခြင်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဆေးဝါးကိရိယာနှင့်နည်းပညာရပ်များ ပံ့ပိုးကူညီပေးခြင်းတို့အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအား အထူးကျေးဇူးတင်ရှိပါကြောင်း၊ ကျန်းမာရေးဌာနများ ပြန်လည်တည်ဆောက် ပြုပြင်ရာ၌လည်းနိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်အတိုင်း ရာသီဥတုဒဏ်၊သဘာဝဘေးဒဏ်ခံနိုင်ပြီး ရေရှည်တည်တံ့ခိုင်မြဲမည့် အဆောက်အအုံများ ဆောက်လုပ်ပြုပြင်လျက်ရှိကြောင်း ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

## (၆၁)ကြိမ်မြောက်

ဝန်ကြီးဒေါက်တာကျော်မြင့်ခေါင်းဆောင်သော မြန်မာကျန်းမာရေး ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ၉ရက်တွင် နယူးဒေလီမြို့ရှိ အရှေ့တောင်အာရှဒေသဆိုင်ရာ ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၆၁)ကြိမ်မြောက် ဒေသဆိုင်ရာ ကော်မတီအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

## ဆွေးနွေးပြောကြား

အဆိုပါ အစည်းအဝေးတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Dr. Margaret Chanကအရှေ့တောင်အာရှဒေသနိုင်ငံများတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီး သောက်သုံး၊ စားသုံးမှုများကြောင်း၊ တစ်နှစ်လျှင် လူ ၁ ဒသမ ၂သန်းခန့်သေဆုံးလျက်ရှိကြောင်း၊ ထို့ကြောင့်ဆေးလိပ်နှင့် ဆေးရွက်ကြီး တိုက်ဖျက်ရေးလုပ်ငန်းများ ပိုမိုအလေးပေးဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံသည် ဆေးလိပ်နှင့်ဆေးရွက်ကြီးတိုက်ဖျက်ရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ကမ္ဘာ့နိုင်ငံများအနက် အတက်ကြွဆုံး လေးနိုင်ငံတွင် ပါဝင်ကြောင်း ဆွေးနွေးပြောကြားသွားသည်။

အဆိုပါနေ့ ညနေ ၄နာရီတွင် အရှေ့တောင်အာရှဒေသဆိုင်ရာ ကမ္ဘာ့ ကျန်းမာရေးအဖွဲ့၏ (၂၆)ကြိမ်မြောက် ကျန်းမာရေးဝန်ကြီးများအစည်းအဝေးကို ဆက်လက်ကျင်းပ၍ နယူးဒေလီ ကြေညာစာတမ်းကို ဆွေးနွေးအတည်ပြုခဲ့ကြကာ အရှေ့တောင်အာရှဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၂၆)ကြိမ်မြောက်ကျန်းမာရေးဝန်ကြီးများအစည်းအဝေးပိတ်ပွဲ အခမ်းအနားကို ကျင်းပခဲ့သည်။ စက်တင်ဘာ၁၀ရက်တွင် အရှေ့တောင်အာရှဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၆၁)ကြိမ်မြောက် ဒေသဆိုင်ရာ ကော်မတီအစည်းအဝေးကို ဆက်လက်ကျင်းပရာ မြန်မာကျန်းမာရေးအဖွဲ့ခေါင်းဆောင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်က မြန်မာနိုင်ငံတွင် ၂၀၀၈ခုနှစ် မေ၂ရက်နှင့် ၃ရက်များ၌ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပြည်သူ၊ ဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနများ ပျက်စီးခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများလည်း အိုးအိမ်မဲ့ဖြစ်ခဲ့ရကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနသည် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များစေလွှတ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အိမ်နီးချင်းတိုင်းပြည်များမှ ကျန်းမာရေးဝန်ကြီးဌာနများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

## အတည်ပြု

စက်တင်ဘာ၁၁ရက်တွင် (၆၁)ကြိမ်မြောက်ဒေသဆိုင်ရာကော်မတီအစည်းအဝေးကို ဆက်လက်ကျင်းပရာ (၂၇)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အရှေ့တောင်အာရှဒေသဆိုင်ရာ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးနှင့် (၆၂)ကြိမ်မြောက်ဒေသဆိုင်ရာကော်မတီအစည်းအဝေးကို နီပေါနိုင်ငံနှင့် (၂၈)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အရှေ့တောင်အာရှဒေသဆိုင်ရာ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးနှင့် (၆၃)ကြိမ်မြောက် ဒေသဆိုင်ရာကော်မတီ အစည်းအဝေးများကို ထိုင်းနိုင်ငံတို့တွင် ကျင်းပရန် အစည်းအဝေး တက်ရောက်လာကြသူများက အတည်ပြုခဲ့ကြသည်။

## လိုက်ပါလာ

ဝန်ကြီးဒေါက်တာကျော်မြင့်နှင့်အတူ အဖွဲ့ဝင်များအဖြစ် ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး)ဒေါက်တာကျော်ညွန့်စိန်၊ ညွှန်ကြားရေးမှူး (ရောဂါနှိမ်နင်းရေး)ဒေါက်တာစောလွင်၊ ဒုတိယညွှန်ကြားရေးမှူး(တီဘီ)ဒေါက်တာဝင်းမောင်နှင့် ကျန်းမာရေးဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(နိုင်ငံခြား ဆက်သွယ်ရေး)ဒေါက်တာကျော်ခိုင်တို့ ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရန်ကုန်တိုင်း လှိုင်သာယာပင်မဓာတ်အားခွဲရုံ ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၁၅**

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် စက်တင်ဘာ ၁၃ရက် နံနက် ၁၁နာရီက ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့နှင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းတို့မှ တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်တိုင်း လှိုင်သာယာပင်မဓာတ်အားခွဲရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ပင်မဓာတ်အားခွဲရုံ(Control Room)ခန်းမ၌ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေး စီမံကိန်း (တောင်ပိုင်း) စီမံကိန်းညွှန်ကြားရေးမှူး ဒုတိယအင်ဂျင်နီယာချုပ် ဦးသိန်းလှိုင်က မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ တည်ဆောက်လျက်ရှိသည့် ရန်ကုန်မြို့တော် ဓာတ်အားကွန်ရက်စနစ်အတွင်းရှိ 230 KV မဟာဓာတ်အားလိုင်း အရေးကြီးစီမံကိန်းများဖြစ်သည့် ကမာနတ်(ပဲခူး)-မြောင်းတကာ မဟာဓာတ်အားလိုင်း၊ ကမာနတ်(ပဲခူး)-သန်လျင် မဟာဓာတ်အားလိုင်း၊ သာကေတ-သန်လျင် မဟာဓာတ်အားလိုင်းများ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် တိုင်ထူ လိုင်းကြိုးဆွဲခြင်းလုပ်ငန်းများ၊ မဟာဓာတ်အားလိုင်းမူးများ ခန့်အပ်တာဝန်ပေးဆောင်ရွက်ထားရှိမှုနှင့် ဓာတ်အားလိုင်းများစစ်ဆေးခြင်း၊ ဓာတ်အားလိုင်း ကြိုးဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

## ဖြန့်ဖြူးမှု

ဆက်လက်၍ လှိုင်သာယာပင်မဓာတ်အားခွဲရုံ ခွဲရုံမှူး ဦးခင်မောင်ညိုက လှိုင်သာယာပင်မဓာတ်အားခွဲရုံသို့ မြောင်းတကာပင်မဓာတ်အားခွဲရုံမှ ဓာတ်အားအဝင်လက်ခံရရှိမှုနှင့် ဘုရင့်နောင်ဓာတ်အားခွဲရုံသို့ ဓာတ်အားချိတ်ဆက်ထားရှိမှု၊ ပင်မဓာတ်အားခွဲရုံမှ 33KV ဓာတ်အားလိုင်း အထွက်ဖီဒါများဖြင့် လှိုင်သာယာခွဲရုံ အမှတ်(၁)နှင့် အမှတ်(၂)ဓာတ်အားလိုင်း၊ ညောင်တုန်းဓာတ်အားလိုင်း၊ ဆိပ်ကြီးခနောင်တိုနှင့်ကော့မှူး၊ ကွမ်းခြံကုန်း ဓာတ်အားလိုင်းများသို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

## ချိတ်ဆက်မှု

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ပင်မဓာတ်အားခွဲရုံ Switch Yard ရှိ ထရန်စဖော်မာများ ကွဲ့ခိုင်မှုအခြေအနေ၊ ဓာတ်အားလိုင်းများ အဝင်အထွက် ချိတ်ဆက်ထားရှိမှုနှင့် ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးလျက်ရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များကို မှာကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မအူပင်မြို့နယ်ရှိ ငါးမွေးမြူရေးစခန်းများ ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း လှည့်လည်ကြည့်ရှုစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၁၅**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် စက်တင်ဘာ ၁၃ရက် နံနက်ပိုင်းက ဧရာဝတီတိုင်း မအူပင်မြို့နယ်ရှိ ဖြိုးဧရာငါးမွေးမြူရေးလုပ်ငန်း၏ အမှတ် (၂) ငါးမွေးမြူရေးစခန်း (ဝါးတော)ရှိ ဖြိုးဧရာငါးမွေးမြူရေးစခန်းများ၏ လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

## တင်ပြဆွေးနွေး

ထို့နောက် ဖြိုးဧရာငါးမွေးမြူရေးလုပ်ငန်းတာဝန်ခံက ငါးအသားတိုးမွေးမြူသည့် စခန်းတစ်ခုချင်းအလိုက် လုပ်ငန်းဆောင်ရွက်နေမှု၊ ဖြိုးဧရာငါးမွေးမြူရေးစခန်း အမှတ်(၁) သဇင်ရေကျော်စခန်း၊ အမှတ်(၂) ဝါးတောနှင့် စခန်းအမှတ် (၃) မိုးကုတ်ဒီးဒုတ် စခန်းတာဝန်ခံများက မွေးမြူထားရှိမှုနှင့် ဖော်ယူရောင်းချရန် ဆောင်ရွက်ထားရှိမှုတို့ကို အသီးသီးတင်ပြဆွေးနွေးကြသည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဖြိုးဧရာငါးမွေးမြူရေးစခန်း အမှတ်(၂)ဝါးတော၏ ၁၀လသားအရွယ် အသားတိုးငါးများ၏ ကြီးထွားနှုန်း အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

## ဖြည့်ဆည်းမှာကြား

ယင်းနောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မအူပင်မြို့နယ် မီးသွေးချောင်းကျေးရွာရှိ ဖြိုးဧရာငါးမွေးမြူရေးစခန်း အမှတ်(၆) မီးသွေးချောင်းရှင်းလင်းဆောင်၌ စခန်းတာဝန်ခံနှင့် တာဝန်ရှိသူများ၏ ပထမဆုံးအကြိမ် အသားတိုးငါးမွေးမြူမှု အခြေအနေတင်ပြချက်များအပေါ်ဆောင်ရွက်ရန် လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားပြီး ၁၀လသားအရွယ်ရှိ အသားတိုးငါးမွေးကန်များ၏ ကြီးထွားနှုန်း ကောင်းမွန်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဓာတ်ပုံ၊ နံရံကပ်စာစောင်နှင့်ဟောပြောပွဲ ညောင်တုန်း အထက(၁)၌ကျင်းပ

**ညောင်တုန်း စက်တင်ဘာ ၁၅**

ညောင်တုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ပညာရေးဌာနနှင့်မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့တို့ ပူးပေါင်းကျင်းပသော ဓာတ်ပုံ၊ နံရံကပ်စာစောင်နှင့် ပညာပေးဟောပြောပွဲကို ညောင်တုန်းမြို့ အထက(၁) လှိုင်ပညာခန်းမတွင် စက်တင်ဘာ ၅ရက်က ကျင်းပသည်။

ရှေးဦးစွာ ဧရာဝတီတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေထွန်း၊ ညောင်တုန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးဦးကိုကိုမောင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်စန်းငွေတို့က ဓာတ်ပုံ၊ စာအုပ်နှင့်နံရံကပ်စာစောင်ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

## ရှင်းလင်းပြောကြား

ထို့နောက် ညောင်တုန်းမြို့နယ် ပညာရေးမှူးဒေါ်စန်းငွေက ဓာတ်ပုံ၊စာအုပ် နံရံကပ်စာစောင်ပြပွဲနှင့် ပညာပေး ဟောပြောပွဲများကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ညောင်တုန်းမြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ် ဆရာဝန်ကြီး ဒေါက်တာမောင်မောင်ဇင်၊ မြို့နယ်ရဲတပ်ဖွဲ့ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်သန်းထွန်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ) ကိုယ်စား ဧရာဝတီတိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေထွန်း **(အပေါ်ပုံ)**တို့ ဟောပြောကြသည်။

(၁၅၂)

16-9 (06).pmd 1 9/17/2008, 2:50 AM

## နယ်စပ်/စည်ပင် ဒုတိယညွှန်ကြားရေးမှူးချုပ် ပင်လုံလူငယ်သင်တန်းကျောင်း စစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်သည် စက်တင်ဘာ ၁၀ရက်က နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ပင်လုံ)၌ ကျင်းပသည့် ကျောင်းကြီးကြပ်ရေးကော်မတီ အစည်းအဝေးသို့ တက်ရောက်ပြီး ကျောင်း၏အုပ်ချုပ်မှုနှင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကာ ကျောင်းသားအိပ်ဆောင်နှင့် စားရိပ်သာတို့ကိုလည်းကောင်း၊ စိုက်ပျိုးခင်းများ၊ ဝက်မွေးမြူရေးခြံများနှင့် ငါးမွေးမြူရေးကန်များကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။**(အပေါ်ပုံ)**

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ထူးချွန်ကျောင်းသားများအားဆုများ ချီးမြှင့်ပြီး ဝန်ထမ်းများအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## လှိုင်သာယာမြို့နယ် လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီးက ကြီးမှူးကျင်းပသည့် လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲနှင့် စိတ်ဓာတ်ခွန်အားမြှင့်တင်ရေး ဟောပြောပွဲကို စက်တင်ဘာ ၁၂ရက်က ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမှတ်(၇)ရပ်ကွက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီးမှ ဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးနှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်နှင့်မြို့နယ်မှ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လေဘေးသင့်ပြည်သူများအား လူသုံးကုန်နှင့် တိုင်းရင်းဆေးများ ပေးအပ်လှူဒါန်းကာ စာရေးဆရာအဏ္ဏဝါစိုးမိုးက ဘဝသက်တံအရောင်များ ထွန်းပြောင်ပါစေသား ခေါင်းစဉ်ဖြင့် စိတ်ဓာတ်ခွန်အားမြှင့်တင်ရေး ဟောပြောခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကမ္ဘာကြီးပူနွေးမှုကို ဖြစ်ပေါ်စေသော ဓာတုပစ္စည်းများ ထိန်းချုပ်ခြင်းကြောင့် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးကိုလည်း ပံ့ပိုးပေးလျက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၆

**၂၀၀၈ခုနှစ် စက်တင်ဘာ ၁၆ရက်တွင်ကျရောက်သော အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့သို့ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သော သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**

### အကျိုးသက်ရောက်

ဈေးကွက်ယောက်ယက်ခတ်မှုများ၊ စီးပွားရေးမတည်ငြိမ်မှုများနှင့် ယာယီစီးပွားရေးကပ်ဟု ပြောဆိုမှုများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းအတွက် ခက်ခဲကြမ်းတမ်းသော အချိန်ကာလများအဖြစ် သမိုင်းဝင် အကျိုးသက်ရောက်လျက်ရှိပါသည်။ ဤအခိုက်အတန့် ကာလများတွင် ကမ္ဘာ့ ပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းကို အပိုလုပ်ငန်းတစ်ရပ်အဖြစ် ရှုမြင်ပြီး စီးပွားရေးပြန်လည်ကောင်းမွန်လာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ အတွက် ဝန်ထုပ်ဝန်ပိုး တစ်ရပ်အဖြစ် ရှုမြင်လျက်ရှိကြပါသည်။ သို့သော် အဆိုပါရှုမြင် တွေးထင်မှုများသည် ဒဏ္ဍာရီမျှသာဖြစ်ကြောင်း ယနေ့ကျွန်ုပ်တို့ ဆင်ယင်ကျင်းပလျက်ရှိသည့် ထူးခြားသော အိုဇုန်းလွှာထိန်းသိမ်းရေးနေ့က ပြသလျက်ရှိပါသည်။

### ရာသီဥတုပြောင်းလဲမှု

ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအား ခြိမ်းခြောက်မှုများနှင့် စိန်ခေါ်မှုများကို တိကျပြတ်သားစွာ အရေးယူဆောင်ရွက်မှုများသည် ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများအပေါ် ကျယ်ပြန့်စွာ အကျိုးသက်ရောက်စေနိုင်ပါသည်။ ကမ္ဘာကြီး၏ ထိခိုက်လွယ်သော သဘာဝအကာအရံ ပျက်စီးမှုကို တိုက်ဖျက်ရန် ကျွန်ုပ်တို့၏ကြိုးပမ်းမှုများကို အခြေခံထားသည့် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီယယ်နောက်ဆက်တွဲ စာချုပ်သည် ကမ္ဘာကြီးပူနွေးမှုကို ဖြစ်ပေါ်စေသော ဓာတုပစ္စည်းများကို ထိန်းချုပ်ထားခြင်းကြောင့် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးကိုလည်း ပံ့ပိုးပေးလျက် ရှိပါသည်။ ရေခဲသေတ္တာစသည့် ထုတ်ကုန်ပစ္စည်းများတွင် သုံးစွဲသော ကလိုရိုဖလူယိုကာဗွန်(စီအက်ဖ်စီ)သုံးစွဲမှုကို လျှော့ချရပ်ဆိုင်းရေး နှင့် ဟိုက်ဒရိုကလိုရို ဖလူယိုကာဗွန်(အိပ်ချ်စီအက်ဖ်စီ)သုံးစွဲမှုကို ကန့်သတ် လျှော့ချရပ်ဆိုင်းရေးကို အရှိန်တိုးမြှင့်ရန် ယခုဆုံးဖြတ်မှုတို့သည် စာချုပ်က ချက်ချင်းချမှတ်ပေးသော အကျိုးကျေးဇူးနှစ်ရပ်ပင် ဖြစ်ပါသည်။

### စုပေါင်းညှိနှိုင်း

အစိုးရများအနေဖြင့် အဆိုပါရလဒ်များကိုတွေ့မြင်ပြီး ပတ်ဝန်းကျင်ဆိုင်ရာ ကျယ်ပြန့်သောစိန်ခေါ်မှု အတိုင်းအတာတစ်ရပ်နှင့် အချိန်အခါမကောင်းမှုများကို ကျော်ဖြတ်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။ အဆိုပါ ဆောင်ရွက်မှုတွင် ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးသဘောတူစာချုပ် ပေါင်းစုံအကြားမှ ဖြစ်ပေါ်လာနိုင်သော စုပေါင်းညှိနှိုင်းဆောင်ရွက်မှု အကျိုးရလဒ်များကို ပိုမိုပြည့်ဝစွာ ရှာဖွေတွေ့ရှိမှုလည်း ပါဝင်သင့်ပါသည်။

### အထောက်အကူဖြစ်

ရှေ့နှစ် ကိုပင်ဟေဂင်မြို့တွင် အစိုးရများသည် အရေးကြီးသော ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစည်းအဝေးတစ်ရပ်၌ စုဝေးကြပါဦးမည်။ ကျွန်ုပ်တို့၏ ရည်မှန်းချက်သည် ကမ္ဘာကြီးအား လေထုအတွင်း ဖန်လုံအိမ်အာနိသင်ရှိသောဓာတ်ငွေ့များ စုစည်းမှု တည်ငြိမ်ရေးအတွက် လမ်းကြောင်း သတ်မှတ်ပေးရန်နှင့် ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုကို ဆီလျော်သည့်ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ပေးရန်အတွက် ထိခိုက်နိုင်သော နိုင်ငံများအား လိုအပ်သည့် ဘဏ္ဍာရေးထောက်ပံ့မှုပေးရန် တိကျပြတ်သားသော သဘောတူညီချက်တစ်ရပ် ရရှိရေးပင်ဖြစ်ပါသည်။ အဆိုပါ သဘောတူညီချက်သည် ကျွန်ုပ်တို့ခေတ်ကာလတွင် အကြီးမားဆုံးသော စိန်ခေါ်မှုများ၏ တိုးတက်ဖြစ်ပေါ်မှုကို ကိုယ်စားပြုရန်သာမက မြို့ပြလေထုညစ်ညမ်းမှု၊ သစ်တောပြုန်းတီးမှု၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးမှုနှင့် အခြားဘေးအန္တရာယ်များအား အရေးယူဖြေရှင်းမှုများကိုလည်း အထောက်အကူဖြစ်စေရန်အတွက် ဖြစ်ပါသည်။

### လျင်မြန်စွာကုစား

ဓာတုပစ္စည်းများ၏ တိုက်ခိုက်မှုများကို ဆယ်စုနှစ်များနှင့်ချီ၍ ခံစားရပြီးနောက် အိုဇုန်းလွှာအပြည့်အဝ ပြန်လည်ကောင်းမွန်ရေးအတွက် နောင်အနှစ် ၅၀ သို့မဟုတ် ယင်းထက်ပို၍ ကြာရှည်နိုင်ပါသည်။ မွန်ထရီယယ်နောက်ဆက်တွဲစာချုပ်က ကျွန်ုပ်တို့ကို သင်ကြားပေးလိုက်သကဲ့သို့ပင် ပတ်ဝန်းကျင် ယိုယွင်းမှုသည် ကာလကြာရှည်ပါက ပြန်လည်ကုစားရန်လည်း ခရီးရှည်တတ်ပြီး လျင်မြန်စွာကုစား၍မရပါ။စာချုပ်၏ ဆက်စပ်လွှမ်းခြုံနေသော သင်ခန်းစာအရ စိန်ခေါ်မှုတစ်ရပ်ကို ဖြေရှင်းဆောင်ရွက်ပြီး နောက်ထပ်စိန်ခေါ်မှုများစွာကိုလည်း ဖြေရှင်းဆောင်ရွက်ရပါသည်။ ကိုပင်ဟေဂင်အစည်းအဝေးနှင့်အခြားဆောင်ရွက်မှုများမှ ဖြတ်ကျော်မှုအသစ်များ၏ ဆက်လက်ဖြစ်ပေါ် တိုးတက်မှုနှင့် ဖြစ်နိုင်ခြေရှိမှုတို့သည် ထောင်စုနှစ်ရည်မှန်းချက်များ အောင်မြင်ရေးအတွက် ထူးခြားသော ဖြည့်ဆည်းပံ့ပိုးမှုများပင်ဖြစ်ပါသည်။

### ပိုမိုဆောင်ရွက်

ဤအပြည်ပြည်ဆိုင်ရာနေ့တွင် ရှုထောင့်ပေါင်းစုံမှ အခွင့်အလမ်းများ ပိုမိုဆုပ်ကိုင်ဆောင်ရွက်ရေးကို ကတိပြုကြရန်နှင့် အနာဂတ်တွင် ပတ်ဝန်းကျင်ကို မထိခိုက်သော စီးပွားရေးကို ဖန်တီးရန်အတွက် ယနေ့အချိန်အခါ၌ ကျွန်ုပ်တို့၏ အကောင်းဆုံးဆောင်ရွက်မှုကို ပြုလုပ်ကြရန် တိုက်တွန်းအပ်ပါသည်။ ။ **(သတင်းစဉ်)**

## မာမီးခေါက်ဆွဲ ခဲခြစ်ကံစမ်းမဲအစီအစဉ် မိတ်ဆက်ရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၅

**မြန်မာမာမီးဒါဘယ်ဒက်ကာ လီမိတက်၏ မာမီးခေါက်ဆွဲ ခဲခြစ်ကံစမ်းမဲ အစီအစဉ် မိတ်ဆက်ရှင်းလင်းပွဲကို ယမန်နေ့ မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ရှိ Summit Parkview ဟိုတယ်၌ ကျင်းပသည်။**

### နှုတ်ခွန်းဆက်စကား

ရှေးဦးစွာ မြန်မာမာမီးဒါဘယ်ဒက်ကာလီမိတက်၏ Business Manager ဦးတင်မောင်အေးလွင်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး မာမီးခေါက်ဆွဲ ဖြန့်ဖြူးရောင်းချရေး Asia Light Co.,Ltd. မှ မာမီး Product တာဝန်ခံဦးနေမျိုးက မာမီးခေါက်ဆွဲ ဖြန့်ဖြူးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။**(အပေါ်ပုံ)**

### ကံစမ်းမဲဖောက်

ထို့နောက် မြန်မာ မာမီးဒါဘယ်ဒက်ကာလီမိတက် Business Manager ဦးတင်မောင်အေးလွင်က မာမီးခေါက်ဆွဲ၏ ကျပ်သိန်း ၁၂၀၀ ခဲခြစ်ကံစမ်းမဲအစီအစဉ်ကို အသေးစိတ်ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများအား ကံစမ်းမဲဖောက်ပေးသည်။

### လဲလှယ်ထုတ်ယူနိုင်

မာမီးခေါက်ဆွဲမှ ကျပ်သိန်း ၁၂၀၀ ခဲခြစ်ကံစမ်းမဲအစီအစဉ်ကို ၂၀၀၈ခုနှစ် စက်တင်ဘာ ၁၅ရက်တွင် စတင်မည်ဖြစ်ပြီး မာမီးခေါက်ဆွဲထုပ်များမှ ခဲခြစ်ကံစမ်းမဲ ပေါက်မဲဆု ကျပ်၁၀သိန်းဆုများ၊ ကျပ်ငါးသိန်းဆုများနှင့် ကျပ်တစ်သိန်းဆုများကို မာမီးခေါက်ဆွဲ၏ မြန်မာမာမီးဒါဘယ်ဒက်ကာလီမိတက်စက်ရုံတည်ရှိရာ အမှတ်(၄၁) အမှတ်(၃)လမ်းမကြီး မင်္ဂလာဒုံစက်မှုဇုန် ရန်ကုန်မြို့၌လည်းကောင်း၊ ပေါက်မဲဆု ကျပ်ငါးသောင်းဆုများ၊ ကျပ်နှစ်သောင်းဆုများ၊ တစ်သောင်းဆုများနှင့် ကျပ်ငါးထောင်ဆုများကို မြန်မာနိုင်ငံရှိ Asia Light ရုံးခွဲများတွင်လည်းကောင်း မှတ်ပုံတင်များနှင့်တကွ လာရောက်ထုတ်ယူနိုင်ကာ ပေါက်မဲဆုကျပ် ၁၀၀၀နှင့် ကျပ်၅၀၀များကိုမူ မာမီးခေါက်ဆွဲအရောင်းဆိုင်များတွင် လဲလှယ်ထုတ်ယူနိုင်သည်။

### ထပ်မံချီးမြှင့်

ထို့အပြင် မာမီးခဲခြစ် ကံစမ်းမဲကတ်ပြား လဲလှယ်ပေးသော မာမီးခေါက်ဆွဲ အရောင်းဆိုင်များကိုလည်း ပေါက်မဲ၏ ၁၀ ရာခိုင်နှုန်းကို ထပ်မံချီးမြှင့်ပေးသွားမည်ဖြစ်ပြီး ကံစမ်းမဲဆုများကိုမူ ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၅ရက်တွင် နောက်ဆုံးထား၍ လဲလှယ်ထုတ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

စက်တင်ဘာ ၂ ရက်က မကွေးတိုင်း သရက်ခရိုင် ကံမမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး ဖွင့်လှစ်သည့်စာကြည့်တိုက်ပညာ ဆင့်ပွား သင် တန်း (၁/၂၀၀၈) တွင် သရက် ခရိုင် ဦးစီး အရာရှိဦးဝင်းမြိုင်က သင်တန်းပို့ချ ဟောပြောစဉ်။ (မြို့နယ်ပြန်/ဆက်)

စက်တင်ဘာ ၈ရက်က ရန်ကုန် အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်၏ ၂၀၀၈ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို အထက(၁) မရမ်းကုန်း စန္ဒီမာခန်းမ၌ကျင်းပရာ မရမ်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်အုန်းက အမှာစကားပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်-ပုသိမ် ကားလမ်း မိုင်တိုင်အမှတ် (၃၆/၀) မှ (၄၃/၅) အတွင်း၌ လမ်းပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးအားပေးစဉ်။** (သတင်းစဉ်)

✳ *ရှေ့ဖုံးမှ*

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် တာဝန်ရှိသူများနှင့်အတူ ညောင်တုန်း မြို့နယ် မဲဇလီကျေးရွာအနီး၌ ရန်ကုန်-ပုသိမ်ကားလမ်း ထိန်းသိမ်း ပြုပြင် ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လေယာဉ်ကွင်းဆောက်လုပ်ရေး အထူးအဖွဲ့(၂)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်လှိုင်နှင့် တာဝန်ရှိသူများက ရန်ကုန်-ပုသိမ်ကားလမ်း မိုင်တိုင်အမှတ် (၁၇/၄) မှ (၂၈/၂)အတွင်းရှိ လမ်းပိုင်းအနက် မိုးရာသီအတွင်း ပျက်စီးခဲ့သည့် လမ်းများအား ထိန်းသိမ်းပြင်ဆင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

## လိုအပ်ချက်မှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က လိုအပ်ချက်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး လမ်းတစ်လျှောက်၌ လမ်းများကောင်းမွန်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများ၊ လမ်းပြုပြင်ထိန်းသိမ်းရေးအတွက် ကျောက်၊ သဲ စုပုံထားမှုများကို ကြည့်ရှုကြသည်။

## လမ်းလုပ်ငန်းတင်ပြ

ထိုမှတစ်ဆင့် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လမ်းဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၄)က တာဝန်ယူပြင်ဆင်လျက်ရှိသည့် ရန်ကုန်-ပုသိမ် ကားလမ်း မိုင်တိုင်အမှတ် (၃၆/၀)မှ (၄၃/၅)အတွင်းရှိ လမ်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ အင်ဂျင်နီယာမှူး ဦးစိုင်းကျော်မိုးနှင့် တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည့် လမ်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကိုမှာကြားပြီး လမ်းပြုပြင်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေး အားပေးသည်။

## ပြင်ဆင်ထိန်းသိမ်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နံနက် ၉နာရီတွင် ဗိုလ်မြတ်ထွန်းတံတားသို့ ရောက်ရှိကြရာ တံတားအနီးရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်-ပုသိမ်ကားလမ်း ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

## ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဧရာဝတီတိုင်း ဦးစီးဌာနမှူး ဦးစောအောင်လွင်က ဗိုလ်မြတ်ထွန်းတံတားအနီး၌ ဧရာဝတီမြစ်ကမ်း ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်မှုများ၊ ရေလမ်းတည်ငြိမ်ရေးဆောင်ရွက်မှုများနှင့် တိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

## မှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြပြီး ပန်းတနော်မြို့နယ် ဦးတိုကျေးရွာအနီး၌ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်၏ ရန်ကုန်-ပုသိမ်ကားလမ်း ထိန်းသိမ်းပြင်ဆင် ဆောင်ရွက်ခြင်း လုပ်ငန်းခွင်သို့ရောက်ရှိ၍ ကြည့်ရှုစစ်ဆေးကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ အေးရှားဝေါလ် ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးထွန်းမြင့်နိုင်နှင့် တာဝန်ရှိသူများက လမ်းလုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ယခုပြင်ဆင်ပြီးသည့်လမ်းများကို နောင်တွင် ပျက်စီးမှုမရှိစေရေးအတွက် တစ်ပေါက်ပေါက် တစ်ပေါက်ဖာစနစ်ဖြင့် ပြုပြင်ရန်၊ လမ်းအပိုင်းလိုက် တာဝန်ခံများအား သတ်သတ်မှတ်မှတ် တာဝန်ပေးပြီး လမ်းများ အမြဲကောင်းမွန်ရေး ဆောင်ရွက်ရန်နှင့် အပျက်အစီးအများဆုံး လမ်းနေရာများကို မှတ်တမ်းထားပြီး နောင်တွင် ပျက်စီးမှုရှိက ပြင်ဆင်နိုင်ရေးအတွက် လိုအပ်သည့် ကျောက်၊သဲ၊ ကတ္တရာများကို ကြိုတင်စုဆောင်းထားရန် တာဝန်ရှိသူများအား မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လမ်းပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ လမ်းတစ်လျှောက်ရှိ မြို့နယ်အသီးသီး၌ မိုးစပါး အောင်မြင်ဖြစ်ထွန်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာခဲ့ကြရာ ပုသိမ်မြို့သို့ နံနက်၁၁နာရီ၄၅မိနစ်တွင် ရောက်ရှိကြသည်။ **(သတင်းစဉ်)**

---

❐ *ကျောဖုံးမှ*

လေထုနှင့် ပေါင်းဆုံမိသည်။ မိုးအရွာတွင် ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပေါ်ပြီး ထစ်ချုန်းမိုးတိမ်တိုက်တစ်ခု ဖြစ်ပေါ်ကာ လေဆင်နှာမောင်းအဖြစ်သို့ ရောက်ရှိလာသည်။

### ရွေ့လျားတိုက်ခတ်

ယင်းလေဆင်နှာမောင်းသည် လျင်မြန်စွာ အားကောင်းလာပြီး မိုးရွာခြင်း၊ လျှပ်စီးများလက်ခြင်းနှင့် မိုးခြိမ်းခြင်းများ ဖြစ်ပေါ်သည်။ ထောင်လိုက် ရွေ့လျားနေသောလေထုမှာ အလွန်လျင်မြန်စွာ ရွေ့လျားပြီး လေများမှာ လားရာအမျိုးမျိုးကြောင့် ပတ်ချာလည်နေသည်။ မြေပြင်နှင့် တိမ်တိုက်များအကြား ဖန်ကတော့ပုံ အနေအထားအတိုင်း ရွေ့လျား တိုက်ခတ်နေသည်ကို တွေ့မြင်နိုင်မည်ဖြစ်သည်။

ယင်းတိုက်ခတ်နေသော လေပွေ၊ လေဝဲသည် အရွယ်အစားနှင့် ပုံသဏ္ဌာန်အမျိုးမျိုးသို့ ပြောင်းလဲနိုင်သည်။ အရွယ်အစားမှာ မီတာ ရာနှင့်ချီ၍ ကျယ်ပြန့်လာနိုင်သည်။ လေဆင်နှာမောင်းတစ်ခုသည် စက္ကန့်ပိုင်းမှ တစ်နာရီအထက်ကြာမြင့်စွာ တိုက်ခတ်နိုင်သည်။ ရွေ့လျားတိုက်ခတ်သည့် လမ်းကြောင်းမှာလည်း နာရီပိုင်းအတွင်း မိုင်အများအပြားတိုက်ခတ်နိုင်သည်။

### ခန့်မှန်းတိုင်းတာ

လေဆင်နှာမောင်းအတွင်းရှိ လေများသည် လျင်မြန်စွာ တိုက်ခတ်နေသဖြင့် တိုင်းတာရန် မလွယ်ကူပေ။ သို့သော် လေဆင်နှာမောင်းတစ်ခု၏ တိုက်ခတ်နှုန်းကို ဖူဂျီတာစကေးဖြင့် ခန့်မှန်းတိုင်းတာကြသည်။ အက်ဖ်အို လေဆင်နှာမောင်း အမျိုးအစားသည် တစ်နာရီ ၇၅မိုင်နှုန်း တိုက်ခတ်ပြီး သာမန်ပျက်စီးမှုဖြစ်ပေါ်နိုင်သည့် လေမုန်တိုင်း အမျိုးအစား ဖြစ်သည်။ သစ်ကိုင်းများ ကျိုးကျခြင်းလောက်သာ ဖြစ်နိုင်သည်။

အက်ဖ်-၁ လေဆင်နှာမောင်း အမျိုးအစားသည်လည်း ပျက်စီးမှု နည်းပါးသည်။ တစ်နာရီ၇၃မိုင်မှ ၁၁၂မိုင် တိုက်ခတ်သည်။ သို့သော် မော်တော်ကားများ လွင့်ပါနိုင်သည်။ နေအိမ်များလည်း အုတ်မြစ်မှ ကျွတ်ပါသွားနိုင်သည်။ အက်ဖ်-၂ လေဆင်နှာမောင်းအမျိုးအစားသည် အားပြင်း လေဆင်နှာမောင်း အမျိုးအစားဖြစ်သည်။ တစ်နာရီ၁၁၃မိုင်မှ ၁၅၇မိုင်နှုန်း တိုက်ခတ်သည်။ နေအိမ်များ လွင့်ပါနိုင်ပြီး ကြီးမားသော သစ်ပင်ကြီးများ အမြစ်မှ ကျွတ်ထွက်ပါသွားနိုင်သည့် မုန်တိုင်းမျိုးဖြစ်သည်။

### အက်ဖ်-၃

အက်ဖ်-၃ လေဆင်နှာမောင်း အမျိုးအစားသည် မီးရထားများ တိမ်းမှောက်နိုင်သည့် အားပြင်းလေမုန်တိုင်း အမျိုးအစားဖြစ်သည်။ တစ်နာရီလျှင် ၁၅၈ မိုင်မှ ၂၀၆မိုင်အထိ တိုက်ခတ်သည်။ သစ်ပင်ကြီးများ၊ ကုန်တင်ကားကြီးများ၊ နေအိမ်အုတ်တံတိုင်းများ လွင့်ပါလဲပြိုနိုင်သည့် မုန်တိုင်းအမျိုးအစားဖြစ်သည်။

### အက်ဖ်-၄

အက်ဖ်-၄ လေဆင်နှာမောင်း အမျိုးအစားသည် တစ်နာရီလျှင်၂၀၇မိုင်မှ မိုင်၂၆၀အထိတိုက်ခတ်သည်။ပျက်စီးမှုများပြီး ပြင်းထန်သည့် လေမုန်တိုင်း အမျိုးအစားဖြစ်သည်။ အခိုင်အမာဆောက်လုပ်ထားသော အဆောက်အအုံများ၊ ကြီးမားသောအရာဝတ္ထုများ လေထဲတွင် လွင့်ပါသွားနိုင်သည်။

### အက်ဖ်-၅

အက်ဖ်-၅ လေဆင်နှာမောင်း အမျိုးအစားသည် တစ်နာရီလျှင် ၂၆၁မိုင်မှ ၃၁၈မိုင်အထိ တိုက်ခတ်သည်။ အလွန်ပြင်းထန်သည့် လေမုန်တိုင်း အမျိုးအစားဖြစ်သည်။ မော်တော်ကားများ မီတာ၁၀၀ကျော်အထိ လွင့်သွားနိုင်သည်။ ကြီးမားသောအဆောက်အအုံများ တံမြက်စည်းဖြင့် လှဲချလိုက်သကဲ့သို့ လွင့်ပါသွားနိုင်သည့် မုန်တိုင်းအမျိုးအစားဖြစ်သည်။

### အဆိုးရွားဆုံး

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ကမ္ဘာ့ရေထု၊ မြေထု အပူချိန်များ မြင့်တက်လာရာမှအစပြု၍ မုန်တိုင်းကြီးများ ဖြစ်ပေါ်လျက်ရှိသည်။ ယင်းမုန်တိုင်းများကြောင့် နှစ်စဉ် လူ့အသက်ပေါင်းများစွာ သေကျေပျက်စီးနေရသကဲ့သို့ ဆုံးရှုံးမှုအားဖြင့်လည်း များပြားလျက်ရှိ၍ အဆိုးရွားဆုံး သဘာဝဘေးအန္တရာယ်များအနက်မှလေဆင်နှာမောင်းမုန်တိုင်းအကြောင်းကို ဗဟုသုတဖြစ်ဖွယ်ရာအဖြစ် ကိုးကားရေးသားဖော်ပြလိုက်ရပါသည်။ ။

**ကိုးကား-အင်တာနက်**

---

# နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း မက္ကဆီကိုနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၁၆**

၂၀၀၈ခုနှစ် စက်တင်ဘာ၁၆ရက်တွင် ကျရောက်သော မက္ကဆီကို ပြည်ထောင်စုနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ မက္ကဆီကိုပြည်ထောင်စုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး သံအမတ်ကြီး ပတ်ထရစ်ရှာ အက်စ်ပီနိုစာ ကဲန်တယ်လ်လာနိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

---

# မြန်မာ့ရုပ်မြင်သံကြား

**၁၆-၉-၂၀၀၈ရက် (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇:၁၅ | ၂။ | ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော် |
| ၇:၂၅ | ၃။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇:၃၀ | ၄။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၅။ | သံသာချိုအေးမင်္ဂလာတေး |
| ၇:၅၀ | ၆။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက |
| ၈:၀၀ | ၇။ | နှောင်းခေတ်တေးပဒေသာ |
| ၈:၁၅ | ၈။ | **၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန်(ကာလပေါ်တေး/ခေတ်ဟောင်းတေး) (အခြေခံပညာ၁၀-၁၅နှစ်) (အမျိုးသား)** |
| ၈:၃၀ | ၉။ | International News |
| ၈:၄၅ | ၁၀။ | တေးဂီတ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄:၁၀ | ၂။ | တေးဂီတအစီအစဉ် |
| ၄:၂၀ | ၃။ | မြန်မာစာ၊ မြန်မာစကား |
| ၄:၃၅ | ၄။ | အကပြိုင်ပွဲ |
| ၄:၄၀ | ၅။ | ကြေးမုံရိပ်သွင်တေးနယ်ဉ် |
| ၄:၅၀ | ၆။ | မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ |
| ၅:၀၀ | ၇။ | **အေးမြသောလေညင်းလေးများ** မေတ္တာ၊ ဇေယျာ၊ စိုးမိုးကြည်၊ ဇူးဇူးမောင် ဒါရိုက်တာ-အောင်မိုး(ပဲရစ်) |
| ၅:၁၀ | ၈။ | ဆိုကြမယ် ပျော်ကြမယ် |
| ၅:၅၀ | ၉။ | **၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေး/ခေတ်ဟောင်းတေး) (အခြေခံပညာ ၁၀-၁၅နှစ်) (အမျိုးသမီး)** |
| ၆:၀၀ | ၁၀။ | ညနေခင်းသတင်း |
| ၆:၃၀ | ၁၁။ | မိုးလေဝသအခြေအနေ |
| ၆:၃၅ | ၁၂။ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ |
| ၆:၅၀ | ၁၃။ | သုတစုံလင်ရွှေဉာဏ်ရှင် |
| ၇:၁၅ | ၁၄။ | နိုင်ငံခြားဇာတ်လမ်းတွဲ **ပန်းပျိုးလက်** (အပိုင်း-၁၀) |
| ၈:၀၀ | ၁၅။ | ပြည်တွင်းသတင်း |
| | ၁၆။ | နိုင်ငံတကာသတင်းများ |
| | ၁၇။ | မိုးလေဝသအခြေအနေ |
| | ၁၈။ | နိုင်ငံခြားဇာတ်လမ်းတွဲ **မျက်ဝန်းရိပ်**(အပိုင်း-၁၀) |

---

▲ *ကျောဖုံးမှ*

### ရင်းနှီးမြှုပ်နှံမှုဘဏ်

လေးမင်းဘရားသားစ်ဘဏ်ကို ဂျာမနီမှ အမေရိကန်သို့ ပြောင်းလာသူသုံးဦးက ၁၈၅၀ပြည့်နှစ်တွင် တည်ထောင်ပြီး ဝေါလ်စထရိ၌ ဆယ်စုနှစ်များစွာကတည်းက ထင်ရှားသည့် ရင်းနှီးမြှုပ်နှံမှုဘဏ်အဖြစ် ရပ်တည်ခဲ့သည်။

ကမ္ဘာတစ်ဝန်းရှိ အစိုးရများ၊ ကုမ္ပဏီများ၊ အခြားသောငွေကြေးဆိုင်ရာအဖွဲ့အစည်းများနှင့် လက်ကားအဆင့်ဖြင့် ဆက်သွယ်လည်ပတ်နေသည့်ဘဏ်ဖြစ်သည်။ ထို့အပြင် ဗြိတိန်နိုင်ငံ၌ ဝန်ထမ်း၅၀၀၀အပါအဝင် ကမ္ဘာတစ်ဝန်းလုံး ဝန်ထမ်း၂၅၀၀၀ကို ဖြန့်ကြက်အလုပ်ခန့်ထား လည်ပတ်လျက်ရှိသည်။

### ဒေါ်လာတန်ဖိုးထိုးကျ

ငွေကြေးဈေးကွက်များ၏ အကျပ်အတည်း အရှိန်မြင့်လာသောအခါ လေးမင်းဘရားသားစ်ဘဏ်၏ ရှယ်ယာဈေးနှုန်းမှာ ၈၂ဒေါ်လာမှ လေးဒေါ်လာအထိ ၉၅ရာခိုင်နှုန်း ထိုးကျခဲ့သည်။

လေးမင်းဘရားသားစ်ဘဏ် ဒေဝါလီခံရမှုကြောင့် တစ်ကမ္ဘာလုံးဆိုင်ရာ ငွေကြေးစနစ် ခိုင်မာမှုနှင့်စပ်လျဉ်း၍ စိုးရိမ်မှုများ ပေါ်ပေါက်လာသည့်အတွက် ဥရောပနှင့် အာရှစတော့ဈေးနှုန်း သိသိသာသာကျသွားပြီး ယူရို၊ ယန်းငွေကြေးတို့နှင့် ရောင်းဝယ်ရာတွင် ဒေါ်လာတန်ဖိုးလည်း ထိုးကျသွားခဲ့သည်။

**ကိုးကား-အင်တာနက်**

## မျိုးဆက်ပွား ကျန်းမာရေးသင်တန်း မြစ်ကြီးနား၌ဖွင့်လှစ်

**မြစ်ကြီးနား စက်တင်ဘာ ၁၅**

ကချင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ ပျို့ရွယ်သူ မျိုးဆက်ပွား ကျန်းမာရေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၉ရက် နံနက် ၉နာရီက မြစ်ကြီးနားမြို့ သူနာပြုသားဖွားသင်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

### အမှာစကားပြောကြား

ရှေးဦးစွာ ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွယ်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာ ခင်မောင်ဝင်းက သင်တန်းနှင့် ပတ်သက်၍ သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ မြစ်ကြီးနား မြို့နယ်အတွင်းမှ သင်တန်းသား၊ သင်တန်းသူ ၃၀ တက်ရောက်ကြသည်။

**(ပြည်နယ် ပြန်/ဆက်)**

## တုံတာမြို့၌ ပန်းအလှပင်များစိုက်ပျိုး

**တုံတာ စက်တင်ဘာ ၁၅**

တုံတာမြို့ စည်ပင်သာယာရေး အဖွဲ့မှဝန်ထမ်းများ အမှတ်(၃)ရပ်ကွက် ပြည်ထောင်စုလမ်းမကြီးဘေး ချုံနွယ်များရှင်းလင်း၍ စက္ကူပန်း၊ စိန်တံချူပန်း၊ စိန်ပန်းပုပင်များ မြေချစိုက်ပျိုးနေမှုကို မြို့နယ်တာဝန်ခံ ဦးစိုင်းအေးမင်းနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးစိုင်းအောင်မျိုးထက်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

**(မြို့နယ်စည်ပင်)**

## မြန်မာနယူးစ်ဝိခ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

**ရန်ကုန် စက်တင်ဘာ ၁၅**

ယခုအပတ်ထုတ် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ် ၄၃တွင် စက်တင်ဘာ ၁၀ရက်က ပင်လယ်ဓားပြတို့ဖမ်းဆီးခဲ့သော ကိုရီးယား သင်္ဘောသားများနှင့် မြန်မာ သင်္ဘောသား ၁၃ဦးပါ သင်္ဘောလွတ်မြောက်စေရန် တောင်ကိုရီးယားကြိုးပမ်း၊ မုန်တိုင်းကျရောက်ပါက သင်္ဘောကြီးများ ခိုလှုံနိုင်ရန် နေရာများသတ်မှတ်ထားပြီး အရောင်ကွဲ အလံများသတ်မှတ်၍ ကြိုတင်အချက်ပေးမည်၊ နိုင်ငံတကာအဆင့်မီ ပဲမျိုးစုံဒိုင်ကြီး ဖွင့်လှစ်မည်၊ မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ တင်ပို့ခဲ့သည့် ပဲတန် ၆၀၀၀အား အိန္ဒိယမှ လေလံတင်ရောင်းချ၊ (၃၇)လမ်း လူသတ်မှုမှ တရားခံနှစ်ဦးအား ခြောက်ရက်အတွင်း ဖမ်းဆီးရမိ၊ လှည်းတန်းမီးပွိုင့်အနီး ခရီးသည်တင် ယာဉ်တစ်စီးပေါ်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့၊ ကျပ် ၄၅သိန်းတန် စိန်နားကပ်လုယက်မှု တစ်နာရီအတွင်းဖမ်းဆီးရမိ၊ ကြေးနန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာစေရန် မြန်မာ-ထိုင်း ဖန်မျှင်ဆက်သွယ်ရေး ကြိုးများ စမ်းသပ်ရန်ရှိ၊ ၂၀၀၈ ဒူဘိုင်းရေထွက်ကုန်စည်ပြပွဲ၌ မြန်မာ ပါဝင်ပြသမည်၊ GSM ပွား ဖုန်းများကို လိမ်လည်ရောင်းချသူများရှိနေ၊ မြန်မာ့ရေထွက်ကုန်ပစ္စည်းများကို ရုရှားနိုင်ငံက တိုးမြှင့်ဝယ်ယူ၊ စက်သုံးဆီ မသမာမှုများ နည်းလမ်းမျိုးစုံဖြင့် စစ်ဆေးအရေးယူသွားမည်၊ ဟစ်ဟော့ အနုပ္ပ ခံစားချက်အသစ်ဖြင့် အခွေသစ်ထုတ်လုပ်မည်၊ မြန်မာ-ရုရှား အကျိုးတူ ပူးပေါင်း၍ ရေနံရှာဖွေတူးဖော်ထုတ်လုပ်မည်၊ ဒေါက်တာဦးသံစစ်၏ အသံထွက်၍ စဉ်းစားခြင်း၊ ဒေါက်တာဦးမျိုးသန့်၏ ဆယ်ကျော်သက်မိန်းကလေးများနဲ့ လိင်အင်္ဂါကူးစက်ရောဂါ၊ အစ္စရေးက ရေဒီယိုသတ္တိကြွဗုံးဖြင့် တိုက်ခိုက်မှုကို တုံ့ပြန်ရန် လေ့ကျင့်၊ ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်အား လုပ်ကြံရန် ပူးပေါင်းကြံစည်သူများအား ဖော်ထုတ်ဖမ်းဆီး၊ ရုရှားနှင့် အီရန် စစ်ဘက်ဆိုင်ရာ ဆက်သွယ်မှု အစ္စရေး စိတ်ညစ်နေရ၊ အမေရိကန် ဒုတိယသမ္မတလောင်း ပါလင်က ရုရှားနှင့် ဆင်နွှဲရမည့် စစ်ပွဲအတွက် အသင့်ရှိကြောင်းပြောကြား စသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပသတင်းများနှင့်အတူ ယနေ့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့နံနက်တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၆-၉-၂၀၀၈ ( အင်္ဂါနေ့ )**

**AM & PM**

| | |
|---|---|
| ၇:၀၀-၁:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅-၁:၀၅ | **အားမာန်ဝင့်ချီပန်းတိုင်ဆီ** တရားတော် (ဆရာတော် အရှင်ကဝိဓဇာလင်္ကာရ) |
| ၈:၀၀-၂:၀၀ | Activities in the City (ဂျာမနီမှလေဘေးအလှူ၊ လုမ္ဗိနီဆေးခန်းမှ အခမဲ့ဆေးကုသပွဲ) |
| ၈:၂၀- ၂:၂၀ | Sunday Talk |
| ၉:၁၅-၃:၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၂၅- ၃:၂၅ | စွယ်တော်လေးဆူဆုပန်ယူ |
| ၉:၄၅-၃:၄၅ | တေးဂီတအစီအစဉ် |
| ၉:၅၀-၃:၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉:၅၅-၃:၅၅ | Diploma Guide (Diploma in Business Management အကြောင်းသိကောင်းစရာ) |
| ၁၀:၀၅-၄:၀၅ | တေးဂီတအစီအစဉ် |
| ၁၀:၁၀-၄:၁၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀:၁၅-၄:၁၅ | ဆွာချောင်းရေလှောင်တမံ |
| ၁၀:၂၅-၄:၂၅ | တေးဂီတအစီအစဉ် |
| ၁၀:၃၀-၄:၃၀ | သစ်တောများ မပြုန်းတီးစေရာ စွမ်းအားဖြင့် အေဝမ်းမီးဖိုထုတ်လုပ်ရာ |
| ၁၀:၄၅-၄:၄၅ | တေးဂီတအစီအစဉ် |
| ၁၀:၅၀-၄:၅၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁:၀၅-၅:၀၅ | Cartoon Show Time (Bee Movie) |
| ၁၁:၄၀-၅:၄၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁:၄၅-၅:၄၅ | တေးဂီတအစီအစဉ် |
| ၁၁:၅၀-၅:၅၀ | ကြိုတင်ကာကွယ်ပါ သွေးလွန်တုပ်ကွေးရောဂါ ဒေါက်တာအေးကျော် (ဇီဝကမ္မဗေဒ) |
| ၁၂:၁၅-၆:၁၅ | တေးဂီတအစီအစဉ် |
| ၁၂:၂၀-၆:၂၀ | **ရေမြင့်---ကြာတင့်** ခန့်စည်သူ၊ ဇော၊ ငှက်ပျောကြော်၊ ထင်ပေါ်၊ မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ်ငွမ်းပုံ၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-ဖုန်းမြင့်အောင်) |
| ၁၂:၃၅-၆:၃၅ | ဆုရ အက |
| ၁၂:၄၀-၆:၄၀ | Music Gallery (နိုင်းနိုင်း၊ ရက်မြတ်မင်္ဂလာ) |
| ၁:၀၀-၇:၀၀ | MRTV-4 အပိတ် Logo |

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။**

**Champions League ဘောလုံးပွဲစဉ်များ**

| နံနက်ပိုင်း | ပြသမည့်လိုင်း |
|---|---|
| ၁:၀၀ | ESPN(Li ve) |
| ၁:၀၀ | Star Sport (Li ve) |

# ကျောက်ကြီးမြို့ သိမ်တန်းရပ်ကွက် ဗီဒီယိုရုံ၌ ဖောက်ခွဲခဲ့သည့် တရားခံအား ဖမ်းဆီးရမိ အသွင်အမျိုးမျိုးဖြင့် ထိုးဖောက်ဝင်ရောက်လာမည့် ဖောက်ခွဲဖျက်ဆီးရေးသမားများ၊ အကြမ်းဖက်အဖျက်သမားများ အကြမ်းဖက်ဖောက်ခွဲမှုများ မပြုလုပ်နိုင်ရေးအတွက် ပြည်သူများအနေဖြင့် သက်ဆိုင်ရာနှင့်အတူ ဝိုင်းဝန်းဖော်ထုတ်

နေပြည်တော် စက်တင်ဘာ ၁၅

**စက်တင်ဘာ ၁၁ရက် ည ၇နာရီ ၅မိနစ်ခန့်က ပဲခူးတိုင်း ကျောက်ကြီးမြို့ သိမ်တန်းရပ်ကွက်ရှိ ကုန်စုံဆိုင်တစ်ဆိုင်၏ ပစ္စည်းများ ခင်းကျင်းထားသည့်အောက်၌ ပလတ်စတစ်ဘူးဖြင့် ပြုလုပ် ထားသော လက်လုပ်ချိန်ကိုက်မိုင်းတစ်လုံးကို တွေ့ရှိသဖြင့် သက်ဆိုင်ရာမှ စနစ်တကျ ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုသို့ရှင်းလင်းဆောင်ရွက်နေစဉ် ည ၈နာရီ မိနစ်၂၀နှင့် ၈နာရီခွဲတို့တွင် သိမ်တန်းရပ်ကွက်ရှိ ဗီဒီယိုရုံတစ်ရုံ၌ မိုင်းနှစ်လုံးပေါက်ကွဲခဲ့ကြောင်း၊ ပေါက်ကွဲမှုကြောင့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ သေဆုံးပြီး အမျိုးသားရှစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ဒဏ်ရာအသီးသီးရရှိခဲ့ကြောင်း စက်တင်ဘာ ၁၂ရက်တွင် သတင်းများထုတ်ပြန်ပေးခဲ့ပြီး ဖြစ်သည်။**

### သေဆုံးဒဏ်ရာရ

အဆိုပါဖြစ်စဉ်တွင် သေဆုံးခဲ့သူ နှစ်ဦးမှာ မောင်စောဘိုနေထွန်း (ဘ) ဦးစောကပေါ်ဟဲ၊ ကျောင်းသား၊ ၁၃နှစ်(ကရင်)နှင့် မပန်းနုခိုင် (ဘ) ဦးဖိုးဆီ၊ ကျပန်း၊ အသက်၂၀ (ဗမာ)တို့ ဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူ ကိုးဦးမှာ မလင်းဇာနည်ဝင်း (ဘ) ဦးတင်ဝင်း၊ ကျောင်းသူ၊ ၁၄နှစ်(ဗမာ)၊ မောင်စောမူကပေါ်ထူး (ဘ) ဦးထီးပေါ်ထူး၊ ကျောင်းသား၊ ၁၂နှစ်(ကရင်)၊ မောင်စောကျော်ဆိုဝါး (ဘ) ဦးသံခဲ၊ ကျောင်းသား၊ ၁၃နှစ် (ကရင်)၊ မောင်အောင်နိုင်ဦး (ဘ) ဦးစိုးကြည်၊ ကျပန်း၊ အသက်၂၀(ဗမာ)၊ မောင်ချစ်ရင်ထူး (ဘ) ဦးစိုးဝင်း၊ ကျပန်း၊ အသက်၂၀(ဗမာ)၊ မောင်စောဒါစီထူး (ဘ) ဦးစောအယ်ကော်စီ၊ ကျပန်း၊ ၁၉နှစ်(ကရင်)၊ မောင်စောထူးလေးစိုး (ဘ) ဦးစောပလာထူး၊ ကျောင်းသား၊ ခုနစ်နှစ် (ကရင်)၊ မောင်စောဗူကေထူး (ဘ) ဦးစောထူးဖော၊ ကျပန်း၊ ၁၇နှစ်(ကရင်)နှင့် မောင်စောဒါဆေးဆေး (ဘ) ဦးစောမောင်ထူး၊ ကျပန်း၊ အသက်၂၀(ကရင်) တို့ဖြစ်ကြောင်း သိရသည်။

### သေဆုံး

**ပဲခူးတိုင်း ကျောက်ကြီးမြို့ သိမ်တန်းရပ်ကွက်ရှိ ဗီဒီယိုရုံ၌ ပေါက်ကွဲမှုကြောင့် သေဆုံးခဲ့သည့် မောင်စောဘိုနေထွန်း (၁၃)နှစ်။** (သတင်းစဉ်)

ယခုကဲ့သို့ ပေါက်ကွဲမှုဖြစ်စဉ်များတွင် သေဆုံး ထိခိုက်ဒဏ်ရာရရှိသူများမှာ အပြစ်မဲ့ တိုင်းရင်းသား ပြည်သူများသာဖြစ်သဖြင့် ပြည်သူများအတွင်း မိမိတို့၏ဘဝလုံခြုံမှုနှင့် လူမှုစီးပွားဘဝ ထိခိုက်ဆုံးရှုံးမှုများကြောင့် အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများအပေါ် စက်ဆုပ်ရွံရှာလျက်ရှိကြကာ သက်ဆိုင်ရာသို့ အချိန်မီ သတင်းပေးပို့ခဲ့သဖြင့် ကျောက်ကြီးမြို့ ဗီဒီယိုရုံအတွင်း မိုင်းထောင်ဖောက်ခွဲခဲ့သူ တရားခံ စောယာကို(ခ) စောရန်ကုန်အား စက်တင်ဘာ ၁၂ရက် ညနေ ၄နာရီတွင် ၎င်း၏နေအိမ်၌ ဖမ်းဆီးဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

### ဖမ်းဆီးရမိ

တရားခံ စောယာကို(ခ) စောရန်ကုန်မှာ ကျောက်ကြီးမြို့နယ် ငှက်ပျောတောကျေးရွာတွင် နေထိုင်ပြီး ၁၉၇၆ ခုနှစ်တွင် KNU ရင်း(၂၀)၌တပ်သားအဆင့်ဖြင့် လေးနှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ ၂၀၀၂ ခုနှစ်တွင် KNU ကျောက်ကြီးမြို့နယ် အုပ်ချုပ်ရေးအဖွဲ့မှ ဖဒိုစောနားနှင့် ဆက်သွယ်ကာ နွားမှောင်ခိုလုပ်ငန်း လုပ်ဆောင်ခဲ့ကြောင်း၊ ၂၀၀၈ခုနှစ် ဩဂုတ်လတွင် ရိက္ခာတာဝန်ခံအဖြစ်ဆောင်ရွက်ပြီး KNU ရင်း(၈)သို့ ရိက္ခာဆန်များ စုဆောင်းပေးပို့ခဲ့ကြောင်း၊ စက်တင်ဘာ ၁၀ရက်ညနေ၅နာရီတွင်ကျောက်ကြီးမြို့ ဘောလုံးကွင်း၌ KNU ကျောက်ကြီးမြို့နယ်အုပ်ချုပ်ရေးအဖွဲ့မှ ဖဒိုစောနားက ငွေကျပ်တစ်သိန်းပေး၍ ဖောက်ခွဲစေခဲ့သဖြင့် စက်တင်ဘာ ၁၁ရက်တွင် ကျောက်ကြီးမြို့ သိမ်တန်းရပ်ကွက်ရှိ ဗီဒီယိုရုံအတွင်း မိုင်းနှစ်လုံး ဖောက်ခွဲခဲ့ပြီး သိမ်တန်းရပ်ကွက်ရှိ ကုန်စုံဆိုင်၏ ဝါးတောင်းအတွင်း မိုင်းတစ်လုံးထားရှိကာ အချိန်ကိုက် ပေါက်ကွဲစေရန် ဆောင်ရွက်ခဲ့ကြောင်း ၎င်း၏ ထွက်ဆိုချက်အရ သိရှိရပြီး ၎င်းအား ပြည်သူများ၏ သတင်းပေး တိုင်ကြားခဲ့မှုကြောင့် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

### မိုင်းထောင် ဖောက်ခွဲခဲ့သူ

**ကျောက်ကြီးမြို့ သိမ်တန်းရပ်ကွက်ရှိ ဗီဒီယိုရုံတွင် မိုင်းထောင်ဖောက်ခွဲခဲ့သူ စောယာကို(ခ)စောရန်ကုန်။** (သတင်းစဉ်)

### အဖျက်သမားများ

ပြည်တွင်းပြည်ပ အဖျက်သမားများသည် နိုင်ငံအတွင်း လူစည်ကားသောနေရာများတွင် ဖောက်ခွဲဖျက်ဆီးမှုများ လုပ်ဆောင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ဖောက်ခွဲဖျက်ဆီးရေးသမားများကိုလည်း ပြည်တွင်းသို့ စေလွှတ်ထားကြောင်း သတင်းများရရှိလျက်ရှိရာ KNU ၊ ABSDF နှင့် စွမ်းအားမြင့်ကျောင်းသားစစ်သည်တော်များအဖွဲ့(VBSW)သုံးဖွဲ့တို့ ပူးပေါင်းစီစဉ်၍ ဖောက်ခွဲဖျက်ဆီးရေးသမား ငါးဦးအား စက်တင်ဘာ ၁၀ရက်တွင် ပြည်တွင်းသို့ ထပ်မံ စေလွှတ်လိုက်ကြောင်း၊ ၎င်းတို့သည် ရန်ကုန်မြို့တွင်း လူစည်ကားရာ နေရာများတွင် ဖောက်ခွဲမှုများ လုပ်ဆောင်မည်ဟု သတင်းများ ထပ်မံရရှိထားကြောင်း၊ အဆိုပါ အကြမ်းဖက်ဖောက်ခွဲရေးသမားများနှင့် ဖောက်ခွဲရေးပစ္စည်းများကို သက်ဆိုင်ရာက ဖော်ထုတ်ဖမ်းဆီးရမိရေး အသေးစိတ် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပေါက်ကွဲမှုကြောင့်ဒဏ်ရာရရှိခဲ့သည့်မောင်စောမူကပေါ်ထူး(၁၂)နှစ်။**

(သတင်းစဉ်)

### ကြိုတင်ဖော်ထုတ်

သို့ဖြစ်၍ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုများ မပြုလုပ်နိုင်ရေးအတွက် အများပြည်သူတို့အနေဖြင့် မိမိတို့နေထိုင်ရာ၊ အသက်မွေးဝမ်းကျောင်းမှုပြုရာ၊ကူးသန်းရောင်းဝယ်မှုပြုရာ အဝန်းအဝိုင်းအတွင်းသို့ အသွင်အမျိုးမျိုးဖြင့် ထိုးဖောက်ဝင်ရောက်လာမည့် ဖောက်ခွဲဖျက်ဆီးရေးသမားများ၊ အကြမ်းဖက်အဖျက်သမားများအား အထူး သတိပြုစောင့်ကြပ်ကြည့်ရှု ဖော်ထုတ်ပြီး မသင်္ကာဖွယ်တွေ့ရှိပါက တာဝန်ရှိသူများထံ အချိန်မီ သတင်းပေးပို့ခြင်းဖြင့် ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယင်းကဲ့သို့ ကြိုတင်ဖော်ထုတ်နိုင်မှသာ ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးမှုများကို ကာကွယ်တားဆီးနိုင်မည် ဖြစ်သည်ဟု သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

### ဒဏ်ရာရ

**ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့သည့် မောင်စောထူးလေးစိုး ခုနစ်နှစ်။** (သတင်းစဉ်)



**ကျောက်ကြီးမြို့နယ် သိမ်တန်းရပ်ကွက်ရှိ ဗီဒီယိုရုံအတွင်း ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် တွေ့ရစဉ်။**

(သတင်းစဉ်)

# လက်ရုံးမြားမြောင် ဉာဏ်မြားမြောင်ဖြင့်(၄)

ကျော်ရဲမင်း

နိုင်ငံတော်အနေနဲ့က ပြန်လည်ထူထောင် တည်ဆောက်ရေးအပိုင်းကို ဆောင်ရွက်နေစဉ်မှာပဲ နောင်ရေရှည်သဘာဝဘေးကာကွယ်ရေးအပိုင်းကိုလည်း အလေးအနက်ထားပြီး ဖော်ဆောင်ပေးနေပါတယ်။ မဖြစ်မီကြိုတင်ကာကွယ်ခြင်းဟာ ဖြစ်ပြီးမှဖြေရှင်းဆောင်ရွက်ရတာထက် အများကြီးသာလွန်ကောင်းမွန်ပါတယ်။ သဘာဝဘေးနဲ့ လူသားတွေအကြားမှာ နေ့ရက်အချိန်နာရီ ချိန်းဆိုထားချက်မရှိပါဘူး။ သဘာဝဘေးဟာ အမျိုးမျိုးသော အကြောင်းတွေကြောင့် အကျိုးဆက်တစ်ခုအဖြစ် ကြိုက်တဲ့အချိန်၊ ကြိုက်တဲ့နေရာကို သူ့သဘောသူဆောင်ပြီး ရောက်လာမှာသာ ဖြစ်ပါတယ်။ ဒီနေ့၊ နက်ဖြန်လည်း ဖြစ်နိုင်သလို နောင်နှစ်ပေါင်းတစ်ရာအထိလည်း လာချင်မှလာမှာပါ။ သို့သော် တစ်ခါသေဖူး ပျဉ်ဖိုးနားလည်ဆိုသလို နောက်တစ်ကြိမ် ဒီလိုအထိမနာရအောင်တော့ ကြိုတင်ပြင်ဆင် ကာကွယ်မှုတွေ လုပ်ကြရမှာပါပဲ။

အခုလည်း နိုင်ငံတော်အပိုင်းက သဘာဝဘေး ကြိုတင်ကာကွယ်ရေး အစီအမံတွေ လုပ်နေပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နဲ့အညီ ဒေသဖွံ့ဖြိုးရေးအတွက်သာမက သဘာဝဘေးအန္တရာယ် ကာကွယ်နိုင်ရေးအတွက်ပါ ရည်ရွယ်ပြီး ပင်လယ်ပိုင်းဒေသမှာ ကွန်ရက်လမ်းမကြီးငါးသွယ် စတင်ဖောက်လုပ်နေပါပြီ။ အဲဒီလမ်းတွေကတော့-

(၁) မအူပင်-ရေလဲလေး-ရွှေတောင်မော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း(၄၃မိုင် ၇ဖာလုံ)
(၂) မော်လမြိုင်ကျွန်း-လှိုင်းဘုန်း-သစ်ပုတ်-ကွင်းပေါက်-ပြင်စလူလမ်း (၅၂မိုင်)
(၃) လပွတ္တာ-သဃ်န်းကြီး-ပြင်စလူလမ်း(၃၅ဒသမ၂မိုင်)
(၄) ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနီလမ်း(၃၉မိုင်)
(၅) လပွတ္တာ-သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်း(၃၇မိုင်)တို့ဖြစ်ကြပါတယ်။

အဲဒီလမ်းမကြီးငါးသွယ်ကို အခုမိုးရာသီအတွင်း မြေသားလမ်းအဆင့်ပြီးအောင် ကြိုးပမ်းဆောင်ရွက်နေတယ်လို့ သိရပါတယ်။ ဒါ့အပြင် မူလရှိပြီးဖြစ်တဲ့ ပုသိမ်-မော်တင်စွန်းလမ်း၊ ဖျာပုံ-ကျုံကဒွန်း-အမာလမ်းကိုလည်း တိုးတက် အဆင့်မြှင့်တင်မှုတွေ လုပ်ပေးသွားမှာ ဖြစ်ပါသတဲ့။

လမ်းတွေဖောက်တဲ့ သတင်းကြားတော့ ဖျာပုံကနေ အမာကိုကားစီးပြီး သွားခဲ့ရတုန်းက အဖြစ်အပျက်ကလေးကို ပြေးပြီးသတိရမိပါသေးတယ်။ အချိန်က မိုးဦးကျကာလပါ။ ကျွန်တော်ကလည်း မြစ်ထဲ၊ ချောင်းထဲမှာ ပွဲထောင်စီးပြီး သွားရဖန်များတော့ ကားလမ်းရှိတဲ့နေရာဆိုရင် ကားနဲ့သွားနိုင်ဖို့ ကြိုးစားလေ့ရှိပါတယ်။ ဖျာပုံမှာ လုပ်ငန်းပြီးလို့ အမာကိုသွားဖို့ရှိလာတော့ ရေလမ်းကိုမရွေးဘဲ ကားလမ်းကို ရွေးလိုက်ပါတယ်။ ဖျာပုံမှာရှိတဲ့အဖွဲ့တွေက ကျွန်တော့်ကို ဂျစ်ကားလေးတစ်စီး စီစဉ်ပေးပါတယ်။ ကျွန်တော်လည်း ရာသီဥတုကောင်းတုန်း သွားကြစို့ဆိုပြီး ဂျစ်ကားနဲ့ ထွက်လာလိုက်တာ ကျုံကဒွန်းအလွန်အထိ လမ်းကမဆိုးလှပါဘူး။ ကျုံကဒွန်းလွန်ပြီး မြေသားလမ်းပေါ်လည်းရောက်ရော ရုတ်တရက် မိုးတွေညို့လာပြီး သဲကြီးမဲကြီးရွာချလိုက်တာ လူလည်း ကြွက်စုတ်ဖြစ်တော့တာပါပဲ။ လမ်းကမြေသားလမ်းကြမ်းဆိုတော့ နေပူတုန်းကမာနေလို့ မောင်းဖြစ်နေသေးပေမယ့် မိုးလည်းရွာလိုက်ရော တကယ့်ရွှံ့စေးတွေဖြစ်ပြီး မောင်းလို့မရတော့ပါဘူး။ မောင်းလို့မရပေမယ့် တာရိုးတစ်ခုပေါ်မှာ မောင်းနေရတာဖြစ်လို့ ပြန်ကွေ့စရာနေရာလည်း မရှိပါဘူး။

ဒီတော့ ကားဆရာလည်း သတိကြီးစွာထားပြီး တတ်နိုင်သမျှ ထိန်းမောင်း နေရပါတယ်။ ဘယ်လောက်ပဲထိန်းထိန်း လမ်းကတကယ့်ကို ရွှံ့စေးလမ်းဖြစ်နေလေတော့ တစ်ချက်မှာ မထိန်းနိုင်တော့ဘဲ လမ်းဘေးကိုချော်ပြီး ကျသွားပါတော့တယ်။ စကိတ်စီးသလိုမျိုး တာရိုးပေါ်အတိုင်း လျှောတိုက်ပြီး အောက်ကိုကျသွားတာပါ။ ကံကောင်းချင်တော့ လမ်းဘေးလယ်ကွင်းထဲ ရောက်မသွားသေးဘဲ မြေသားကွက်ကွက်ကလေးရှိတဲ့နေရာမှာ လေးဘီးလုံးရပ်သွားပါတယ်။ ကျွန်တော်လည်း ဘာဆက်လုပ်ရမှန်း မသိတော့ပါဘူး။ အဲဒီအချိန်မှာ လယ်ထဲက ဒေသခံလေးငါးယောက်လောက် ရောက်လာပြီး ကျွန်တော်တို့ကို ဝိုင်းကူကြပါတယ်။ အမာရောက်ဖို့က နောက်ထပ် သုံးလေးနာရီမောင်းရမယ်။ တောက်လျှောက် ရွှံ့လမ်းတွေပဲဖြစ်လို့ ဘယ်လိုမှ ဒီည အမာကိုရောက်မှာမဟုတ်ဘူး။ နောက်ပြန်လှည့်ပြီး ကျုံကဒွန်းလမ်းပေါ်ရောက်ရင် အဆင်ပြေသွားလိမ့်မယ်လို့ ပြောကြပါတယ်။ ဒါပေမယ့် ကျွန်တော့်အတွက် ပြဿနာက ကားကို ဘယ်လို နောက်ပြန်လှည့်ရမလဲဆိုတဲ့ ပြဿနာပါပဲ။ ကားလှည့်နိုင်လောက်စရာနေရာကလည်း လုံးဝမရှိပါဘူး။ ဒီတော့ ဒေသခံ ကျွန်တော့်ဆွေမျိုးတွေက ဒါလေးများဆရာရယ်ဆိုတဲ့ သဘောမျိုးနဲ့ ဂျစ်ကားကို ဆွဲတဲ့သူကဆွဲ၊ တွန်းတဲ့သူကတွန်း လုပ်လိုက်ကြတာ ရွှံ့ကချောနေလေတော့ ဂျစ်ကားဟာ ဂျင်လှည့်သလို တစ်နေရာတည်းမှာပဲ ရပ်ရင်း လာရာလမ်းကို ခေါင်းပြန်လှည့်ပြီး ဖြစ်သွားပါတယ်။ တကယ့်အံ့ဖွယ်သုတပါပဲ။ ဒါနဲ့ ကျွန်တော်လည်း မိုးထဲရေထဲမှာပဲ ဖျာပုံကို နောက်ကြောင်းပြန်လှည့်ခဲ့ရပါတယ်။

အဲဒီအတွေ့အကြုံကလေးကြောင့် ပင်လယ်ပိုင်းဒေသရဲ့ လမ်းပန်းဆက်သွယ်မှု ညံ့ဖျင်းပုံကို ကျွန်တော်ပိုပြီးနားလည်ခဲ့ရပါတယ်။ အရင်တုန်းက ပင်လယ်ပိုင်းဒေသမှာ ကုန်းလမ်းခရီးက မရှိသလောက်ရှားပြီး ရှိတဲ့လမ်းပန်းဆက်သွယ်မှု အနေအထားကလည်း အဆင်ပြေခဲလှပါတယ်။ လမ်းဆိုပေမယ့် မောင်းလို့ဖြစ်ရုံ လှည်းလမ်းသာသာ အခြေအနေမျိုးတွေပါ။ ရာသီမရွေး သုံးနိုင်တဲ့ လမ်းမျိုးတွေမဟုတ်ကြပါဘူး။ ဘိုကလေး-ဖျာပုံလမ်းဆိုလည်း မိုးတွင်းမှာ သိပ်အဆင်မချောလှပါဘူး။ အဲဒီလမ်းမျိုးတွေပေါ်မှာပဲ ပင်လယ်ပိုင်းသားတွေဟာ ထော်လာဂျီတွေ၊ ဂျစ်ကားတွေ၊ ကားအိုကြီးတွေကိုစီးပြီး အခေါက်ခေါက်အခါခါ ကူသယ်ခေါက်သယ် သွားလာနေကြရပါတယ်။ ကျွန်တော်မိုးမိတုန်းက ပြန်လှည့်နိုင်ခဲ့ပေမယ့် သူတို့တွေသာ မောင်းလို့မရရင် ရောက်တဲ့နေရာမှာ ညအိပ်ကြရမယ့်ဘဝမျိုးတွေပါ။ အခုတော့ နိုင်ငံတော်က လမ်းကွန်ရက် စီမံကိန်းကြီးတွေနဲ့ စနစ်တကျအဆင့်မီမီ လမ်းကြီးတွေ ဖောက်ပေးနေပါပြီ။ ဝမ်းသာစရာပါပဲ။

မြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်များ ဖွဲ့စည်းတည်ဆောက်ရာမှာ လေးထောင့်သဏ္ဌာန် လမ်းကွန်ရက်ကို လျာထားတယ်လို့ဆိုပါတယ်။ လျာထားလမ်းကွန်ရက်မှာ အပြင်ဘက်ဆုံး အန္တရာယ်တားပတ်လမ်းအနေနဲ့ လက်ရှိရန်ကုန်-ပုသိမ်-ငွေဆောင် ကားလမ်းပေါ်မှာရှိတဲ့ ဆားမလောက်ရွာနဲ့ စိန်တောင် လမ်းဆုံနေရာတွေကို မြောက်ဘက်ပိုင်း လမ်းဆုံမှတ်များ (Nodal Points) အဖြစ်သတ်မှတ်ပြီး ဆားမလောက်ကနေ မအူပင်-ကျိုက်လတ်-ဖျာပုံ-ဒေးဒရဲ-ဆိတ်မ-အမာအထိ လက်ရှိလမ်းကို လေးထောင့်ကွန်ရက်ရဲ့ အရှေ့ဘက်ဆုံး လမ်းအဖြစ် တိုးတက်ပြုပြင်ပေးသွားမှာဖြစ်ပါတယ်။ အလားတူ စိန်တောင်ကနေ မော်တင်စွန်းအထိ လက်ရှိလမ်းကို လေးထောင့် ကွန်ရက်ရဲ့ အနောက်ဘက်ဆုံးလမ်းအဖြစ် တိုးတက်ပြုပြင်ပေးသွားပါမယ်။ ဆက်ပြီး မော်တင်စွန်းကနေ အမာအထိ မုတ္တမပင်လယ် ကမ်းစပ်တစ်လျှောက် ကို လေးထောင့်ကွန်ရက်ရဲ့ တောင်ဘက်ဆုံးလမ်းအဖြစ် လျာထားဖောက်လုပ်ပေးခြင်းအားဖြင့် ပင်မလမ်းကွန်ရက် ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။

လမ်းအသစ်တွေ တိုးချဲ့ဖောက်လုပ်ခြင်း၊ လမ်းအဟောင်းတွေ အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ရာမှာ လမ်းဖြစ် မြောင်းဖြစ်စနစ်၊ မြေယူကန်ဖြစ်စနစ်တွေကို ကျင့်သုံးဆောင်ရွက်ပေးနေပါတယ်။ လမ်းဖောက်ရင်းနဲ့ အရေးကြုံရင် ခိုလှုံနိုင်ဖို့ ရေလွတ်အသက်ကယ်လမ်း တာပေါင်တွေဖြစ်အောင် တစ်ခါတည်း လုပ်သွားမှာပါ။ အခုလောလောဆယ်မှာတော့ မအူပင်-ရေလဲလေး-ရွှေတောင်မော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်းမှာ ယန္တရားအစီး ၂၀ကျော်သုံးပြီး လုပ်ငန်းဆောင်ရွက်နေပါပြီ။ မြေကြီးတာပေါင်ဖို့ချဲ့ခြင်းနဲ့ မူလလမ်း ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းတွေ အတော်လေးခရီးပေါက်နေပြီလို့ သိရပါတယ်။ အလားတူ လပွတ္တာ-သဃ်န်းကြီး-ပြင်စလူလမ်းနဲ့ ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနီလမ်းမှာလည်း ယန္တရားပေါင်းများစွာနဲ့ လမ်းအူကြောင်းရှာဖွေခြင်း၊ လမ်းပုံထုတ်ခြင်း၊ မြေကြီးတာပေါင်ဖို့ချဲ့ခြင်း လုပ်ငန်းတွေ ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

**အဲဒီလမ်းကွန်ရက် စီမံကိန်းတွေမှာ ရွာနဲ့နီးတဲ့လမ်းအပိုင်းတွေကို ပေ (၂၅/၃၀)အမြင့်အထိ မြှင့်တင်တည်ဆောက်ပေးပြီး သဘာဝဘေးကျရောက်ချိန်မှာ ခိုလှုံရန်နေရာအဖြစ် အသုံးပြုနိုင်ဖို့ စီမံထားပါတယ်။ နာဂစ်တုန်းက လေမုန်တိုင်းအပြင် ဒီရေလှိုင်းကြီးတွေဟာ ပေ ၂၀ဝန်းကျင်အထိ တက်ခဲ့တဲ့အတွက် အခုလိုသေကျေပျက်စီး ဆုံးရှုံးမှုကြီးမားခဲ့ရတာ ဖြစ်လေတော့ ဒီရေလှိုင်းကြီးတွေရဲ့ရန်ကနေ အကာအကွယ်ယူနိုင်အောင် အခုလို လမ်းအပိုင်းတွေကို ပေ(၂၅/၃၀)အမြင့် မြှင့်တင်တည်ဆောက်သွားမှာ ဖြစ်ပါတယ်။ လမ်းဖောက်လုပ်ရာမှာလည်း တံတားငယ်များကို တတ်နိုင်သမျှ ဘေလီတံတားများအဖြစ် ဆောက်လုပ်သွားမှာ ဖြစ်သလို ဒီပိုးစားတဲ့ပင်လယ်ပိုင်းဒေသ ဖြစ်တဲ့အတွက် သစ်သားတိုင်အစား ကွန်ကရစ်တိုင် (Bent Pile) များအသုံးပြုပြီး ဆောက်လုပ်ပေးသွားမှာပါ။**

**နာဂစ်တုန်းက ဒီရေအမြင့်ဆုံးတက်ရောက်ခဲ့တဲ့ ရေလှိုင်းအမြင့်ပေါ်မူတည်ပြီး ရွာတွေနားမှာ ရေလွတ်နိုင်တဲ့ ပေ၃၀ခန့်အမြင့် တောင်ကုန်းငယ် (Hillock)တွေ ပြုလုပ်ပေးဖို့အထိ နိုင်ငံတော်အပိုင်းက ကြိုးစားနေတယ်လို့ ကြားသိရပါတယ်။ တောင်ကုန်းဖို့ဖို့ မြေအတွက် တူးယူမှာဖြစ်ပြီး တူးလိုက်တဲ့ မြေနေရာမှာ ရေကန်တွေပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်ဆွေမျိုးတွေအတွက် သဘာဝဘေးခိုလှုံနိုင်ဖို့ အကာအကွယ်တွေ ရလာမှာဖြစ်သလို ရေချိုရှားပါးတဲ့ ဒေသဖြစ်တာကြောင့် သောက်သုံးရေကန်တွေလည်း အပိုဆုအနေနဲ့ ရရှိလာမှာ ဖြစ်ပါတယ်။**

တစ်ဖက်ကလည်း စာသင်ကျောင်း၊ ဆေးရုံ၊ ဘုန်းကြီးကျောင်း၊ ရုံး/ဌာန အဆောက်အအုံတွေကိုတည်ဆောက်ရာမှာ သာမန်အချိန်မှာ သက်ဆိုင်ရာလုပ်ငန်းတွေအတွက် အသုံးပြုနိုင်မှာဖြစ်တဲ့အပြင် သဘာဝဘေး ကျရောက်ချိန်မှာ ခိုလှုံနိုင်ဖို့ အကာအကွယ်ယူနိုင်ဖို့ Cyclone Shelter များအဖြစ် ဒီဇိုင်းရေးဆွဲပြီး အခိုင်အခံ့ တည်ဆောက်ပေးသွားမှာ ဖြစ်ပါတယ်။ Cyclone Shelter တွေကို အတွေ့အကြုံရှိတဲ့ အိမ်နီးချင်းနိုင်ငံက ဒီဇိုင်းတွေကို နမူနာယူသလို ပြည်တွင်းဒီဇိုင်းပညာရှင်များကလည်း ပုံစံထုတ်ရေးဆွဲပြီး လှူဒါန်းခဲ့ကြပါတယ်။ Cyclone Shelter အဆောက်အအုံတွေ ဆောက်လုပ်လှူဒါန်းနေတဲ့ အလှူရှင်တွေလည်း အများကြီးပါပဲ။ Cyclone Shelter တွေနဲ့ ပတ်သက်လို့ ပြည်ပအလှူရှင်တွေ၊ ပြည်တွင်းအလှူရှင်တွေ ရှိနေပါတယ်။ အကယ်၍ အလှူရှင်တွေရဲ့ လှူဒါန်းမှုနဲ့ မလုံလောက်ရင်လည်း နိုင်ငံတော်အပိုင်းက ကျခံဆောက်လုပ်ပေးသွားမှာ ဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော့်ဆွေမျိုးတွေရဲ့ နောင်ရေးအတွက် မကြာမီမှာ စိတ်ချရတဲ့အနေအထား ရောက်လာတော့မှာပါ။

နာဂစ်မုန်တိုင်း အတွေ့အကြုံအရ လေပြင်းမုန်တိုင်းနဲ့ ဒီရေလှိုင်းကြီးတွေကြောင့် ပျက်စီးဆုံးရှုံးပြီး လတ်တလောကာလအတွင်း စားရေရိက္ခာ ပြတ်လပ်မှုဟာ အကြီးမားဆုံးပြဿနာဖြစ်ခဲ့ပါတယ်။ အဲဒီဖြစ်စဉ်ကို သင်ခန်းစာယူပြီး နောင်အကယ်၍များ ဒီလိုသဘာဝဘေးမျိုး ထပ်မံဖြစ်ပွားခဲ့မယ်ဆိုရင် လတ်တလော စားရေရိက္ခာပြဿနာကို ဖြေရှင်းနိုင်ဖို့အတွက် အစီအမံတွေလည်း ပါရှိအောင် စီမံထားပါတယ်။ ဒါကဘာလဲဆိုတော့ ရေနဲ့ ဆန်၊ ဆီ၊ ဆားရိက္ခာ ခုနစ်ရက်စာ သိုလှောင်ထားနိုင်ဖို့ပါပဲ။ အဲဒီလို သိုလှောင်ထားနိုင်အောင် သိုလှောင်ရုံတွေကို ပုံစံထုတ်တည်ဆောက်ပေးဖို့ လုပ်နေပါပြီ။ အဲဒီအတွက် အချို့နေရာတွေမှာ ရိက္ခာသိုလှောင်ရုံတွေကို မုန်တိုင်း ဒဏ်ခံနိုင်တဲ့ အဆင့်အထိ သီးခြားတည်ဆောက်သွားမှာ ဖြစ်ပေမယ့် အချို့နေရာတွေမှာကျတော့ Cyclone Shelter များမှာ ရိက္ခာသိုလှောင်ရုံတွေပါ တွဲပြီးပါသွားအောင် ပုံစံထုတ် တည်ဆောက်သွားမှာ ဖြစ်ပါတယ်။

ပင်လယ်ပိုင်းဒေသမှာ ရေရှည်သဘာဝဘေး ကာကွယ်ရေးအတွက် ဒီရေတောတွေရဲ့ အခန်းကဏ္ဍကလည်း အရေးပါလှပါတယ်။ အရင်တုန်းကတော့ ကျွန်တော့်ဆွေမျိုးတွေဟာ ဒီရေတောတွေကို ခုတ်ချင်တိုင်း အဆင်ခြင်မဲ့ ခုတ်ခဲ့ကြတယ်လို့ပဲ ကရုဏာဒေါသောနဲ့ ပြောလိုက်ချင်ပါတယ်။ ခုတ်လွန်းတော့ ဒီရေတောတွေပြုန်းပြီး မဓမတိုင်၊ သင်ပေါင်းတိုင်ဆိုတာ ပေမီ ဒေါက်မီကို မရှိတော့ပါဘူး။ ကြိုးဝိုင်းတောဆိုတာတွေကလည်း ချောင်းကမ်းပါးတစ်လျှောက်မှာသာ စိမ်းညို့ပြီး တောကြီးရှိတယ်ထင်နေရပေမယ့် ကမ်းစပ်ကနေ ကိုက်၁၀၀လောက် အထဲကိုဝင်သွားရင် တစ်ကွင်းလုံး ပြောင်သလင်းခါနေတာပါပဲ။ တချို့လည်း ဒီရေတောတွေခုတ်ပြီး ပုစွန်ကန်တွေလုပ်ကြ၊ ဆားကွင်းတွေဖော်ကြနဲ့ဆိုတော့ ဒီရေတောတွေ အတော်လေးကို ဆုံးရှုံးခဲ့ရပါပြီ။

**တကယ်တော့ ဒီရေတောဆိုတာ ပင်လယ်ပိုင်းဒေသအတွက် သဘာဝကဖန်တီးထားတဲ့ ရေကာ၊ လေကာ၊ လှိုင်းကာတောတွေ ဖြစ်ကြပါတယ်။ ၂၀၀၄ခုနှစ် ဆူနာမီတုန်းကလည်း ဒီရေတောတွေရဲ့ အရေးပါမှုကို သတိရကြပေမယ့် ထိထိရောက်ရောက် ထိန်းသိမ်းကာကွယ်မှုတွေ မလုပ်နိုင်ခဲ့ပါဘူး။ အခုတော့ နိုင်ငံတော်ကဦးစီးပြီး ဒီရေတော ပြန်လည်ပျိုးထောင် ထိန်းသိမ်းရေး လုပ်ငန်းတွေ စတင်ဆောင်ရွက်နေပါပြီ။ ပင်လယ်ပိုင်းသားတွေအတွက် လိုသမျှတွေကို ထုတ်ယူသုံးစွဲနိုင်တဲ့အပြင် သဘာဝဘေးကိုပါ ကာကွယ်ပေးနိုင်တဲ့ ဣစ္ဆာသယ ဒီရေတောတွေ ပြန်လည်ရှင်သန် ဖုံးလွှမ်းလာမယ်ဆိုရင် အခုလို ကြေကွဲဝမ်းနည်းဖွယ် အဖြစ်ဆိုးမျိုးကနေ ကောင်းကောင်းကြီး ရှောင်ရှားနိုင်မှာ သေချာပါတယ်။**

ပင်လယ်ပိုင်းဒေသမှာ စိုက်ပျိုးမြေများနဲ့ လူနေအိမ်ခြေများကို ရေငန်မဝင်ရောက်နိုင်စေရေးအတွက် ကျွန်းပတ်တာပေါင်း၃၄ခု၊ အလျားအားဖြင့် ၅၈၁ဒသမ၄၃မိုင်ရှိခဲ့ရာမှာ အလျားမိုင်၁၇၀ခန့်နဲ့ ရေတံခါး၁၄ခုကို အရေးပေါ်ပြန်လည် ပြုပြင်လျက်ရှိပါတယ်။ ယခုမိုးရာသီအတွင်း ရေလွှမ်းမိုးမှုနဲ့ ရေငန်ဝင်ရောက်မှု တားဆီးကာကွယ်နိုင်ဖို့အတွက် ပထမအဆင့်အနေနဲ့ တာကျိုးပြတ်ခြင်းတွေကိုပြုပြင်ရာမှာ မြေကြီးကျင်း ၂ဒသမ၄သိန်းအတွက် စက်ယန္တရား ၂၇စီးနဲ့ ဆောင်ရွက်နေတယ်လို့ သိရပါတယ်။ ပထမအဆင့် လုပ်ငန်းတွေပြီးသွားရင် တာတမံတွေကို သဘာဝဘေးကြောင့်ဖြစ်ပေါ်လာနိုင်တဲ့ ရေလွှမ်းမိုးမှုကိုသာမက အရေးကြုံလာပါက ရှောင်တိမ်းနိုင်ရေးအတွက် တာဆင့်ခြင်း လုပ်ငန်းတွေကိုပါ ဒုတိယအဆင့်အနေနဲ့ ဆက်လက်ဆောင်ရွက်သွားမယ်လို့ သိရပါတယ်။ ဒါလည်း အင်မတန်အကျိုးများတဲ့ လုပ်ငန်းအကောင်အထည်ဖော်မှု တစ်ရပ်ပါပဲ။ နာဂစ်မုန်တိုင်းကြောင့် သေကျေပျက်စီးဆုံးရှုံးမှုတွေကြီးမားခဲ့တာမှန်ပေမယ့် အခုအချိန်မှာတော့ အားလုံးဟာ ပုံမှန်အခြေအနေနီးပါးကို ပြန်ရောက်နေပါပြီ။ အရေးပေါ် ကယ်ဆယ်စောင့်ရှောက်ရေး၊ စားရေးသောက်ရေး၊ နေရေးထိုင်ရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ ပြန်လည်ထူထောင်နိုင်ရေးစသဖြင့် အဘက်ဘက်က ဖြည့်ဆည်းပေးလျက်ရှိတဲ့အပြင် ဒေသဖွံ့ဖြိုးရေးနဲ့ ရေရှည်သဘာဝဘေးကာကွယ်ရေး အစီအမံများကိုပါ ပြည့်စုံအောင် ဆောင်ရွက်ပေးနေပါတယ်။ ဒါကလည်း နိုင်ငံတော်အပိုင်းကရော ပြည်တွင်းလုပ်ငန်းကုမ္ပဏီကြီးများနဲ့ရဟန်းရှင်လူပြည်သူများ၊ နိုင်ငံတကာအလှူရှင်များရဲ့ ပူးပေါင်းဆောင်ရွက်မှုအပိုင်းကပါ တက်ညီလက်ညီ ရှိခဲ့ကြလို့ ဖြစ်ပါတယ်။ အဓိကအချက်ကတော့ ပြည်တွင်းမှာရှိနေတဲ့ ပြည်တွင်းအားကို ထိထိရောက်ရောက် ဖော်ထုတ်အသုံးချနိုင်ခဲ့လို့ ဒီအခြေအနေအထိ အောင်မြင်ခဲ့တာဖြစ်ပါတယ်။

ယခုသဘာဝဘေးနဲ့ ဆက်နွှယ်လို့ ကျွန်တော်တို့ နိုင်ငံတော်အကြီးအကဲများရဲ့ အမြော်အမြင်ကြီးမားမှု၊ အစစအရာရာ ကြိုတင်ပြင်ဆင် စီမံထားရှိမှုတွေကို သိနားလည်ခွင့်ရခဲ့ပြီး အထူးပဲလေးစားအားကိုး ကျေးဇူးတင်မိပါတယ်။

*စာမျက်နှာ ၁၁ ကော်လံ ၁ သို့*

**သဘာဝဘေးကိုပါ ကာကွယ်ပေးနိုင်တဲ့ ဣစ္ဆာသယ ဒီရေတောတွေ ပြန်လည်ရှင်သန် ဖုံးလွှမ်းလာမယ်ဆိုရင် အခုလို ကြေကွဲဝမ်းနည်းဖွယ် အဖြစ်ဆိုးမျိုးကနေ ကောင်းကောင်းကြီး ရှောင်ရှားနိုင်မှာ သေချာ။**

*စာမျက်နှာ ၁၀ဆောင်းပါးမှအဆက်*

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသဟာ မြန်မာနိုင်ငံရဲ့စပါးကျီဆိုတာ အားလုံးသိပြီးသားပါ။ အရင်အဆက်ဆက်ကတည်းက မြစ်ဝကျွန်းပေါ်က ထွက်တဲ့ ဆန်ကိုပဲ အဓိကအားကိုးပြီး နေလာခဲ့ကြတာပါ။ ဒါပေမယ့် နိုင်ငံတော်အကြီးအကဲအနေနဲ့ စစ်ကိုင်းတိုင်းကို မြန်မာနိုင်ငံအထက်ပိုင်းရဲ့စပါးကျီဖြစ်အောင် ဆည်တမံတွေ အကွက်ချတည်ဆောက်ပေးပြီး စနစ်တကျအကောင်အထည်ဖော်ပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့် ယခုအခါ စစ်ကိုင်းတိုင်းမှာ နှစ်စဉ် စပါးတင်းသိန်း ၁၀၀၀ပိုလျှံနေပြီဖြစ်ပါတယ်။ အလားတူ မကွေးတိုင်းဟာ နိုင်ငံရဲ့ဆီအိုးကြီးဖြစ်သလို တနင်္သာရီတိုင်းကိုလည်း နောက်ထပ်ဆီအိုးကြီးအဖြစ် ရည်မှန်းဆောင်ရွက်လျက်ရှိပါတယ်။ ပြည်နယ်၊ တိုင်းအသီးသီးမှာလည်း အနည်းဆုံးအဆင့် ကိုယ့်ဒေသတွင်း ဝမ်းစာဖူလုံသည်အထိ စိုက်ပျိုးထုတ်လုပ်နိုင်အောင် တွန်းအားပေး ဆောင်ရွက်လျက်ရှိပါတယ်။

ဒါကြောင့် အခုလိုမျိုး ဘေးဒုက္ခပြဿနာကြုံလာတဲ့အချိန်မှာ ဆန်၊ ဆီ စတဲ့အခြေခံစားကုန်တွေကို တစ်နေရာမဟုတ် တစ်နေရာကနေ ဖြည့်ဆည်းပေးနိုင်အောင် ကြိုတင်မျှော်တွေး စီမံဆောင်ရွက်ထားတဲ့ အကျိုးကျေးဇူးကို ကျွန်တော်တို့ လက်ရှိခံစားနေရတာ ဖြစ်ပါတယ်။ လယ်ဧကပေါင်းများစွာ ရေငန်ဝင်ရောက် ပျက်စီးခဲ့ရပြီး နွေစပါးအပါအဝင် သိုလှောင်ထိန်းသိမ်းထားတဲ့ သီးနှံအမြောက်အမြား ဆုံးရှုံးခဲ့ရတဲ့အခြေအနေ၊ လူပေါင်းသန်းချီပြီး ထောက်ပံ့ကျွေးမွေးနေရတဲ့ အခြေအနေမျိုးမှာ အခုလိုအမြော်အမြင်ရှိရှိနဲ့ အရန်ဆန်၊ အရန်ရိက္ခာတွေသာ ထုတ်လုပ်စုဆောင်း သိုလှောင်ထားမှု မရှိဘူးဆိုရင် ရင်ဆိုင်ရမယ့် နောက်ဆက်တွဲပြဿနာတွေက မတွေးရဲစရာပါပဲ။ အခုတော့ လေဘေးသင့်ပြည်သူအားလုံးကို ဖူလုံလောက်ငစွာ ကျွေးမွေး ထောက်ပံ့နိုင်သလို တစ်နိုင်ငံလုံး အတိုင်းအတာနဲ့လည်း ပူပန်ကြောင့်ကြစရာ မရှိအောင် ပြည့်စုံလုံလောက်နေပါပြီ။ တကယ်ပဲ ကျေးဇူးကြီးမားလှပါတယ်။

ဆန်စပါးထုတ်လုပ်မှုနဲ့ ပတ်သက်လို့လည်း လေဘေးသင့်ဒေသတွေမှာ ရေငန် ဝင်ရောက်ပြီး ပျက်စီးခဲ့တဲ့ လယ်ယာမြေတွေမှာ အချိန်မီ ပြုပြင်စိုက်ပျိုးနိုင်ခဲ့ပါပြီ။ လက်တွန်းထွန်စက်ပေါင်း ၈၅၃၆စီး၊ ကျွဲနွား ၂၆၃၃ကောင်၊ မျိုးစပါး တင်းပေါင်း ၁၇သိန်းကျော်နဲ့ စက်သုံးဆီအများအပြား ဖြည့်ဆည်းပေးနိုင်ခဲ့တဲ့အတွက် ယခုအခါ မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးခဲ့တဲ့ လယ်ဧက ၉၀ရာခိုင်နှုန်းကျော် ပြန်လည်စိုက်ပျိုးပြီးခဲ့ပြီလို့ သိရပါတယ်။ ဒေသခံလယ်ယာလုပ်သားကြီးများရဲ့ ကြိုးစားအားထုတ်မှု၊ နိုင်ငံတော်ရဲ့ဦးဆောင်စီမံကွပ်ကဲမှု၊ ပြည်တွင်းပြည်ပအလှူရှင်များရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကြောင့်လို့ပဲ ကျေးဇူးစကားဆိုရမှာပါ။ ဒါ့အပြင် ထွက်ရှိလာတဲ့စပါးများ ကြိတ်ခွဲရေးအတွက်လည်း နိုင်ငံတော်အပိုင်းက မမေ့မလျော့ စီမံပေးထားကြောင်း သိရပြန်ပါတယ်။ များသောအားဖြင့် ကျွန်တော့်ဆွေမျိုးများရှိရာ ပင်လယ်ပိုင်းဒေသမြို့ကြီးပြကြီးတွေမှာ တန် ၁၀၀၊ တန်၅၀စသည်ဖြင့် ဆန်စက်ကြီးတွေ ရှိကြသလို ကျေးလက်ရွာသိမ်ရွာငယ်တွေမှာလည်း ဟာလာစက်ကလေးတွေနဲ့ နိုင်သလောက် ကြိတ်ခွဲနေကြတာပါပဲ။ ဒါပေမယ့် ဟာလာစက်ကလေးတွေဆိုတာ ကြိတ်ခွဲရာမှာ ဆန်အကျိုးအကြေများပြီး ဆန်အရည်အသွေးညံ့ဖျင်းလှတဲ့အတွက် မရှိသုံးအဖြစ်သာ လုပ်နေကြရတာပါ။ အခုတော့ မြို့ကြီးလည်း လက်လှမ်းမမီ၊ ရွာသိမ်ရွာငယ်ပေမယ့်လည်း ဟာလာစက်အဆင့်နဲ့ အလုပ်မဖြစ်လှလေတော့ စက်ကြီးတွေနဲ့ ဟာလာစက်ကြားမှာ အဆင့်မီတဲ့ ရော်ဘာကြိတ်လုံးနဲ့ကြိတ်တဲ့ ဆန်စက်များ ထူထောင်ပေးနေကြောင်း သိရပါတယ်။ အင်မတန် အားရစရာကောင်းတဲ့ ပြောင်းလဲတိုးတက်မှု တစ်ရပ်ပါပဲ။

**မုန်တိုင်းဒဏ်ကြောင့် ဆားလုပ်ငန်းလုပ်ကိုင်ကြတဲ့ မြောင်းမြ၊ လပွတ္တာ၊ ဖျာပုံ၊ ငပုတောမြို့နယ်များမှာ ဆားကွင်း ၂၃၄၅၈ဧက၊ ဆားကြမ်း ၂၄၂၁၄ တန်ခန့်နဲ့ ဆားလုပ်ငန်းပစ္စည်းအများအပြား ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ ရှေ့လာမယ့်လဆိုရင် ဆားလုပ်ငန်းတွေ ပြန်လည်စတင်ရတော့မှာ ဖြစ်ပါတယ်။ လောလောဆယ်မှာတော့ ဆားလယ်တွေမှာ ခူအိုင်စပါး၁၀၅၅၃ဧကကို အချိန်မီ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရှိရပါတယ်။ တစ်ဖက်ကလည်း ဆားလုပ်ငန်းကို သူ့အပိုင်းအလိုက် အချိန်မီဆောင်ရွက်နိုင်ဖို့အတွက် လိုအပ်တဲ့ ငွေရေးကြေးရေး၊ ထွန်စက်၊ ရေစုပ်စက်၊ တာပေါ်လင်စ၊ မိုးကာတဲ၊ စက်သုံးဆီ စတာတွေကို သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒီနှစ်မှာ ကုန်းတွင်းဆားအပါအဝင် ဆားတန်ချိန်သုံးသိန်းထွက်ရှိအောင် ဆောင်ရွက်ဖို့ စီမံဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။ ဆားလုပ်ငန်းရှင်တွေ၊ ဆားလုပ်သားတွေအတွက် တစ်အားတက်စရာပါပဲ။**

တကယ်တော့ လေဘေးသင့် ကျွန်တော့်ဆွေမျိုးတွေအတွက် ထောက်ပံ့လှူဒါန်းမှုအစုစုကို စာရင်းပြုစု မှတ်တမ်းတင်ရမယ်ဆိုရင် အင်မတန် ကြီးမားလှတဲ့ ပမာဏပဲဖြစ်ပါလိမ့်မယ်။ နိုင်ငံတော်အပိုင်းကရော၊ ပြည်တွင်း လုပ်ငန်းကုမ္ပဏီများနဲ့ ရပ်ကွက်ရှင်လူပြည်သူများအပိုင်းကရော၊ နိုင်ငံတကာအပိုင်းကပါ အခုလို စေတနာသဒ္ဓါထက်သန်စွာ ပံ့ပိုးကူညီလှူဒါန်းမှုတွေအတွက် ပင်လယ်ပိုင်းက ဆွေမျိုးများကိုယ်စား ကျွန်တော်ကပဲ ကျေးဇူးစကားဆိုပါရစေ။ တကယ်ကိုပဲ ဂုဏ်ယူလေးစား ကျေးဇူးတင်မိပါတယ်။

**ချုပ်ပြီးဆိုပါမယ်၊ အောင်မြင်ပြီးမြောက်ခဲ့တာတွေရှိသလို ဆက်ရန်လုပ်ငန်းစဉ်တွေလည်း အများကြီးကျန်ပါသေးတယ်။ ပင်လယ်ပိုင်းက ကျွန်တော့် ဆွေမျိုးတွေအတွက် ဆက်ပြီးဝိုင်းကြ၊ ဝန်းကြ၊ ကူညီကြရဦးမှာပါ။ မြေအုတ်တို့ပြိုလဲရာမှာ ကျောက်အုတ်တို့နဲ့ အစားထိုး တည်ဆောက်နိုင်ဖို့အတွက် လက်ချည်းသက်သက်နဲ့တော့ ဘယ်လိုမှမဖြစ်နိုင်ဘူးဆိုတာ အားလုံးနားလည်ကြပါတယ်။ အကြံအား၊ ဉာဏ်အား၊ ငွေအား၊ ပစ္စည်းအား၊ လူအားတွေနဲ့ ညီညာဖြဖြလက်တွဲဖော်ဆောင်သွားကြမှသာ အမှန်တကယ် အကောင်အထည် ပေါ်လာနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ရပ်ကွက်ရှင်လူပြည်သူတွေရဲ့ မေတ္တာ၊ စေတနာ၊ ကရုဏာတရားတွေ၊ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်၊ စည်းလုံးညီညွတ်ရိုင်းပင်းမှု အရင်းခံစိတ်ဓာတ်တွေကို ယခုထက်ပိုပြီး ထုတ်ဖော်ပြသကြဖို့ လက်ရုံးများမြောင် ဉာဏ်များမြောင်နဲ့ ဝိုင်းဝန်းစွမ်းဆောင်ကြဖို့ အားလုံးကိုယ်စီ တာဝန်ရှိကြကြောင်း တပ်လှန့်နှိုးဆော်လိုက်ရပါတယ်။**

မြစ်ဝကျွန်းပေါ်ပင်လယ်ပိုင်းက ကျွန်တော့်ဆွေမျိုးများရဲ့ အနာဂတ်ဘဝ တိုးတက်မြင့်မား သာယာလှပနိုင်ပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။ ။

■ *ကျောဖုံးမှ*

ဘာစီလိုနာ၊ ချယ်လ်ဆီး၊ ရီးမား၊ ရီးရဲမက်ဒရစ်တို့ကျပြန်တော့ အခြားအသင်းကြီးတွေလို မဟုတ်ဘဲ အိမ်ကွင်းမှာ ပြိုင်ဘက်တွေကို အနိုင်ယူပြဖို့ မခက်တာလဲ တွေ့နေရတယ်။ ဘယ်လိုပဲဖြစ်ဖြစ်ပါ ထုံးစံအရဆိုရင် ချန်ပီယံလိဂ်ပြိုင်ပွဲရဲ့ အဖွင့်ပွဲတွေမှာ ပရိသတ် မထင်ထားတဲ့ ပြောင်းလဲမှုတွေကတော့ ရှိနေစမြဲပါပဲ။ ဒါကို ရှောင်လွဲနိုင်ဖို့အတွက် အားပေးဖို့အသင်းတွေကို ရွေးချယ်ရာမှာ သေချာစဉ်းစားဖို့တော့ လိုအပ်နေပါတယ်။ ချန်ပီယံလိဂ် အုပ်စုအဆင့် အဖွင့်ပွဲစဉ်တွေကို စက်တင်ဘာ ၁၇ရက်နဲ့ ၁၈ရက်များမှာ အသီးသီးကျင်းပ ကစားကြမှာ ဖြစ်ပါတယ်။

မဆိုးလှပေမယ့် အိမ်ရှင်ချယ်လ်ဆီးက မာလူဒါ၊ ဒရော့ဘာနဲ့ အနယ်ကာတို့လို ပြင်သစ်ပထမတန်းလိဂ်ပြိုင်ပွဲ အတွေ့အကြုံရှိထားတဲ့ ကစားသမားတွေကြောင့် ဧည့်သည်တွေ ကစားရခက်နိုင်သေးတယ်။ ချယ်လ်ဆီးမှာ မက်ခီလီလီ၊ ရှက်ဗ်ချင်ကိုတို့ မရှိတော့သလို ရော်ဘင်ဟိုရှိတဲ့ မန်စီးတီးကို ရိုက်ဖီးလစ်တို့ ချယ်လ်ဆီးကနေ ထွက်ခွာသွားပေမယ့်လည်း စကိုလာရီကတော့ ချယ်လ်ဆီးကိုအကောင်းဆုံး ရလဒ်ထွက်အောင် ဒီပွဲမှာ လုပ်ပေးမှာပါ။ သူ့ဘေးမှာ လက်ထောက်နည်းပြ စတိဗ်ကလပ် မရှိလည်းပဲ ရအောင်တော့ကြိုးစားပြမှာဖြစ်တယ်။ ဘော်ဒိုးအနေနဲ့ ပိတ်ကစားတာတောင် မလွယ်ဘူး။ စကိုလာရီနဲ့ သူ့ကစားသမားတွေဟာ သူ့ဌေး အီဘရာမိုဗစ် စိတ်ချမ်းသာစေဖို့သာမက ချယ်လ်ဆီးပြန်ဆုံတဲ့ပွဲပါ။ ဒါကြောင့် ဒီပွဲဟာ မာနအတွက်ပါ ရင်ဆိုင်ရမယ့်ပွဲ ဖြစ်တယ်။ ဂရိကလပ် ပါနာသီနိုင်ကို့စ်ဟာ အိမ်ကွင်းကစားပုံ ကျစ်လျစ်တယ်။ ဒါပေမယ့် ခံစစ်ပိုင်းကတော့ ကစားပုံသိပ်မကောင်းဘူး။ တစ်ဖက်အသင်းက ဖိအားပေးကစားရင် အချိန်တော်တော်ကြာတဲ့အထိ တောင့်ခံ ကစားနိုင်စွမ်းမရှိဘူး။ ဒါကြောင့် အီဘရာဟင်မိုဗစ်၊ အက်ဒရီရာနိုတို့ ဦးဆောင်ကစားမယ့် မော်ရင်ဟိုရဲ့ အင်တာမီလန် တိုက်စစ်ဟာ အဝေးကွင်းမှာ တန်ပြန်တိုက်စစ်နဲ့ ဒုက္ခပေးနိုင်သေးတယ်။ ပြီးတော့ ကမ်ဘီယာဆို၊ စတန်ကိုဗစ် မပါရင်တောင် မန်ချီနီတို့ ရှိနေသေးတာကြောင့် ပါနာသီနိုင်ကို့စ်အနေနဲ့ အင်တာကိုထိန်းချုပ်ဖို့ မလွယ်တော့ဘူး။ အင်တာကသာ အဝေးကွင်းမှာ မော်ရင်ဟိုနဲ့ ပရိသတ်တွေ

၂၀၀၈-၂၀၀၉ ချန်ပီယံလိဂ်အုပ်စုအဆင့် ပြိုင်ပွဲဝင်မည့် ယမန်နှစ်က ဒုတိယဆုဖြင့် ကျေနပ်ခဲ့ရသော ချယ်လ်ဆီးအသင်းကို တွေ့ရစဉ်။

ပျော်ရစေဖို့ အနိုင်သုံးမှတ်ကို ကြိုးစားကစားရင်း ရယူသွားဖို့ရှိနေတဲ့ ပွဲပါ။ အင်တာမီလန် အားပေးသူတွေ ကျေနပ်ရမယ့်ပွဲလည်း ဖြစ်ပါတယ်။

နေတော့ ဂရုစိုက် ထိန်းထားရင်း တစ်သင်းရဲ့ အမှားကို တစ်သင်း စောင့်ကြည့်ရင်းနဲ့ပဲ အချိန်ကုန်သွားနိုင်တယ်။ ရှက်တာဒိုးနက်ရဲ့ အဝေးကွင်း ကစားပုံဟာ ငြိမ်တော့ ဘေဆယ်အနေနဲ့ အိမ်ကွင်းမှာအသာရအောင် ကြိုးစားကစားဖို့ မလွယ်ဘူး။ ဘေဆယ်မှာလဲ ကစားသမားကောင်းတွေဟာ အသက်ရလာကြလို့ ရုန်းကစားတဲ့အပိုင်းမှာ အင်အားနည်းနေသေးတယ်။ ဒါကြောင့် ယခုပွဲဟာ ရှက်တာဒိုးနက်လိုချင်တဲ့ သရေ တစ်မှတ်ရသွားနိုင်လို့အိမ်ရှင်အသင်းကို ခဏမေ့ထားလိုက်ပါတယ်။

## အုပ်စု(က)

### ရိုးမား-ကလုချ်

ရိုမေးနီးယားကလပ် ကလုချ်ရဲ့ အဖွင့်ပွဲက သက်ဆိုင်ရာ ပရိသတ်တွေအဖို့ စိတ်ချမ်းသာဖို့ မကောင်းသလို ရိုးမားမြေပေါ်မှာ သရေရဖို့အတွက်ကိုတောင် ရဲရဲမစဉ်းစားရဲဘူး၊ ရိုးမားဟာနည်းပြ စပယ်လက်တီလက်ထဲမှာ တိုးတက်မှုရှိလာတဲ့ အသင်းကောင်းတစ်သင်းပါ။ ဒီနှစ်မှာ အသင်းအတွက် ရီဆီ၊ ဘတစ္စတာတို့ကို ခေါ်ထားနိုင်လို့ တိုက်စစ်ပိုင်းမှာလဲ အားအင်ပြည့်နေတယ်။ တော့တီလဲ ကြံ့ခိုင်မှုပြည့်ဝနေပြီးအကွီလာနီကလဲ ခြေတက်နေတာ ကြောင့် ရိုးမားရဲ့ ကစားသမားဖွဲ့စည်းမှုဟာ ကြောက်စရာတော်တော် ကောင်းနေပါတယ်။ ပြီးတော့ အုပ်စုတွင်းမှာ ပြိုင်ဘက် ချယ်လ်ဆီးထက် အသာရအောင် အုပ်စုဗိုလ်ဖြစ်ပြီး နောက်တစ်ဆင့် ရောက်ရေးကို သက်သာစွာနဲ့ရယူဖို့ အဖွင့်ပွဲမှာကတည်းက အားထည့်ကစားဖို့ ရှိနေတယ်။ ကလုချ်အတွက်ကတော့ ပေးဂိုးသက်သာအောင်ပဲ ကစားရဖို့ ရှိနေမယ့်ပွဲပါ။ ရိုးမားကပဲ အခုပွဲမှာ တော့တီ၊ ဘတစ္စတာ၊ ဘူချီနစ်နဲ့ ဒီရော့စီတို့ အစွမ်းနဲ့ ပြတ်သားစွာ အနိုင်ရသွားမယ်လို့ဆိုချင်ပါတယ်။

### ချယ်လ်ဆီး-ဘော်ဒိုး

ဘော်ဒိုးနည်းပြက မန်ယူနောက်ခံလူဟောင်းဘလန့်ပါ။ သူ့မှာ ကစားသမားဘဝက ရရှိထားတဲ့ အတွေ့အကြုံကောင်းတွေ မြောက်မြားစွာ ရှိပေမယ့် စတမ်းဖိုဒ်ဘရစ်မှာ တော့ ချယ်လ်ဆီးလိုအသင်းကောင်းတစ်သင်းကို အဝေးကွင်းမှာ ဖွင့်ပွဲအဖြစ်ကစားရတဲ့အခါမှာ အသာရဖို့ မဆိုထားနဲ့ သရေရဖို့ကိုတောင် မမျှော်လင့်နိုင်ပါဘူး။ ဘော်ဒိုးရဲ့ ကစားအားဟာ ပရိသတ်တွေအတွက်ပါ အနိုင်သုံးမှတ်ရဖို့ ကစားမယ့်ပွဲပါပဲ။ ခြေစွမ်းပိုင်းကလည်း အသာရနေတော့ ချယ်လ်ဆီးဘက်မှာပဲ နေသင့်တဲ့ပွဲ ဖြစ်တယ်။

## အုပ်စု(ခ)

### ဝါဒါဘရီမင်-အနော်သိုဆစ်

အနော်သိုဆစ်လို ဆိုက်ပရပ်စ်ကလပ်အသင်းရဲ့ ခံစစ်အားကို လျှော့တွက်လို့တော့ မရဘူး။ ဒီအသင်းဟာ ကစားသမားကောင်းတွေ မပါပေမယ့် အသင်းလိုက်ဖျက်အားနဲ့ ပိတ်ကစားတဲ့ ရုန်းကန်အားက တော်တော်မာတယ်။ ဒါကြောင့် ပီဇာရို ဦးဆောင်မယ့် ဝါဒါဘရီမင် တိုက်စစ်ဟာ အနှာခံကစားရမှာပါ။ အဖွင့်ပွဲလည်း ဖြစ်နေတော့ အိမ်ကွင်းမှာဝါဒါဘရီမင်ဟာအသင်းရဲ့ အစဉ်အလာအရ အနိုင်ရအောင် ဖိအားပေးဖို့ လိုနေပြီ။ အနော်သိုဆစ်ကတော့ ပွဲတိုင်းမှာနိုင်ဖို့ထက် သိက္ခာအရ မရှုံးအောင်ဘဲ ကစားနိုင်ရင် သူတို့ရဲ့ဆန္ဒတွေ ပြည့်ဝပါပြီ။ ဒါကြောင့် တိုက်စစ်ထက် ခံစစ်ကိုသာ ဦးစားပေးဖို့ များတယ်။ ဝါဒါဘရီမင်အနေနဲ့ ဒီယေဂိုလို ကစားသမားရဲ့ အစွမ်းအစကို သေချာ အသုံးချကစားရင် အိမ်ကွင်းမှာ အနိုင်ယူဖို့ ကြိုးစားရမယ်။ သုံးသပ်မိတာကတော့ ဒီပွဲဟာ ဝါဒါဘရီမင်အဖို့ အနိုင်ရအောင် ကစားရာမှာ အခက်အခဲတွေနဲ့ ရင်ဆိုင်ရဖွယ်ရှိပေမယ့် လိုချင်တဲ့ သုံးမှတ်ကိုတော့ အရယူ ပြန်နိုင်ပါလိမ့်မယ်။

### ပါနာသီနိုင်ကို့စ်-အင်တာမီလန်

ချယ်လ်ဆီး နည်းပြဟောင်းနှစ်ယောက်ဖြစ်တဲ့ ဟန်တန်ကိတ်နဲ့ မော်ရင်ဟိုတို့ဟာ ပြိုင်ဘက်တွေအနေနဲ့ ပရိသတ်တွေအတွက်ပါ အနိုင်သုံးမှတ်ရဖို့ ကစားမယ့်ပွဲပါပဲ။

## အုပ်စု(ဂ)

### ဘာစီလိုနာ-စပို့တင်းလစ္စဘွန်း

ပေါ်တူဂီ ကလပ်အသင်းအနေနဲ့ အဝေးကွင်းမှာ ခြေစွာလို့ မရဘူး။ လောလောဆယ်မှာ ဘာစီလိုနာဟာ ကစားပုံနဲ့ တိုက်စစ်ပိုင်းညံ့လို့ ဝေဖန်ခံနေရတယ်။ ဒါပေမယ့် ဒီအချက်တွေဟာ ချန်ပီယံလိဂ်မှာ လာပြီးရိုက်ခတ်မှုရှိမယ် မထင်မိဘူး။ ဂွာဒီရိုလာကလည်း သူ့အသင်းရဲ့ ကစားပုံကို သေချာလေး ပြုပြင်ထားမှာပါ။ ဒါကြောင့် စပို့တင်းအနေနဲ့ အဝေးကွင်းမှာ ကစားရလို့ မလွယ်လောက်ပါဘူး။ မက်ဆီ၊ အီတူး၊ အွန်နရီနဲ့ ရှာဗီတို့ရဲ့ ကစားအားဟာ ရော်နယ်ဒင်ဟိုနဲ့ ဒေကိုတို့ နှစ်ယောက်ရှိစဉ်တုန်းကလောက် အစွမ်းထက်မှု နည်းပါးပေမယ့်လည်း အဖွင့်ပွဲမှာ အသာရအောင်တော့ ကစားနိုင်ပါတယ်။ စပို့တင်း ခံစစ်ကလည်း မက်ဆီလို တိုးပြီးကစားတဲ့ ကစားသမားငယ်တွေကို ထိန်းချုပ်နိုင်မှာ မဟုတ်ဘူး။ ဘာစီလိုနာကလည်း အခုပွဲမှာ အနိုင်ယူ ကစားသွားမှာပါ။ ဘာစီလိုနာရဲ့ အနိုင်ဟာ ပရိသတ်တွေကို စိတ်ချမ်းသာစေဖို့ ရှိနိုင်သေးတယ်။

### ဘေဆယ်-ရှက်တာဒိုးနက်

ခြေညီတဲ့ နှစ်သင်းဆုံတဲ့အတွက် တစ်သင်းနဲ့ တစ်သင်း ကစားရတာ အသာရဖို့မလွယ်နိုင်ဘူး၊ အားထည့်ပြီး ကစားရဖို့ရှိနေပါတယ်။ အဖွင့်ပွဲဖြစ်

## အုပ်စု(ဃ)

### ပီအက်စ်ဗွီ-အက်သလက်တီကို

ပီအက်စ်ဗွီမှာ အားထားရတဲ့ တိုက်စစ်မှူးတွေ အသင်းပြောင်းကုန်ပြီဖြစ်လို့ ဧည့်သည်အသင်း စပိန်ကလပ် အက်သလက်တီကို အပေါ်မှာ အိမ်ရှင်ပီပီ ခြေစွမ်းပြကစားနိုင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ လူငယ်ကစားသမားများလို့ပီအက်စ်ဗွီအနေနဲ့ ကစားပုံသွက်လက်တာမှန်သော်လည်း အဆုံးသတ်ကောင်းတဲ့ ကစားသမားရှားနေလို့ အက်သလက်တီကိုအသင်းကို ဖိအားပေးဖို့ မလွယ်ဘူး။ အက်သလက်တီကိုကတော့ ချန်ပီယံလိဂ်ပြိုင်ပွဲအတွက် လူသစ်တွေဖြစ်တဲ့ ဟိုက်တင်ဂါ၊ အူဖာလူစီ၊ ကူးဗက်၊ ပွန်ဂိုလီ၊ ကော်စတာနဲ့ အဆွန်ကာအိုတို့ကို ခေါ်ထားတယ်။ ဒီအဆင့်မတိုင်ခင် ခြေစစ်ပွဲမှာ ရှော်ကေးလ်လို အသင်းမျိုးကိုတောင် ကြံ့ကြံ့ခံကစားရင်း အနိုင်ယူခဲ့တဲ့ ခြေစွမ်းအရပြောရရင် ဧည့်သည် အက်သလက်တီကိုဟာ တိုက်စစ်ကစားပုံကောင်းတယ်လို့ ကောက်ချက်ချချင်တယ်။ ဖော်လန်၊ အငွေရိုတို့ ပါရှိနေလို့ အခုပွဲမှာ ပီအက်စ်ဗွီကို ဒုက္ခပေးနိုင်ဖွယ်ရှိတယ်။ ဒါကြောင့်လည်း အက်သလက်တီကိုနဲ့ပဲ ဧည့်သည်ပရိသတ်လုပ်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

### မာဆေး-လီဗာပူး

မာဆေးအနေနဲ့မနှစ်က လီဗာပူးကို ရင်ဆိုင်ခဲ့ရာမှာ အရေးမလှခဲ့ဘဲ ဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တယ်။ ဒီနှစ်လည်းပဲ ထပ်ပြီးအရှုံးနဲ့ မကြုံရဖို့ ကြိုးစားရမှာပါ။ ဒါပေမယ့် မာဆေးရဲ့ လက်ရှိကစားအားဟာ မနှစ်ကလောက်တောင် မသေသပ်တော့လို့ လီဗာပူးအပေါ်မှာ ရှုံးကြွေးဆပ်ဖို့သိပ်ပြီး လွယ်မယ် မထင်မိပါဘူး။ဆစ်ဆီလို၊ နာဆရီလို ကစားပုံကောင်းတဲ့သူတွေဟာ ဆန်းဒါးလန်းနဲ့ အာဆင်နယ်ကို အသီးသီးပြောင်းသွားကြပြီ။ ဒါကြောင့်လည်း မာဆေးဟာ လူသစ် ဘင်အာဖာနဲ့ ရှေ့ဆက်နေရတယ်။ ဘင်အာဖာရဲ့ ခြေစွမ်းကလည်း တိုးတက်မှုနှေးကွေးနေလို့ မာဆေးမှာ အလုပ်သိပ်မဖြစ်သေးဘူး။ ဒီလိုအနေအထားနဲ့တော့ လီဗာပူးကို ယှဉ်ရလွယ်မှာမဟုတ်ဘူး။ လီဗာပူးကတော့ အဖွင့်ပွဲမှာ အသာရအောင်လို့ ရုန်းမှာပါ။ အနိုင်ရပါမှ အုပ်စု ဗိုလ်နေရာနဲ့ နောက် တစ်ဆင့်တက်ဖို့ မျှော်လင့်နိုင်မှာဆိုတော့ တောရက်စ်၊ ဂျရတ်၊ ရော်ဘီကိန်းစတဲ့ ကစားသမားတွေအားနဲ့ အနိုင်ရအောင် ကစားဖို့ ရှိနေတယ်။ လီဗာပူးကိုပဲ သဘောကျမိပါတယ်။ ။

(ကိုးကား-အင်တာနက်)

16-9 (11).pmd 1 9/17/2008, 2:50 AM

# နိုင်ငံတကာဘောလုံးပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းများ လေ့ကျင့်ပြင်ဆင်

သတင်းဆောင်းပါး - ကိုထွေး

စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

ရန်ကုန် စက်တင်ဘာ ၁၅

**နိုင်ငံတော်အတွက် အောင်နိုင်မှု ဆုတံဆိပ်များ ဆွတ်ခူးရယူပေးနိုင်ခဲ့သည့် အားကစားအဖွဲ့များအနက် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည်လည်း အပါအဝင်ဖြစ်သည်။ မြန်မာ့ဘောလုံးလောက၏ အောင်မြင်မှုသမိုင်းမှတ်တိုင်ကိုပြောရလျှင် အမျိုးသမီးဘောလုံး အားကစားသမားများကိုလည်း ချန်လှပ်ထား၍ ရမည်မဟုတ်ပေ။**

## ဂုဏ်ဆောင်

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၀၆ခုနှစ် တတိယအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံး အသင်းသည် မြန်မာပရိသတ်၏ တစ်ခဲနက်အားပေးမှုနှင့်အတူ ချန်ပီယံဆုဖလားကြီးကို ဆွတ်ခူးရယူပြီး နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ခဲ့သည်မဟုတ်ပါလား။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံး အားကစားသမားများ စဉ်ဆက်မပြတ် ပေါ်ထွက်လာရေးအတွက် သက်တန်းအလိုက် လူငယ်လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းများကိုဖွဲ့စည်း၍ လေ့ကျင့်ပေးလျက်ရှိသည်။ ယခုအခါ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း၊ အသက်(၁၉)နှစ်အောက် အမျိုးသမီးလက်ရွေးစင် ဘောလုံးအသင်းနှင့် အသက်(၁၆)နှစ်အောက် အမျိုးသမီး လက်ရွေးစင် ဘောလုံးအသင်းများကို နိုင်ငံတကာအမျိုးသမီး ဘောလုံးပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ရန်အတွက် စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

## လက်ရွေးစင်အမျိုးသမီးအသင်း

ဗီယက်နမ်နိုင်ငံ၌ အောက်တိုဘာ ၈ရက်မှ ၂၁ရက်အထိ ကျင်းပမည့် စတုတ္ထအကြိမ် အာဆီယံအမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းကို အားကစားသမား ၂၅ဦးဖြင့် ရွေးချယ်ဖွဲ့စည်းပြီး ဇူလိုင် ၃၀ရက်မှ စတင်၍ စခန်းသွင်း လေ့ကျင့်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်းကို နည်းပြချုပ်အဖြစ် ဦးတင်မြင့်အောင်၊ နည်းပြအဖြစ် ဦးစိုးမိုး၊ ဂိုးနည်းပြအဖြစ် ဦးစိုင်းမောင်မောင်ဦးတို့က တာဝန်ယူလေ့ကျင့်ပေးလျက်ရှိသည်။

## လက်ရွေးစင်

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအားကစားသမားများအဖြစ် **(ဂိုး)** မေခင်ယမင်း၊ သင်းသင်းစိုး၊ ဇင်မင်းထွန်း၊ **(နောက်တန်း)** စန်းစန်းမော်၊ မိုးမိုးဝါ၊ စန်းစန်းသိန်း၊ သီတာဦး၊ နေဇာလင်းလင်းအောင်၊ ခင်မျိုးဝင်း၊ **(အလယ်တန်း)** မြင့်မြင့်အေး၊ နီလာမြင့်၊ ရီရီဦး၊ အေးနန္ဒာလှိုင်၊ နန်းကြေးငုံ၊ သန်းသန်းထွေး၊ သီရိမြတ်၊ ခင်မိုးဝေ၊ အေးအေးမာ၊ စုစုဝေ၊ စုမွန်၊ **(ရှေ့တန်း)** ခင်မာလာထွန်း၊ မိုင်နီလာထွေး၊ မူမူလွင်၊ နော်အားလိုဝါးဖော၊ မာဂရက်မေရီတို့ ပါဝင်ကြသည်။

## ပါဝင်ကြ

စတုတ္ထအကြိမ် အာဆီယံအမျိုးသမီး ဘောလုံးပြိုင်ပွဲ၌ ရှစ်သင်းပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ အုပ်စု(က)တွင် မြန်မာ၊ အိမ်ရှင်ဗီယက်နမ်၊ အင်ဒိုနီးရှား၊ လာအိုနှင့် မလေးရှား၊ အုပ်စု(ခ)တွင် ဩစတြေးလျ၊ ထိုင်း၊ ဖိလစ်ပိုင်နှင့် စင်ကာပူတို့ ပါဝင်ကြသည်။

လက်ရှိချန်ပီယံ မြန်မာအမျိုးသမီးဘောလုံးအသင်းသည် အောက်တိုဘာ ၈ရက်တွင် ဗီယက်နမ်အသင်း၊ အောက်တိုဘာ ၁၀ရက်တွင် မလေးရှားအသင်း၊ အောက်တိုဘာ ၁၂ရက်တွင် လာအိုအသင်း၊ အောက်တိုဘာ ၁၄ရက်တွင် အင်ဒိုနီးရှားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

## အသက်(၁၉)နှစ်အောက်အသင်း

မလေးရှားနိုင်ငံ၌ အောက်တိုဘာ ၂၇ရက်မှ နိုဝင်ဘာ ၆ရက်အထိ ကျင်းပမည့် အသက် (၁၉)နှစ်အောက် အာရှအမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်၌ ပါဝင်ယှဉ်ပြိုင်ရန်အတွက် အသက်(၁၉)နှစ်အောက် မြန်မာ့လက်ရွေးစင်အမျိုးသမီး ဘောလုံးအသင်းကို အားကစားသမား ၂၄ဦးဖြင့် ရွေးချယ်ဖွဲ့စည်းပြီး ဩဂုတ် ၁၇ရက်မှ စတင်၍ စခန်းသွင်းလေ့ကျင့်လျက်ရှိသည်။

အသက်(၁၉)နှစ်အောက် အမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းကို နည်းပြချုပ်အဖြစ် ဦးအေးကျူကြီး၊ နည်းပြအဖြစ် ဦးအုန်းကြိုင်တို့က တာဝန်ယူလေ့ကျင့်ပေးလျက်ရှိသည်။ နည်းပြချုပ်ဦးအေးကျူကြီးသည် အာဆီယံချန်ပီယံမြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းကို နည်းပြချုပ်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သူဖြစ်သည်။

အသက်(၁၉)နှစ်အောက် အမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းတွင် အားကစားသမားများအဖြစ် **(ဂိုး)**မီမီသန်း၊ ဖြိုးသန္တာထွန်း၊ **(နောက်တန်း)**မေစန်းစု၊ ဆုမွန်အောင်၊ ကေသီစိုး၊ ဇင်မာဝင်း၊ ခင်မာလင်း၊ ယဉ်မင်းလှိုင်၊ သန္တာဆွေ၊ **(အလယ်တန်း)** ရီရီဦး၊ ထက်သီဂီအေး၊ အေးသီတာစိုး၊ စုပြည့်မွန်၊ စိုးစိုးအေး၊ ဇင်မေသူအောင်၊ စန်းစန်းမာ၊ နန်းသန်းဝင်း၊ နန်းခမ်းမို၊ မိဆက်၊ **(ရှေ့တန်း)**ကေသွယ်တိုး၊ စုစုသက်၊ မိုးစန္ဒာအောင်၊ နီလာမြင့်အောင်၊ အေးစန္ဒာလှိုင်တို့ပါဝင်ကြသည်။

## ၁၂သင်းပါဝင်

အသက်(၁၉)နှစ်အောက် အာရှအမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်၌ ၁၂သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ အုပ်စု(က)တွင် မြန်မာ၊ တောင်ကိုရီးယား၊ ဗီယက်နမ်၊ ဂျော်ဒန်၊ စင်ကာပူနှင့်ဖိလစ်ပိုင်၊ အုပ်စု(ခ)တွင် ဩစတြေးလျ၊ ထိုင်း၊ တရုတ်(တိုင်ပေ)၊ အိန္ဒိယ၊ တာဂျစ်ကစ္စတန်နှင့် အီရန်တို့ပါဝင်ကြသည်။

## အသက်(၁၆)နှစ်အောက်အသင်း

မလေးရှားနိုင်ငံ၌ နိုဝင်ဘာ၈ရက်မှ ၁၈ရက်အထိကျင်းပမည့် အသက်(၁၆)နှစ်အောက် အာရှအမျိုးသမီး ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်၌ ပါဝင်ယှဉ်ပြိုင်ရန်အတွက် အသက်(၁၆)နှစ်အောက် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းကို အားကစားသမား၂၅ဦးဖြင့်ရွေးချယ်ဖွဲ့စည်းပြီး စက်တင်ဘာ ၁ရက်မှစတင်၍ စခန်းသွင်းလေ့ကျင့်လျက်ရှိသည်။

အသက်(၁၆)နှစ်အောက် အမျိုးသမီး လက်ရွေးစင်အသင်းကို နည်းပြချုပ် အဖြစ် ဦးဝင်းမြင့်သွင်၊ နည်းပြအဖြစ် ဦးငွေထွန်း၊ လက်ထောက် နည်းပြအဖြစ် ဒေါ်သက်သက်ဝင်းတို့က တာဝန်ယူလေ့ကျင့်ပေးလျက်ရှိသည်။

အသက်(၁၆)နှစ်အောက် အမျိုးသမီးလက်ရွေးစင် ဘောလုံးအားကစားသမားများအဖြစ် **(ဂိုး)** ခင်သီတာအေး၊ ဇာဇာမြင့်၊ နော်လောအယ်ထူး၊ **(နောက်တန်း)** နန္ဒာလှိုင်၊ တင်ဇာမိုး၊ နွယ်နီခိုင်၊ ဖရီဒါစောစုထွေး၊ ခင်သန်းဝေ၊ ထရေဇာ၊ ဝင့်ဝါလှိုင်၊ **(အလယ်တန်း)** မိုးစန္ဒာထွန်း၊ တင့်တင့်ထွန်း၊ သင်းသင်းလှိုင်၊ သဇ္ဇာဆွေ၊ လှယဉ်ဝင်း၊ ခင်လေးမြင့်၊ နှင်းချယ်ရီဝင်း၊ ရီရီမင်း၊ ဝေဝေအောင်၊ အိအိဖြိုး၊ **(ရှေ့တန်း)**ငွေဆွေတာရာ၊ အေးစန္ဒာလှိုင်၊ ခိုင်ဇင်ညို၊ ဇင်မေသူအောင်၊ ထက်သိင်္ဂီအေးတို့ ပါဝင်ကြသည်။

## အထောက်အကူပြု

ယူ-၁၉ အမျိုးသမီးအသင်း၊ ယူ-၁၆ အမျိုးသမီးအသင်းစသည့် သက်တန်းအလိုက် အမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းများကို ရွေးချယ်ဖွဲ့စည်း၍ နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်စေခြင်းသည် မြန်မာ့လက်ရွေးစင်အမျိုးသမီး ဘောလုံးအသင်း ရေရှည်အောင်မြင်မှု ရရှိရေးအတွက် များစွာအထောက်အကူပြုလျက်ရှိပေသည်။

## တက်လှမ်းခဲ့

ယခုအခါ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း၌ ပါဝင်လျက်ရှိကြသော သင်းသင်းစိုး**(ဂိုး)**၊ ဇင်မင်းထွန်း**(ဂိုး)**၊ ခင်မျိုးဝင်း၊ နီလာမြင့်၊ ရီရီဦး၊ နန်းကြေးငုံ၊ သီရိမြတ်၊ ခင်မိုးဝေ၊ အေးအေးမာ၊ ခင်မာလာထွန်း၊ မူမူလွင်နှင့် နော်အားလိုဝါးဖောတို့သည် အသက်(၁၉)နှစ်အောက် အမျိုးသမီးလက်ရွေးစင်အသင်းမှ တစ်ဆင့် မြန်မာ့လက်ရွေးစင်အသင်းကြီးသို့ တက်လှမ်းခဲ့ကြသူများဖြစ်သည်။

လာမည့်နိုင်ငံတကာပြိုင်ပွဲများ၌ မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်း၊ ယူ-၁၉အမျိုးသမီးဘောလုံးအသင်းနှင့် ယူ-၁၆ အမျိုးသမီးဘောလုံးအသင်းတို့ မည်မျှအောင်မြင်မှုရရှိကြမည်ကို စောင့်စားကြည့်ရှုကြရမည်ဖြစ်ကြောင်း သတင်းစကားပါးလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

---

မြန်မာ့အလင်း သဘာဝဘေး အင်တာနက်ဖောင်ပိတ်သတင်း

# ဩစတြေးလျနိုင်ငံ မဲလ်ဘုန်း၌ မုန်တိုင်းတိုက်ခတ် နေအိမ်များပြိုလဲ၊ ဓာတ်အားများပြတ်တောက်

**မဲလ်ဘုန်း စက်တင်ဘာ ၁၅**

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် စက်တင်ဘာ ၁၅ရက်က လေပြင်းမုန်တိုင်း ဝင်ရောက်မွှေနှောက်တိုက်ခတ်သဖြင့် နေအိမ်အများအပြားပျက်စီးခဲ့ကြောင်း မဲလ်ဘုန်းမြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။

## ဘေးဒုက္ခကြုံတွေ့

တစ်နာရီလျှင် မိုင်၁၀၀နှုန်းတိုက်ခတ်သော လေပြင်းမုန်တိုင်းကြောင့် ဓာရီဘီးနှင့်လာဗာတန်မြို့တို့တွင် နေအိမ်များပျက်စီးပြီး ဓာတ်အားတိုင်များပြိုလဲကျခဲ့ကြောင်း၊ ဒေသခံပြည်သူအများအပြား လေဘေးဒုက္ခကြုံတွေ့ခဲ့ရကြောင်း သိရသည်။

## ကယ်ဆယ်

ထိုသို့ ဓာတ်တိုင်များ လဲကျခဲ့မှုကြောင့် အိမ်ခြေ ၆၀၀၀ခန့် ဓာတ်အားပြတ်တောက်နေကြောင်း၊ ရေဘေးဒုက္ခကြုံတွေ့နေရသူများကို ကယ်ဆယ်ရေးအဖွဲ့များက ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်ပေးလျက်ရှိကြောင်း သိရသည်။

# အိန္ဒိယမြောက်ပိုင်းကျေးရွာ၌ မြေပြိုမှုဖြစ်ပွား လေးဦးသေဆုံး၊ နေအိမ်အချို့ ပျက်စီး

နယူးဒေလီ စက်တင်ဘာ ၁၅

**အိန္ဒိယနိုင်ငံမြောက်ပိုင်း ကျေးရွာတစ်ရွာ၌ စက်တင်ဘာ ၁၅ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁နာရီက မြေပြိုမှုဖြစ်ပွားကြောင်း အိန္ဒိယရဲတပ်ဖွဲ့ အရာရှိများက ပြောကြားသည်။** (အပေါ်ပုံ)

## နေအိမ်အချို့ပျက်စီး

**မြေပြိုမှုဖြစ်ပွားခဲ့သည့်နေရာမှာ ကာရက်ခါကျေးရွာ၌ဖြစ်ပြီး လွန်ခဲ့သောရက်အနည်းငယ်က မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့် ဖြစ်သည်ဟု ၎င်းတို့က ပြောကြားသည်။ မြေပြိုမှုကြောင့် လေးဦးသေဆုံးပြီး နေအိမ်အချို့ပျက်စီးခဲ့သည်။**

# အပူလှိုင်းကျရောက်၍ တောင်အာဖရိက ပရီတိုးရီးယား၌ သုံးဦးသေဆုံး

**ကိတ်တောင်း စက်တင်ဘာ ၁၅**

တောင်အာဖရိကနိုင်ငံ ပရီတိုးရီးယားမြို့တွင် စက်တင်ဘာ ၁၅ရက် နံနက်က အပူလှိုင်းကျရောက်ခဲ့ရာ အသက်အရွယ်ကြီးရင့်သူ အမျိုးသားသုံးဦး သေဆုံးသွားခဲ့ကြောင်း ပရီတိုးရီးယားရဲတပ်ဖွဲ့က ပြောကြားသည်။

## မြင့်တက်ခဲ့

အပူချိန်မှာ ပရီတိုးရီးယားမြို့ အနီးဝန်းကျင်ဒေသ၌ ၃၆ ဒီဂရီ ဆဲလ်စီးယပ်စ်အထိ မြင့်တက်ခဲ့ကြောင်း၊ အချို့နေရာများ၌ ၃၄ဒီဂရီ ဆဲလ်စီးယပ်စ်အထိရှိကြောင်း တောင်အာဖရိကနိုင်ငံ မိုးလေဝသဌာနမှ အရာရှိများက ပြောကြားသည်။

အဆိုပါ အပူလှိုင်းကျရောက်မှုမှာ နောက်ထပ် ၂၄နာရီခန့် ဆက်လက်ဖြစ်ပေါ်နေမည်ဖြစ်ကြောင်း၊ အပူလှိုင်းကျရောက်မှုဒဏ်မှ ကင်းဝေးရန် သတိပြုနေထိုင်ကြရန် ၎င်းအရာရှိများက အကြံပြုပြောကြားထားသည်။

---

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

# ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့အနီး လေယာဉ်ငယ်ပျက်ကျ၊ သုံးဦးသေဆုံး

**ဆစ်ဒနီ စက်တင်ဘာ ၁၅**

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့အနီး၌ စက်တင်ဘာ ၁၅ရက် ဒေသစံတော်ချိန် နံနက် ၉နာရီခွဲက လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူ သုံးဦးသေဆုံးသွားကြောင်း ဩစတြေးလျ လေကြောင်းအရာရှိများက ပြောကြားသည်။

## အင်ဂျင်စက်ချွတ်ယွင်း

ပျက်ကျခဲ့သည့် လေယာဉ်မှာ ဆက်နှာအမျိုးအစား လေယာဉ်ဖြစ်ပြီး ဆစ်ဒနီမြို့ ဘင့်စတောင်း လေဆိပ်အနီးတွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။ ၎င်းလေယာဉ်ငယ်ပျက်ကျခဲ့ခြင်းမှာ အင်ဂျင်စက်ချွတ်ယွင်းမှုကြောင့် ဖြစ်ကြောင်းသိရသည်။

**ဆစ်ဒနီမြို့ ဘင့်စတောင်း လေဆိပ်အနီး ပျက်ကျခဲ့သော လေယာဉ်ကို တွေ့ရစဉ်။**

---

# မိုးညှင်း၌ သစ်သားတံတား တည်ဆောက်

**မိုးညှင်း စက်တင်ဘာ ၁၅**

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ပင်းဟဲကျေးရွာအုတ်သစ်သားတံတား ဆောက်လုပ်နေမှုကို မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းနှင့် အင်ဂျင်နီယာမှူး ဦးခင်မောင်မြင့်တို့ စက်တင်ဘာ ၈ရက်က ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းတာဝန်ခံ လက်ထောက် အင်ဂျင်နီယာ ဦးအင်န်ခွန်းအောင်က ရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။ **(မြို့နယ်စည်ပင်)**

---

# ဧရာဝတီမြစ်ရေ အခြေအနေ

ရန်ကုန် စက်တင်ဘာ ၁၅

**ဧရာဝတီမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၁၂နာရီခွဲ တိုင်းထွာချက်အရ ဟင်္သာတမြို့တွင် ၁၃၅၁စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂စင်တီမီတာ အောက်သို့ ပြန်လည်ကျဆင်းမည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။** (သတင်းစဉ်)

---

# တီးတိန်၌ ကျေးလက်ရေပေးရေးဆောင်ရွက်

**တီးတိန် စက်တင်ဘာ ၁၅**

၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် တီးတိန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ကျေးလက်ရေပေးရေးလုပ်ငန်း (ဆဲဇန် ကျေးရွာ ၆လက်မ ဂျီအိုင်သံပိုက် ပြန်လည်တပ်ဆင်ခြင်းလုပ်ငန်း) ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ဩဂုတ် ၂၅ရက်က အမှုဆောင်အရာရှိ ဦးနန်ဒိုးဆုမ်းမန်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးခင်မောင်ဌေးတို့က သွားရောက်ကြည့်ရှု စစ်ဆေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်း

ကျွန်တော် **မောင်ရန်ပိုင်ထွန်း** ၁၁/စတန(နိုင်)၀၅၁၄၈၃နှင့် ကျွန်မ **မအေးမြဝင်း** ၁၂/ပဘတ(နိုင်)၀၃၀၈၉၂ တို့သည် ၁၅-၉-၂၀၀၈ရက်(တနင်္လာနေ့)တွင် ရန်ကုန်တိုင်းတရားရုံး ဦးစီးအရာရှိ ဒေါ်ချိုချိုဝင်း ရှေ့မှောက်၌ နှစ်ဦးသဘောတူလက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပါကြောင်း။

**မောင်ရန်ပိုင်ထွန်း-မအေးမြဝင်း။**

## ကျေးဇူးဆပ်ပါမည်

ယာဉ်အမှတ် ၁ခ/၇၄၁၁၈၏ အခွန်ပုံစံ(၁) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း-၀၉-၅၁-၃၈၇၆၅။**

ကထိကနည်းပြ
ဆရာဦးမြင့်သိန်း ဦးစီးသင်ကြားမည့်
**နည်းပြ/သရုပ်ပြ**
**တန်းခွဲသစ်(၁၈-၉-၂၀၀၈)ရက်စမည်။**
**၁၈၄/၁၈၆၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့။**

သဘောၤစက်ပိုင်းဆိုင်ရာ လုပ်ငန်းခွင်ဝင်မည့် လူသစ်များအတွက်
**စာတွေ့/လက်တွေ့(လေး)ပတ် အထူးသင်တန်းများ စပြီ**
**ကထိကနည်းပြ ဆရာဦးမြင့်သိန်း**
**ဖုန်း-၀၉-၅၁-၈၉၁၆၅၊၀၉-၅၁-၄၉၉၉၂။**




## ငါန်းဇွန်မြို့နယ် ကျောက်တစ်လုံး-လက်ပံဇင် ကျောက်ချောလမ်းခင်း

**ငါန်းဇွန် စက်တင်ဘာ ၁၅**

ငါန်းဇွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်လမ်းများ ကောင်းမွန်ရေး စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ကျောက်တစ်လုံးရွာနှင့် လက်ပံဇင်ရွာ ဆက်သွယ်သည့်လမ်းကို ယခုနှစ်တွင် လမ်းအရှည်ပေ ၁၁၅၀ ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအား စက်တင်ဘာ၉ရက်က ခေတ္တအမှုဆောင်အရာရှိ ဦးမြင့်လွင် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးစိုးဝင်းထွန်းက ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

## ရန်ကုန်မြို့ပေါ်၌ ငှားရမ်းထားသော မော်တော်ယာဉ်များကို စာရွက်စာတမ်းအတုပြုလုပ်ကာ တစ်ဆင့်ပြန်လည်ပေါင်နှံရောင်းချမှု

### ကျူးလွန်သူတရားခံများအား ဖမ်းဆီးဖော်ထုတ်နိုင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၁၅**

ရန်ကုန်မြို့ပေါ်၌ မော်တော်ယာဉ်များကို ပွဲစားများမှတစ်ဆင့်ဆက်သွယ်၍ လပေးစနစ်ဖြင့်ငှားရမ်းပြီး စာရွက်စာတမ်း အတုပြုလုပ်ကာ တစ်ဆင့်ပြန်လည် ပေါင်နှံရောင်းချခြင်းများ ကျူးလွန်မှုနှင့်ပတ်သက်၍ တရားခံများအား သက်သေခံ မော်တော်ယာဉ်များနှင့်တကွ ဖမ်းဆီးဖော်ထုတ်နိုင်ခဲ့ကြောင်း သိရှိရသည်။

**ရန်ကုန်မြို့ပေါ်၌ မော်တော်ယာဉ်များကို ပွဲစားများမှတစ်ဆင့်ဆက်သွယ်၍ လပေးစနစ်ဖြင့် ငှားရမ်းပြီး စာရွက်စာတမ်း အတုပြုလုပ်ကာ တစ်ဆင့်ပြန်လည်ပေါင်နှံရောင်းချခြင်းများ ကျူးလွန်ခဲ့သည့် တရားခံ ချမ်းမြတ်ကို(ခ)လွင်ကိုနှင့် ဇနီး မဇင်သီရိ(ခ)မဝင့်ဝင့်သူ။** (သတင်းစဉ်)

### ဖမ်းဆီးရမိ

၂၀၀၈ခုနှစ် မေလမှစတင်ကာ ရန်ကုန်တိုင်းအတွင်းရှိ ရဲစခန်းအသီးသီးသို့ မော်တော်ယာဉ်လိမ်လည်မှုနှင့်ပတ်သက်ပြီး တိုင်တန်းချက်များရောက်ရှိလာခဲ့ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် စနစ်တကျဖော်ထုတ်ခဲ့ရာ ဩဂုတ် ၂၁ရက်နှင့် ၂၂ရက်တို့တွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၃)ရပ်ကွက် ယင်းမာမြိုင်လမ်း အမှတ် ၃၅၉နေ တရားခံ ချမ်းမြတ်ကို(ခ) လွင်ကို (၂၆နှစ်)နှင့် ဇနီး မဇင်သီရိ(ခ)မဝင့်ဝင့်သူ (၃၃နှစ်)တို့အားလည်းကောင်း၊ ၎င်းတို့နှင့် ဆက်စပ်တရားခံများဖြစ်သည့် အတုပြုလုပ်သူများနှင့်ပွဲစားများ စုစုပေါင်း ၁၃ဦးတို့အားလည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

၎င်းတို့သည် တိုယိုတာကိုရိုလာ၊ ကိုရိုလာဗင်၊တိုယိုတာလီမိတက်၊ ဆန်နီစူပါဆလွန်း၊ အက်စ်အီးလီမိတက် စသည့် ယာဉ်ငယ် ၂၈စီးတို့အား အကျိုးဆောင်ကုမ္ပဏီ ၁၁ခုနှင့်ဆက်သွယ်၍ လပေးစနစ်ဖြင့် ငှားရမ်းခဲ့ကြောင်း၊ မော်တော်ယာဉ်ငှားရမ်းရာတွင် ဆက်သွယ်ပေးခအဖြစ် အကျိုးဆောင်ကုမ္ပဏီများသို့ ငွေကျပ်ငါးသောင်းပေးခဲ့ရကြောင်း၊ ယာဉ်ပိုင်ရှင်အား တစ်လစာ စပေါ်ငွေနှင့် ငှားရမ်းခ၏ သုံးလစာငွေတို့ကို နှစ်လ၊ သုံးလတစ်ကြိမ် ပေးဆောင်ရကြောင်း၊ ယာဉ်များကို ငှားရမ်းသည့်အခါ ယာဉ်ပိုင်ရှင်ထံမှ စက်သုံးဆီဝယ်ယူခွင့်စာအုပ်၊ ယာဉ်မှတ်ပုံတင်၊ သက်သေခံကတ်ပြား (ဗီးတက်)၊ မော်တော်ယာဉ်စစ်ဆေးချက် သက်သေခံလက်မှတ်(VIC)ကတ်တို့ကိုယူဆောင်ပြီး မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(Owner Book)၊ သူတစ်ပါးထိခိုက်မှု အာမခံပရီမီယံ ပေးသွင်းမှုမှတ်တမ်းစာအုပ်နှင့် အခွန်ကိစ္စစီမံဆောင်ရွက်ခြင်း ကတ်ပြားတို့ကို ယာဉ်ပိုင်ရှင်ထံတွင် ထားရှိခဲ့ကြောင်း၊ ၎င်းတို့အနေဖြင့် ပိုင်ရှင်ထံတွင် ထားရစ်ခဲ့သည့် စာရွက်စာတမ်းသုံးမျိုးကို အတုပြုလုပ်ကာ အခြားသူတစ်ဦးဦးထံသို့ ပြန်လည်ပေါင်နှံရောင်းချခြင်းများ ဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

### အတုပြုလုပ်

၎င်းတို့သည် မော်တော်ယာဉ်၂၈စီးအား လိမ်လည်၍ စာရွက်စာတမ်းအတုပြုလုပ်ကာ တစ်ဆင့်ပြန်လည်ပေါင်နှံရောင်းချခြင်းကြောင့် အကျိုးအမြတ်အားဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၅၇၁၀ ရရှိခဲ့ကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် စာရွက်စာတမ်းအတုပြုလုပ်ခြင်း ငွေကျပ်၇၅သိန်း၊ တစ်လစာ အတိုးပေးချေခြင်း ငွေကျပ်၃၁၅သိန်းခွဲ၊ ပွဲစားခ ငွေကျပ် ၁၃၁သိန်းခွဲ သုံးစွဲခဲ့ပြီး အသားတင် အမြတ်ငွေအဖြစ် ငွေကျပ် သိန်း ၅၁၉၀ ရရှိခဲ့ကြောင်း သိရသည်။

အလားတူ စက်တင်ဘာ၄ရက်တွင် ပုဇွန်တောင်မြို့နယ်အတွင်း ယာဉ်တစ်စီးအား အထောက်အထားအတုများဖြင့် ပေါင်နှံသွားကြောင်း သတင်းအရ စုံစမ်းစစ်ဆေးရာ ပြစ်မှုကျူးလွန်သူများဖြစ်ကြသည့် တင်အောင်(ခ)တေဇာကံမြင့်နှင့် ကျော်ဝဏ္ဏ တို့အား သက်သေခံယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်းနှင့် ၎င်းတို့အား စစ်ဆေးဖော်ထုတ်ချက်များအရ မော်တော်ယာဉ် ၁၀စီးအား ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

### စုံစမ်းဖော်ထုတ်

အဆိုပါဖြစ်စဉ်နှစ်ခုနှင့်ပတ်သက်၍ မော်တော်ယာဉ် ၃၅စီးကို ပြန်လည်သိမ်းဆည်းရမိခဲ့ပြီး ကျန်မော်တော်ယာဉ်များ သိမ်းဆည်းရမိရေးအတွက် ဆက်လက်စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် အဓိက တရားခံလေးဦးနှင့် ဆက်စပ်တရားခံများအား တရားဥပဒေအရ အရေးယူနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်သူများအနေဖြင့် ယခုကဲ့သို့ လိမ်လည်လှည့်ဖြားမှုများ မခံရစေရေးအတွက် အစဉ်သတိပြု ဆောင်ရွက်ကြရန်နှင့် အလားတူဖြစ်စဉ်များ မဖြစ်ပေါ်စေရေးအတွက် သတိထားရှောင်ရှားကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ၂၀၀၈ ခုနှစ် ဩဂုတ်လအတွင်း ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးအမှုများ

**နေပြည်တော် စက်တင်ဘာ ၁၅**

၂၀၀၈ခုနှစ် ဩဂုတ်လတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့မှ မူးယစ်ဆေးဝါး အမှုပေါင်း ၂၆၅မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်းဖြူမှ အလေးချိန် ၁၅၁ ဒသမ ၁၆၆၇ကီလို၊ ဘိန်းဖြူအမှု၈၀ အလေးချိန် ၇ ဒသမ ၄၈၅ကီလို၊ ဘိန်းညိုတစ်မှု အလေးချိန် ၆၉ဒသမ ၅ကီလို၊ ဘိန်းဆီ၁မှု အလေးချိန် ၆၆ဒသမ၃၂၇၂ကီလို၊ အဆင့်နိမ့်ဘိန်း ၁၅မှု အလေးချိန် ၁၂၆၃ဒသမ ၂၉ ကီလို၊ ဆေးခြောက် ၂၁မှု အလေးချိန် ၁၀ ဒသမ ၅၉၈၉ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြားအမှု ၅၀ (၁၄၂၉၅၅ဒသမ ၅ပြား)၊ ဘိန်းစာမှုန့်ရှစ်မှု အလေးချိန် ၁၃ဒသမ ၇၇ကီလို၊ ချောင်းဆိုးပျောက်ဆေးရည် အလေးချိန် ဒသမ ၀၃ လစ်တာ၊ အက်ဖီဒရင်းနှစ်မှု အလေးချိန် ၁၉ဒသမ၃၅ကီလို၊ အေတီဗင်တစ်မှု ၁၀ပြား၊ အယ်ပရာဇိုလမ် ဒသမ၅ကီလို၊ မှတ်ပုံတင်ပျက် လေးမှု၊ အခြားအမှု လေးမှုတို့ကို ဖမ်းဆီးရမိခဲ့သည်။

### အရေးယူ

၂၀၀၈ခုနှစ် ဩဂုတ်လတွင် အမှုပေါင်း ၂၆၅မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ ကျား ၃၄၆ဦး၊ မ၇၄ဦး စုစုပေါင်း တရားခံ၄၂၀ တို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## ပြည်မြန်မာသတင်းဂျာနယ်ဖြန့်ချိ

**ရန်ကုန် စက်တင်ဘာ ၁၅**

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၃၃)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Sewsone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

### အပတ်စဉ်ဖြန့်ချိ

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ မြန်မာနိုင်ငံတွင် အနုပညာမှုပိုင်ကြေးပေး၍ ပထမဆုံးအသံထုတ်လွှင့်၊ ရှားပါးဒေါင်းစိမ်းများ မျိုးမသုဉ်းစေရေးအတွက်၊ တွံတေးမြို့မဈေးကြီးမီးလောင် ဆိုင်ခန်းပေါင်း ၂၄၀ကျော် ပျက်စီးဆုံးရှုံး၊ ၃၇လမ်းက လူသတ်မှု တရားခံနှစ်ဦးကို ဖော်ထုတ်ဖမ်းဆီးမှုဖြစ်စဉ်၊ နောင်နှစ်ပေါင်းများစွာအထိ ရန်ကုန်မြို့အတွက် ရေဖူလုံစွာရှိ၊ နှစ်သန်းပေါင်း ၅၀ သက်တမ်းရှိ ပယင်းကျောက်များ မြန်မာနိုင်ငံ၌တွေ့ရှိနိုင်၊ အင်္ဂါဂြိုဟ်သည် ကမ္ဘာနှင့်နီးကပ်လာနေ၍ အရှေ့တောင်အာရှနိုင်ငံအချို့တွင် အင်အားပြင်းငလျင်များဖြစ်ပေါ်နိုင်၊ မြန်မာအင်ဂျင်နီယာတစ်ဦးက ဆန်အရည်အသွေးမြှင့်စနစ်တစ်ခုကိုတီထွင်၊ ရန်ကုန်မြို့တွင် စိတ်မကျန်းမာသူအချို့ ပြစ်မှုကျူးလွန်မှုများဖြစ်ပေါ်ခဲ့၊ ရန်ကုန်တိုင်းအတွင်း ကားတစ်စီး၊ ဟန်းဖုန်းတစ်လုံးဖြင့် ဆိုင်ကယ်များခိုးယူနေသူနှစ်ဦးကို ဖမ်းဆီးရမိ၊ အသည်းရောင်အသားဝါဘီပိုးက HIV ပိုးထက် အဆ ၁၀၀ခန့် ကူးစက်မှုပိုမိုလွယ်ကူ၊ ဘိုကလေးက သေရွာပြန်ကလေးတစ်ဦး၏ အံ့ဖွယ်ဖြစ်ရပ်ဆန်း၊ လူသတ်မှုတစ်ခုတွင် ခွေးက ကမ္ဘာ့ပထမဆုံး မျက်မြင်သက်သေအဖြစ်ထွက်ဆို၊ မြွေဆိပ်ဖြင့်ပြုလုပ်ထားသည့် မျက်နှာလိမ်းခရင် ပါးရေတွန့်သက်သာသော အလှကုန်များထဲတွင် ထိပ်ဆုံးရောက်၊ လေဟာနယ်တွင် အသက်ရှင်နိုင်သော ကမ္ဘာ့ပထမဆုံး သတ္တဝါတွေ့ရှိ၊ လူတစ်သန်းခန့်နေနိုင်သည့် မှန်ပိရမစ်ကြီးကို ဒူဘိုင်းတွင် မကြာမီ တည်ဆောက်တော့မည်၊ ကမ္ဘာပေါ်၌ အလှမယ်အများဆုံးထွက်ပေါ်သည့် နိုင်ငံ၊ ၂၅ယောက်မြောက် အိမ်ထောင်ဖက်နှင့်ကျွန်မ အချစ်စစ်ကိုတွေ့သည်ဟုဆို၊ တစ်ဘီးတပ်စက်ဘီးဖြင့် ဧဝရက်တောင်မှ ဆင်းပြမည်၊ လေပြင်းမတိုက်ဘဲ သစ်ပင်သုံးထောင်ခန့် ၁၀ မိနစ်အတွင်း ထူးဆန်းစွာလဲပြို၊ ဆမက်က ထိုင်းဝန်ကြီးချုပ်အဖြစ် ထပ်မံ အရွေးခံတော့မည်မဟုတ်ဟုဆို၊ အမေရိကန်တွင် ဟာရီကိန်းမုန်တိုင်းကြောင့် ဒီရေ၂၅ပေအထိ မြင့်တက်.... စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံကို မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ ထည့်သွင်းဖော်ပြထားကြောင်းနှင့် အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မိုးလေဝသ ခန့်မှန်းချက်

မြန်မာ့အလင်း

**သန်းသန်းနု ကိုးကားတင်ပြသည်**

### ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားအသင့်အတင့်ရှိပြီး

### ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေအားကောင်းနေ

**ရန်ကုန် စက်တင်ဘာ ၁၅**

စက်တင်ဘာ ၁၄ရက်က ကမ္ဘာ့နိုင်ငံများ၏ရာသီဥတုဖြစ်စဉ်ကို လေ့လာကြည့်ပါလျှင် အမေရိကန်နိုင်ငံ မစ်ချီဂန်အရပ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမှုဖြစ်ပေါ်ခြင်း၊ ဂျပန်နိုင်ငံ တိုချီဂီဒေသရှိ နန်တေးမီးတောင်လှုပ်မှုဖြစ်ပေါ်၍ သတိပေးချက်များထုတ်ပြန်ထားခြင်းများ ပြုလုပ်ထားကြောင်းသိရသည်။

### ရာသီဥတုဖြစ်စဉ်

စက်တင်ဘာ၁၅ရက်က မြန်မာနိုင်ငံ၏ ရာသီဥတုဖြစ်စဉ်ကို လေ့လာကြည့်ပါလျှင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးရွာခဲ့ပြီး ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲမိုးရွာခဲ့သည်။ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်မိုးရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

စက်တင်ဘာ၁၅ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| | | | | |
|---|---|---|---|---|
| ထားဝယ် | ၂ | ဒသမ | ၈၄ | လက်မ |
| ဥမြို့ | ၂ | ဒသမ | ၄၈ | လက်မ |
| ရန်ကုန်မြို့လယ် | ၂ | ဒသမ | ၁၃ | လက်မ |
| မင်းတပ် | ၁ | ဒသမ | ၇၈ | လက်မ |
| ခရမ်း | ၁ | ဒသမ | ၆၅ | လက်မ |
| ဓနောင်းတူ | ၁ | ဒသမ | ၆၁ | လက်မ |
| မကွေး | ၀ | ဒသမ | ၉၁ | လက်မ |

စက်တင်ဘာ ၁၆ရက်**(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကိုခန့်မှန်းရပါက ချင်းပြည်နယ်၊ကယားပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်း တို့တွင် နေရာကျဲကျဲမိုးရွာသွန်းနိုင်ပြီး ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့၌ နေရာစိပ်စိပ် မိုးရွာနိုင်သည်။ ရခိုင်ပြည်နယ် (တောင်ပိုင်း)၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

စက်တင်ဘာ ၁၆ရက် **(ယနေ့)** နေပြည်တော်နှင့်အနီးတစ်ဝိုက် မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် မိုးအသင့်အတင့်ရွာမည်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

### မုတ်သုံလေ

မြန်မာစံတော်ချိန် မွန်းလွဲ ၁၂နာရီခွဲတိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင်ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် သိသိသာသာ အားကောင်းလာခြင်းမရှိဘဲ အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့၏တောင်ဘက် မိုင် ၁၆၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းသည် အနောက်မြောက်သို့ဖြည်းညင်းစွာရွေ့လျားပြီး အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေကို နောက်၁၂နာရီအတွင်း ဖြတ်ကျော်ဝင်ရောက်မည်ဟုခန့်မှန်းရသည်။ ရခိုင်ကမ်းရိုးတန်းတွင် မုတ်သုံဆန်သောအခြေအနေများဖြစ်ပေါ်နေပြီး ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်ထူထပ်နေ၍ ကပ္ပလီပင်လယ်ပြင်၌ မုတ်သုံလေအား အသင့်အတင့် ရှိနေမည်ဖြစ်သည်။ ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေအားကောင်းလျက်ရှိသည်။

### လှိုင်းအသင့်အတင့်

ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီမိုင်၄၀မှ ၄၅ မိုင်အထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင်မူ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

**ကိုးကား - မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်**

# ပြည်ကြီးတံခွန်မြို့နယ် ရတနာပုံတက္ကသိုလ် အဝင်လမ်း ကတ္တရာခင်းနိုင်ရေး အခြေခံကျောက်လွှာခင်းဆောင်ရွက်

မန္တလေး စက်တင်ဘာ ၅

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပု၊ ကော်မတီဝင်များနှင့် ဌာနမှူးများလိုက်ပါလျက် ဩဂုတ် ၁၃ရက် နံနက် ၁၁နာရီက ပြည်ကြီးတံခွန်မြို့နယ် ရတနာပုံတက္ကသိုလ်အဝင်လမ်း အကြီးစား ပြုပြင်ကတ္တရာခင်းနိုင်ရေးအတွက် အခြေခံကျောက်လွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုနှင့် မဟာအောင်မြေမြို့နယ် ၆၂လမ်း မကြီးအား ၃၅လမ်းနှင့် သိပ္ပံလမ်းအကြား အဆင့်မြှင့်တင် ကတ္တရာလမ်းခင်းခြင်း ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။** (ဝဲပုံ)

**ကျောက်လွှာခင်း**

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် ရန်ကုန်-မန္တလေး လမ်းမကြီး ရတနာပုံတက္ကသိုလ်အဝင်လမ်းဆုံသို့ရောက်ရှိလာရာ လမ်းတံတားဌာန ဌာနခွဲမှူး ဒေါ်ခင်မေဌွေးနှင့် တာဝန်ခံ အင်ဂျင်နီယာများက ရတနာပုံတက္ကသိုလ် အဝင်လမ်းကို ရန်ကုန်-မန္တလေး လမ်းမကြီးမှ တောင်သမန်ကန်ပတ်လမ်းအထိ အကြီးစား ပြုပြင် ကတ္တရာလမ်းခင်းနိုင်ရေးအတွက် အခြေခံကျောက်လွှာခင်းခြင်း လုပ်ငန်း ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ရတနာပုံတက္ကသိုလ် အဝင်လမ်းကို ရန်ကုန်-မန္တလေးလမ်းမကြီးမှ တောင်သမန်ကန်ပတ်လမ်းအထိ အကြီးစား ပြုပြင် ကတ္တရာလမ်းခင်းနိုင်ရေးအတွက် အခြေခံကျောက်လွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ညနေ ၄နာရီတွင် မဟာအောင်မြေမြို့နယ် ၆၂လမ်းမကြီးအား ၃၅လမ်းမှသိပ္ပံလမ်းအထိ ထပ်ပိုးလွှာတင် အဆင့်မြှင့်တင် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

(၃၁၃)

## ဘီးလင်းမြို့နယ်၌ ပညာရိပ်စာကြည့်တိုက် အုတ်မြစ်ချ စာအုပ်များတိုးပွားရေးနှင့် ရေရှည်တည်တံ့ရေးဆွေးနွေး

**ဘီးလင်း စက်တင်ဘာ ၂**

ဘီးလင်းမြို့နယ် ကော့ကဒွတ်ကျေးရွာအုပ်စု သင်တောကြီးကျေးရွာ ပညာရိပ်စာကြည့်တိုက်အုတ်မြစ်ချ မင်္ဂလာအခမ်းအနားကို ဩဂုတ်၁၅ရက်မွန်းတည့် ၁၂ နာရီက အဆိုပါစာကြည့်တိုက် မြေနေရာ၌ကျင်းပသည်။

**ရှင်းလင်း**

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးချုပ်မှ ညွှန်ကြားရေးမှူး ဦးအေးကြွယ်က စာအုပ်စာစောင်တိုးပွားရေးနှင့် စာကြည့်တိုက် ရေရှည်တည်တံ့ရေးကို ဆွေးနွေးပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းအောင်က စာကြည့်တိုက်လုပ်ငန်းစဉ်(၅)ရပ်ကို အကျယ်တဝင့် ရှင်းလင်းပြောကြားကာ စာကြည့်တိုက် ကော်မတီဝင်တစ်ဦးက စာကြည့်တိုက်ဆောက်လုပ်ရန် ဖြစ်ပေါ်လာပုံ အကျဉ်းကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စာကြည့်တိုက် အဆောက်အအုံအတွက် အလှူငွေပေးအပ်ပွဲကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ခင်လေးနွယ်က အလှူငွေကျပ်၅၀၀၀နှင့် ကျေးရွာ စေတနာရှင် ပြည်သူများစုပေါင်းလှူဒါန်းငွေကျပ် ၈၄၀၀၀၀ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌက လက်ခံယူသည်။

**အုတ်မြစ်ချ**

ထို့နောက် အုတ်မြစ်ချပွဲကို ကျင်းပရာ ညွှန်ကြားရေးမှူးဦးအေးကြွယ်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းအောင်နှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးညွန့်တို့က ရွှေအုတ်၊ ငွေအုတ်များကို အုတ်မြစ်ချကြသည်။

(မြို့နယ် ပြန်/ဆက်)

နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော မြစိမ်းသာ(၁)လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးဝင်းရွှေ ကွင်းဆင်းစစ်ဆေးရာ လက်ထောက် အင်ဂျင်နီယာ ဦးရဲထွန်းက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

**လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော မြို့ဝမ်လမ်းပေါ်ရှိ မြို့ဝမ်ကျောက်ရိုးစီ သစ်သားတံတားခင်းခြင်း လုပ်ငန်းကို ရှမ်းပြည်နယ် (မြောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့် ကွင်းဆင်းစစ်ဆေးစဉ်။**

(မြို့နယ်စည်ပင်)

## မိတ္ထီလာမြို့နယ်စည်ပင် ကတ္တရာထပ်ပိုးလွှာခင်း

**မိတ္ထီလာ စက်တင်ဘာ ၂**

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်အတွင်း မြို့ပေါ်ရပ်ကွက်များ၌ ကတ္တရာ(၂၁)လမ်း အရှည် ၃/၃ဒသမ၉မိုင်၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း (၇)လမ်း အရှည် ၁/၅ဒသမ ၆ မိုင်နှင့် မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်း (၁၅) လမ်း အရှည်၇/၅ဒသမ၄၂မိုင်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် လျာထားရာ ဩဂုတ် ၇ရက်က မြို့တွင်းလမ်းများ၌ အသုံးပြုရန် ကျောက်များစုဆောင်းခြင်း၊ အဖွဲ့ပိုင်ကျောက်ခွဲစက်ဖြင့် ကျောက်ခွဲစုဆောင်းခြင်း လုပ်ငန်းများကို အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်တိုးတိုးလွင်တို့ ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးကြည်တင်က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

**သန်လျင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုနှင့် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကို စက်တင်ဘာ ၃ရက်က မြို့နယ်စည်ပင်ခန်းမ၌ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးတင်အေး(ငြိမ်း)က ထောက်ပံ့ငွေကျပ် ၅၇၃၀၀၀ကို ပေးအပ်ချီးမြှင့်စဉ်။**

(ခရိုင် ပြန်/ဆက်)

## ဂွမြို့နယ်၌ စာကြည့်တိုက်မှူးများအား သင်တန်းပို့ချ

ဂွ စက်တင်ဘာ ၁၀

ဂွမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ဥမ္မာခင်နှင့် ဝန်ထမ်းများသည် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပံ့ပိုးမှုဖြင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်မှူးများကို ဩဂုတ် ၂၉ရက် နံနက် ၈နာရီမှ ညနေ ၅နာရီခွဲအထိ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ စာကြည့်တိုက်ပညာ သင်တန်းပို့ချခဲ့ရာ ကျေးရွာ အုပ်စု ၂၄အုပ်စုမှ စာကြည့်တိုက်မှူးများ တက်ရောက်ကြကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**



## လူထုကျန်းမာရေး အသိပညာပေး မတ္တရာမြို့တွင် ဟောပြော

**မတ္တရာ စက်တင်ဘာ ၂**

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ လူထုကျန်းမာရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ်၂၄ရက် နံနက် ၉နာရီက အမှတ် (၂)ရပ်ကွက် ရန်ကင်း အလကကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်ကိုကိုက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာလှလှဌေးက သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု ကြိုတင်ကာကွယ်မှုနှင့် ကုသရေးဆိုင်ရာများကို ပညာပေးဟောပြောသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် အမှတ်(၂)ရပ်ကွက် မြို့နယ်တာဝန်ခံ ဆရာမ ဒေါ်ဌေးဌေးက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားပြီး ရပ်ကွက်ဥက္ကဋ္ဌက ရပ်ကွက်ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်စွာနေထိုင်ကြရေး၊ ဝိုင်းဝန်းကာကွယ်ရန်အတွက် ပူးပေါင်းပါဝင်ကြရေးတို့ကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## သံဖြူဇရပ် စည်ပင် ချုံနွယ်နှင့်ပေါင်းမြက် ရှင်းလင်းဆောင်ရွက်

သံဖြူဇရပ် စက်တင်ဘာ ၈

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မြို့သာယာလှပစေရေးအတွက် သံဖြူဇရပ်-ရေးလမ်းတစ်လျှောက် လမ်းဘေးဝဲယာတွင် ချုံနွယ်နှင့်ပေါင်းမြက်များ ရှင်းလင်းမှုကို ဇူလိုင် ၂၄ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်ကြပ်မတ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

## ရွှေကူမြို့ သာယာလှပရေး ရွှေကူ၌ ဆောင်ရွက်

**ရွှေကူ စက်တင်ဘာ ၅**

ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ရွှေကူမြို့ သန့်ရှင်းသာယာရေးနှင့် စိမ်းလန်းစိုပြည်သော မြို့ဖြစ်စေရေးအတွက် ဩဂုတ် ၄ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးသန်းနိုင် ဦးဆောင်သော ဝန်ထမ်းများသည် အထက(၁)ကျောင်းဆောင်၌ ပန်းအလှပင်များ ပြုပြင်စိုက်ပျိုးခြင်းနှင့်မြေယာရှုခင်းများ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

**ပခုက္ကူမြို့ အမှတ် (၁၄) ရပ်ကွက် မြဇရော လမ်း (ဇက်ဆိပ်လမ်း) ကတ္တရာခင်းခြင်းလုပ်ငန်းကို ဇူလိုင် ၃၁ ရက်က အမှုဆောင် အရာရှိ ဦး သက် ပိုင် ကွင်းဆင်း ကြီးကြပ် စစ်ဆေးစဉ်။**

(မြို့နယ်စည်ပင်)



# ရန်ကုန်မြို့သို့ ဓာတ်အားဖြန့်ဖြူးပို့လွှတ်မှုအခြေအနေများ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၅

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ယမန်နေ့နံနက်ပိုင်းက တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ 33/11/6 .6 KV မရမ်းကုန်းဓာတ်အားခွဲရုံ**(အပေါ်ပုံ)**နှင့် ရန်ကုန်မြို့ဓာတ်အားကွန်ရက်ကွပ်ကဲရေးဌာနခွဲရှိ ဓာတ်အားခွဲရုံ Switch Yard နှင့် ထရန်စဖော်မာများအခြေအနေ၊ ရန်ကုန်မြို့အား လျှပ်စစ်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိမှုအခြေအနေနှင့် မရမ်းကုန်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံး မီတာခ ငွေကောက်ခံဌာနတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**အလေးထား**

ထို့နောက် မရမ်းကုန်းဓာတ်အားခွဲရုံနှင့် ဓာတ်အားကွန်ရက်ကွပ်ကဲရေးဌာန Control Room ခန်းမ၌ တာဝန်ရှိသူတို့၏ ရှင်းလင်းတင်ပြမှုများအပေါ် ဝန်ကြီးက လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိစေရေးနှင့် ဓာတ်အားပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်စေရေးတို့အတွက် တာဝန်ရှိသူအဆင့်ဆင့်က အတွေ့အကြုံနှင့် နည်းပညာများပေါင်းစပ်ပြီး စေတနာထားအပင်ပန်းခံကာ အလေးထားဆောင်ရွက်သွားကြရေး၊ ဘဏ္ဍာငွေ လျာထားသတ်မှတ်ချက်ပြည့်မီစေရေးနှင့် လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်စေရေးအတွက် ဓာတ်အား Over Load နှင့် Line Fault များ မဖြစ်ပေါ်စေရေး၊ ဓာတ်အားခိုးယူသုံးစွဲ မသမာမှုများ ပပျောက်စေရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၁)များ ယနေ့စတင်ယှဉ်ပြိုင်မည် နာမည်ကြီး ချယ်လ်ဆီးနှင့် အင်တာမီလန်တို့ နိုင်ပွဲစတင်နိုင်ဖွယ်ရှိ

ပွဲကြိုသုံးသပ်ချက် - ထွန်းထွန်းဦး(လှိုင်)၊ စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း(မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၁၅

၂၀၀၈-၂၀၀၉ ချန်ပီယံလိဂ်အုပ်စုအဆင့် ပြိုင်ပွဲတွေဟာ အဖွင့်ပွဲစဉ်တွေမှာကတည်းက စိတ်ဝင်စားဖို့တော်တော်ကောင်းနေတယ်။ အထူးသဖြင့် ချန်ပီယံဟောင်းအသင်းများဖြစ်တဲ့ လီဗာပူး၊ မန်ယူနဲ့ ဂျူဗင်းတပ်စ်တို့ဟာ ဖွင့်ပွဲ စကစားရပြီဆိုကတည်းကပဲ ပွဲကျပ်တွေနဲ့လာတိုးနေတာကြောင့်ဖြစ်တယ်။ ပြီးတော့ အင်တာမီလန်၊ အာဆင်နယ်၊ ဘိုင်ယန်မြူးနစ်လို နာမည်ကြီးအသင်းတွေကလည်း ဖွင့်ပွဲမှာ ပြိုင်ဘက်တွေကိုအဝေးကွင်းမှာ သွားရောက်ရင်ဆိုင်ရမှာဖြစ်နေလို့ အနိုင်သုံးမှတ်ကို ထင်သလိုယူပြဖို့ လွယ်နိုင်ပါ့မလားပဲ။ *စာမျက်နှာ ၁၁ ကော်လံ ၃* ■

# လေဆင်နှာမောင်းဆိုသည်မှာ . . . .

သုတသိပ္ပံ

မြင့်မောင်စိုး ကိုးကားတင်ပြသည် / စာမျက်နှာဖွဲ့စည်းမှု - တိုးလွင်(မြန်မာ့အလင်း)

လန်ဒန် စက်တင်ဘာ ၁၅

ဟာရီကိန်းမုန်တိုင်းသည် ပင်လယ်သမုဒ္ဒရာ၌ဖြစ်ပေါ်ပြီး ကုန်းတွင်းပိုင်းသို့ ဝင်ရောက်တိုက်ခတ်သကဲ့သို့ လေဆင်နှာမောင်းမှာ ကုန်းတွင်းပိုင်းတွင် ဖြစ်ပေါ်တိုက်ခတ်သော မုန်တိုင်းအမျိုးအစားဖြစ်သည်။

**အမျိုးအစား**

တစ်နည်းအားဖြင့်ဆိုရလျှင် ကုန်းတွင်းပိုင်း၌ ဖြစ်ပေါ်သည့် လေဆင်နှာမောင်းသည် မြေပြင်ရှိ အဆောက်အအုံများကို လေထဲသို့ မြောက်တက်ကျွတ်ပါသွားအောင် တိုက်ခတ်တတ်သော အင်အားပြင်းမုန်တိုင်း အမျိုးအစားဖြစ်သည်။

လေဆင်နှာမောင်း စတင်ဖြစ်ပေါ်ခြင်းကို လေ့လာကြည့်လျှင် နေပူရှိန်ကြောင့် မြေမျက်နှာပြင်အပူချိန်သည် ရုတ်တရက်မြင့်တက်လာပြီး စိုစွတ်သော လေထုမှာ ပူနွေးလာရာမှ လေထုစတင်၍ အထက်သို့မြင့်တက်လာသည်။ ယင်းလေထုမှာ ပူနွေးလာချိန်တွင် စိုစွတ်သော လေထုနှင့် အပေါ်ရှိ အေးမြခြောက်သွေ့သည့် *စာမျက်နှာ ၈ ကော်လံ ၁* ❐

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

# အမေရိကန် လေးမင်းဘရားသားစ်ဘဏ် ဒေဝါလီခံရ ယူရိုနှင့် ယန်းငွေ ခိုင်မာပြီး ဒေါ်လာတန်ဖိုးထိုးကျသွား

နယူးယောက် စက်တင်ဘာ ၁၅

အမေရိကန်ဘဏ် လေးမင်းဘရားသားစ်အနေဖြင့် လက်လွှဲဝယ်ယူသူတစ်ဦးရှာကြံရေး အရေးပေါ်အစည်းအဝေး မအောင်မမြင်ဖြစ်ပြီးနောက် ဒေဝါလီခံလိုက်ရပြီဖြစ်သည်။ **(အောက်ပုံ)**

**ပျက်စီး**

အမေရိကန်ပြည်ထောင်စုတွင် စတုတ္ထအကြီးဆုံးဘဏ်ဖြစ်သည့် လေးမင်းဘရားသားစ်ဘဏ်မှာ သက်တမ်းအားဖြင့် ၁၅၈ နှစ်ရှိပြီးဖြစ်သည်။ သို့သော် ဤဘဏ်အပေါ် ယုံကြည်မှုမှာ ပြီးခဲ့သည့်ရက်သတ္တပတ်က တစ်စစီပြိုလဲပျက်စီးသွားသည်။

**အရှုံးပေါ်**

ပြီးခဲ့သည့်နှစ်အတွင်းတွင် ဤဘဏ်က ဒေါ်လာငွေ ဘီလီယံနှင့်ချီ၍ အရှုံးပေါ်ခဲ့သည်။ ယင်းသို့ဖြစ်ရခြင်းမှာ အဓိကအားဖြင့် ဘေးအန္တရာယ်ရှိသော ချေးငွေ အပေါင်စာချုပ်ဈေးကွက်နှင့်ဆက်စပ်နေသည့် အစုရှယ်ယာလက်မှတ်များတွင် ဘဏ်ကအကြီးအကျယ်ရင်းနှီးမြှုပ်နှံခဲ့ခြင်းကြောင့်ဖြစ်သည်။ *စာမျက်နှာ ၈ ကော်လံ ၃* ▲